ကြေးမုံ
The Mirror Daily
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

**မိမိကိုယ်သာ ကိုးကွယ်ရာ**

မိမိသာလျှင် မိမိ၏ကိုးကွယ်ရာဖြစ်၏၊ မိမိသည်သာလျှင် မိမိ၏(နောင်ဘဝအတွက်)သွားရာ (မှီခိုရာ) ဖြစ်၏။ ထို့ကြောင့် မြင်းကုန်သည်သည် အမျိုးကောင်းသောမြင်းကို ကောင်းစွာစောင့်ရှောက်သကဲ့သို့ မိမိကိုယ်ကို (အကုသိုလ်ကင်းအောင်) စောင့်ရှောက်လော့။

ဘိက္ခုဝဂ်( ဓမ္မပဒ-၃၈၀)

၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်၊ တနင်္ဂနွေနေ့။ Sunday, 31 March 2024 ၁၁၄၁၇

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**ယနေ့ ဖတ်စရာ**

**မြန်မာ့သမိုင်းစဉ်တစ်လျှောက်တွင် နိုင်ငံတော်၌ အကျပ်အတည်းများနှင့် အရေးပေါ်အခြေအနေများ ပေါ်ပေါက်လာသည့်အခါတိုင်း မြန်မာ့တပ်မတော်ခေါင်းဆောင်များက စစ်ရေးခေါင်းဆောင်တာဝန်အပြင် အုပ်ချုပ်ရေးခေါင်းဆောင်၊ စည်းရုံးရေးခေါင်းဆောင်၊ စီးပွားရေးခေါင်းဆောင်တာဝန်များဖြင့် နိုင်ငံ့ခေါင်းဆောင် တာဝန်အရပ်ရပ်ကို မလွှဲမရှောင်သာဘဲ တာဝန်သိသိ သစ္စာရှိရှိတာဝန်ယူကြရသည်မှာ မြန်မာ့သမိုင်းရေးနှင့် အမျိုးသားရေးတောင်းဆိုမှုများနှင့် လိုအပ်ချက်များ (Historical and national necessities) က သက်သေခံလျက်ရှိ**

ဆောင်းပါး စာမျက်နှာ » ၁၀

**ဟိုပုံးမြို့ရှိ ဒေသခံတိုင်းရင်းသားပြည်သူများက ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ်နှင့် ဆီဆိုင်မြို့နယ်တို့၌ တိုက်ပွဲဖော်ဆောင်နေသော အကြမ်းဖက်သောင်းကျန်းသူများအား အလိုမရှိဟု ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်**

စာမျက်နှာ » ၁၅



နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း(ပခုက္ကူ)၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်း ဖွင့်လှစ်သင်ကြားပေးစဉ်။

## အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း(ပခုက္ကူ)၌ အမျိုးသမီးငယ် ၃၃၅၅ ဦးကို သင်ကြားမွေးထုတ်ပေးနိုင်ခဲ့

ပခုက္ကူ မတ် ၃၀

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း (ပခုက္ကူ)၌ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသော အမျိုးသမီးများအတွက် အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်ပညာ သင်တန်းများအပြင် အခြားအသက်မွေးဝမ်းကျောင်းအထောက်အကူပြု သင်တန်းများကို နှစ်စဉ်ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ယနေ့အထိ အမျိုးသမီးငယ်သင်တန်းသူ ၃၃၅၅ ဦးကို သင်ကြားမွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း အဆိုပါသင်တန်းကျောင်းထံမှ သိရသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



## ပွင့်ဖြူမြို့နယ်၌ ဆီထွက်သီးနှံစုံစိုက်ဧက ၃၃၈၅၁ ဧက ရိတ်သိမ်းပြီးစီး

ပွင့်ဖြူ မတ် ၃၀

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးထားသော ဆီထွက်သီးနှံစုံစိုက်ဧက ၃၃၈၅၁ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင်

ပွင့်ဖြူမြို့နယ်အတွင်း ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နေကြာစိုက်ခင်းတစ်ခုကို တွေ့ရစဉ်။

ဒေသခံတောင်သူများ သီးနှံဝင်ငွေတိုးပွားစေရန်နှင့် ဆီစားသုံးမှု ဖူလုံစေရန်အတွက် ရည်ရွယ်၍ တစ်မြို့နယ်လုံး ဆီထွက်သီးနှံစုံ လျာထားစိုက်ပျိုးမှုအနေဖြင့် မြေပဲ ဧက ၂၉၃၀၊ နှမ်း ဧက ၆၅၀၀၊ နေကြာ ၁၂၈၀၅ ဧက၊ ပန်းနှမ်း ၁၂၁ ဧက စုစုပေါင်း ဆီထွက်သီးနှံစုံစိုက်ဧက ၂၂၃၅၆ ဧက လျာထားစိုက်ပျိုးဆောင်ရွက်ခဲ့ရာ မြေပြင်စိုက်ပျိုးနိုင်မှုမှာ မြေပဲ ၂၉၃၈ ဧက၊ နှမ်း ၁၅၇၄၂ ဧက၊ နေကြာ ဧက ၁၅၀၅၀၊ ပန်းနှမ်း ၁၂၁ ဧက စုစုပေါင်း ၃၃၈၅၁ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻

ကြေးမုံ

# စိုက်ပျိုးမွေးမြူရေးအခြေခံ နိုင်ငံ့စီးပွားမြှင့်တင်

မြန်မာနိုင်ငံသည် ရေမြေသဘာဝကောင်းမွန်သဖြင့် စိုက်ပျိုးမွေးမြူရေး ထွက်ကုန်များ ပေါများကြွယ်ဝသော နိုင်ငံဖြစ်သည်။ ရေမြေသဘာဝ၊ တွင်းထွက် သယံဇာတ ပေါများသောကြောင့် ကိုလိုနီနယ်ချဲ့တို့၏ အဓမ္မကျူးကျော်သိမ်းပိုက် ခြင်းခံခဲ့ရပြီး သယံဇာတနှင့်ထွက်ကုန်အမြောက်အမြားကို အမြတ်ထုတ်ရယူခဲ့ ကြသည်။ ထိုခေတ်ကာလအရ ပြည်ပပို့ကုန် အများဆုံးဟုပင်ဆိုနိုင်သည်။ အထူး သဖြင့် ဆန်စပါး၊ ကျွန်းသစ်နှင့်ရေနံဖြစ်သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက်ပိုင်းကာလတွင် ပြည်တွင်းထွက်ကုန်နှင့် သယံဇာတအမြောက်အမြား ပြည်ပသို့တင်ပို့ရောင်းချနိုင်ခဲ့သည်။ စစ်မဖြစ်မီကာလက မြန်မာနိုင်ငံမှပြည်ပထုတ်ကုန်အားလုံး၏ တန်ဖိုး ကိုးပုံလေးပုံမှာ ဆန်နှင့်ဆန်မှထွက်သော ပစ္စည်းများဖြစ်ပြီး ကိုးပုံနှစ်ပုံမှာ ရေနံနှင့်ရေနံမှထွက်သော ပစ္စည်းများဖြစ်သည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် ဆန်နှင့်ဆန်ထွက်ပစ္စည်းများသည် ပြည်ပပို့ကုန် အားလုံး၏ တန်ဖိုး ငါးပုံလေးပုံအထိ တိုးတက်လာသည်။ ပြည်ပသို့ တင်ပို့ရောင်းချသော ဆန်တန်ချိန်မှာ ကိုလိုနီလက်ထက်ကတန်ချိန်ကို မမီသော်လည်း ခေတ်တန်ဖိုးအရ ဝင်ငွေပိုများသည်။

လွတ်လပ်ရေးရပြီးနောက်ပိုင်း ခေတ်အဆက်ဆက်တွင် ပြည်တွင်းထုတ်ကုန် များနှင့် သယံဇာတများကို ပြည်ပသို့ တင်ပို့ရောင်းချနိုင်ခဲ့သည်။ စာရင်းဇယားများအရ တပ်မတော်အစိုးရလက်ထက် ၂၀၀၇-၂၀၀၈ ခုနှစ်နှင့် ဒီမိုကရေစီအစိုးရလက်ထက် ၂၀၁၉-၂၀၁၀ ခုနှစ်များတွင် ပြည်ပကုန်သွယ်မှု မြင့်တက်ခဲ့သည်ကို တွေ့ရသည်။ သို့သော် မြန်မာနိုင်ငံအပေါ် အနောက်နိုင်ငံများက စီးပွားရေး၊ ကုန်သွယ်ရေး၊ ဘဏ္ဍာရေးဆိုင်ရာ ကန့်သတ်ပိတ်ဆို့မှုများစွာပြုလုပ်ခဲ့သည်။ မြေအောက်သယံဇာတ ဖြစ်သည့် ရေနံနှင့်သဘာဝဓာတ်ငွေ့ကို တရုတ်နှင့်ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချနိုင် ခဲ့သော်လည်း ရရှိသည့်ငွေကြေးများကို သုံးစွဲမရအောင်ပြုလုပ်ခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက်တွင် နိုင်ငံ၏ထုတ်ကုန် ထုတ်လုပ်မှု၌ အခြေခံအကျဆုံးဖြစ်သော နိုင်ငံသားအများစုလုပ်ကိုင်သည့် စိုက်ပျိုး မွေးမြူရေးထွက်ကုန်များ ပိုမိုထွက်ရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ နိုင်ငံတော် အကြီးအကဲက စပါး၊ ပဲအမျိုးမျိုး၊ ဆီထွက်သီးနှံများနှင့် စက်မှုကုန်ကြမ်းသီးနှံများ စိုက်ပျိုးထုတ်လုပ်မှုကို ပန်းတိုင်ရည်မှန်းချက်ပြည့်မီရေး တွန်းအားပေးကြပ်မတ် ဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံတွင် မိုးစပါးစိုက်ဧက ၁၄ သန်းကျော်ရှိသည်။ မိုးစပါးအထွက်နှုန်း ပန်းတိုင်ရည်မှန်းချက်မှာ တင်း ၁၀၀ ဖြစ်သည်။ သို့သော် ၂၀၂၃-၂၀၂၄ ခုနှစ် အထွက်နှုန်းမှာ ပျမ်းမျှ ၇၈ တင်းကျော်ဖြစ်၍ ရည်မှန်းချက်ထက် ၂၂ တင်းကျော် လျော့နည်းနေသည်။

ပန်းတိုင်အထွက်နှုန်း မပြည့်မီသောကြောင့် စပါးအထွက်တင်းသန်း ၃၀၀ လျော့နည်းနေပြီး တန်ဖိုးသင့်အရ ငွေကျပ် ဘီလီယံ ၇၀၀၀ ခန့် လျော့နည်းခဲ့သည်။ ထို့ကြောင့် စပါးသီးနှံအပါအဝင် အခြားအဓိကစိုက်ပျိုးကုန်များဖြစ်သည့် ပြောင်း၊ ပဲမျိုးစုံနှင့် အခြားသီးနှံများကိုလည်း ပန်းတိုင်အထွက်နှုန်းပြည့်မီအောင် ကြိုးပမ်း ဆောင်ရွက်ကြပြီး ထပ်မံ၍ သီးထပ်စွမ်းအားများ မြင့်မားအောင် စိုက်ပျိုးထုတ်လုပ်ကြ ပါက စိုက်ပျိုးသူတောင်သူများ လူမှုစီးပွားဘဝ မြင့်မားတိုးတက်ပြီး နိုင်ငံ့စီးပွားရေး လည်း များစွာမြင့်မားတိုးတက်လာမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် စိုက်ပျိုးနိုင်သည့် မြေများစွာရှိသည့်အပြင် သီးထပ်စိုက်ပျိုးနိုင်သည့် မြေနှင့်ရာသီဥတုလည်း ပိုင်ဆိုင် ထားသည်။

အဆိုပါအချက်နှစ်ချက်ကို ဆောင်ရွက်နိုင်မည်ဆိုပါက ကမ္ဘာ့စားရေရိက္ခာ လုံခြုံအာမခံချက်ရှိရေး (Food Security) ကဏ္ဍတွင် ထိုက်ထိုက်တန်တန် နေရာရရှိ မည့် စိုက်ပျိုးထုတ်လုပ်ရေးစွမ်းအားရှိသော နိုင်ငံအဖြစ် ရပ်တည်နိုင်မည်ဖြစ်၍ အားသွန်ခွန်စိုက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။ မြန်မာနိုင်ငံရှိ လူဦးရေအများစုသည် ကျေးလက်ဒေသများတွင် နေထိုင်ကြပြီး လယ်ယာ၊ သားငါးနှင့်သစ်တောကဏ္ဍများတွင် လုပ်ကိုင်နေကြသူများမှာ လူဦးရေ၏ ၄၁ ရာခိုင်နှုန်းခန့်ရှိသည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းသည် သေချာသည့် ကုန်ထုတ် လုပ်ငန်းဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် MSME လုပ်ငန်းများသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးရေးအတွက် တွန်းအားတစ်ရပ်ဖြစ်သည်။ ထို့ကြောင့် စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများကို တွန်းအားပေးခြင်း၊ MSME လုပ်ငန်းများကို မြှင့်တင်ပေး ခြင်းဖြင့် နိုင်ငံ့စီးပွားမြင့်မားတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံတွင်ရှိပြီးဖြစ်သည့် ရေခံမြေခံကောင်းများနှင့် လူသား အရင်းအမြစ်များကို ထိရောက်စွာအသုံးချပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တိုးတက်အောင်ဆောင်ရွက်ကာ အရည်အသွေးမြင့်မားသော ထုတ်ကုန်များကို တိုးတက်ထုတ်လုပ်၍ ပြည်ပသို့ တင်ပို့နိုင်မည်ဆိုပါက ပြည်သူများ လူမှုစီးပွား ဘဝများ မြင့်မားပြီး နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း။ ။

## အစိုးရဓမ္မာစရိယစာမေးပွဲ တတိယနေ့ ကျင်းပ

**နေပြည်တော် မတ် ၃၀**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ် ကျင်းပသော ၂၀၂၄ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲကို ယနေ့(တတိယနေ့)တွင် နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၆၇ ဌာနတို့တွင် စာဖြေစာရင်းသွင်း ၁၃၆၈၆ ပါး/ဦးအနက် ၁၁၀၆၀ ပါး/ဦး ဖြေဆိုကြသဖြင့် ၈၀ ဒသမ ၈၁ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

## အဝေးသင်သင်တန်းများ ကျောင်းအပ်နှံနိုင်ကြောင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
**အဆင့်မြင့်ပညာဦးစီးဌာန**
ကြေညာချက်

**အဝေးသင်သင်တန်းများ ကျောင်းအပ်နှံနိုင်ကြောင်း ကြေညာခြင်း**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီ ကောလိပ်များ၏ ၂၀၂၄ ပညာသင်နှစ်၊ ပထမနှစ် အဝေးသင်သင်တန်း ကျောင်းဝင် မှတ်ပုံတင်ခြင်းကို ၂၆-၁၂-၂၀၂၃ ရက်နေ့မှ စတင်လက်ခံခဲ့ရာ ၃၀-၄-၂၀၂၄ ရက်နေ့ (နောက်ဆုံး) နောက်ဆုံးထား၍လည်းကောင်း၊ ဒုတိယနှစ်နှင့်အထက် ကျောင်းဝင် မှတ်ပုံတင်ခြင်းကို ၅-၂-၂၀၂၄ ရက်နေ့မှ စတင်လက်ခံခဲ့ရာ ၁၇-၅-၂၀၂၄ ရက်နေ့ (နောက်ဆုံး) နောက်ဆုံးထား၍လည်းကောင်း သက်ဆိုင်ရာတက္ကသိုလ်နှင့် ဒီဂရီ ကောလိပ်များတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန**

## စတုတ္ထအကြိမ်လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲမှ လမ်းညွှန်မှာကြားချက်များ ထပ်ဆင့်ဆွေးနွေး

**ဘားအံ မတ် ၃၀**

ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စု ရှေ့နေချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် ဥပဒေချုပ်များ၊ တိုင်းဒေသကြီး /ပြည်နယ် ဥပဒေအရာရှိများ၊ ခရိုင်ဥပဒေအရာရှိများ ၏ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲ လမ်းညွှန်မှာကြားချက်များ ထပ်ဆင့်ရှင်းလင်းသည့် အခမ်းအနားကို မတ် ၂၈ ရက် နံနက် ၁၀ နာရီက ဘားအံမြို့ ပြည်နယ်ဥပဒေချုပ်ရုံး အစည်းအဝေး ခန်းမ၌ ကျင်းပသည်။



**ထပ်ဆင့်ရှင်းလင်း**

လမ်းညွှန်မှာကြားချက်များ ထပ်ဆင့် ရှင်းလင်းသည့်အခမ်းအနားတွင် ကရင် ပြည်နယ် ဥပဒေချုပ် ဦးရဲလွင်က ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စု ရှေ့နေချုပ်၏ လမ်းညွှန်မှာကြားချက်များ၊ ဒုတိယရှေ့နေချုပ်၏ လမ်းညွှန်မှာကြား ချက်များကို ထပ်ဆင့်ရှင်းလင်းပြောကြား ပြီး ပြည်နယ်ဥပဒေအရာရှိ ဦးတင်မြင့်ဦး က ညွှန်ကြားရေးမှူးချုပ်များ၏ လမ်းညွှန် မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်း ဆွေးနွေးမှာကြားသည်။

အဆိုပါထပ်ဆင့်ရှင်းလင်းပွဲသို့ ကရင် ပြည်နယ်အတွင်းရှိ ခရိုင်၊ မြို့နယ် ဥပဒေ အရာရှိ ၂၉ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ညောင်တုန်းမြို့နယ်၌ စားသုံးသူရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ

**ညောင်တုန်း မတ် ၃၀**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၌ စားသုံးသူရေးရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့မွန်းလွဲပိုင်းက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း လှိုင်ပညာခန်းမ၌ ကျင်းပသည်။

**ဟောပြော**

ဟောပြောပွဲတွင် မြို့နယ်စားသုံးသူရေးရာဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်လွင်က စားသုံးသူရေးရာ အသိပညာပေး အကြောင်းအရာများဖြစ်သည့် စားသုံးသူအခွင့်အရေးနှင့် တာဝန်၊ စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်၊ စီးပွားရေးလုပ်ငန်းရှင်များမှ ကုန်စည်နှင့်စပ်လျဉ်း၍ အာမခံချက်ပေးခြင်းနှင့် အာမခံ ပေးထားမှုအပေါ် စားသုံးသူကတောင်းဆိုနိုင်သည့် အခွင့်အရေး များ၊ ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ အာမခံပေးခြင်းနှင့် အာမခံချက် နှင့်စပ်လျဉ်း၍ စားသုံးသူကတောင်းဆိုနိုင်သည့် အခွင့်အရေးများ၊ ကုန်စည်နှင့် ဝန်ဆောင်မှုများ ဝယ်ယူသုံးစွဲရာတွင် နစ်နာဆုံးရှုံး မှုများရှိပါက ဆက်သွယ်ဆောင်ရွက်နိုင်သည့် လိပ်စာနှင့် ဖုန်းနံပါတ် များ စသည့် စားသုံးသူကာကွယ်ရေးအသိပညာပေး အကြောင်း အရာများကို ဟောပြော၍ စားသုံးသူကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် မတ် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် စစ်ကိုင်း တိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**မိုး/ဇလ**

ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| **စာတည်းမှူးချုပ်** | - | ဦးစိုးစိုးနိုင် | **အကြီးတန်း** | - | ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ |
| **စာတည်းမှူး** | - | ဦးဝင်းနိုင် | **သတင်းထောက်များ** | | ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ |
| **စာတည်းများ** | - | ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ | | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| | | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ | **အငယ်တန်း** | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| | | ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **သတင်းထောက်များ** | | ဦးသန်းတင်အောင် |
| | | | **သုတေသန** | - | ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန်** | - | ဦးနိုင်လင်းကြည်၊ | **စာပြင်** | - | ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| **စာတည်းများ** | | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | ဦးကျော်သူရနှင့်အဖွဲ့ |
| | | | **အီးမေးလ်နှင့် အွန်လိုင်း** | - | ဦးစိုးချစ်ဦးနှင့်အဖွဲ့ |


ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းအိမ်ရာများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၃၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဒုတိယဝန်ကြီး ဦးရဲတင့်တို့သည် အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဇမ္ဗူသီရိမြို့နယ် ပညာသိဒ္ဓိရပ်ကွက်၊ မင်္ဂလာသိဒ္ဓိရပ်ကွက်၊ ဘောဂသိဒ္ဓိရပ်ကွက်၊ ဓနသိဒ္ဓိရပ်ကွက်နှင့် ဝဏ္ဏသိဒ္ဓိရပ်ကွက်တို့ရှိ ဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ နေထိုင်သည့် အိမ်ရာများ၊ လူပျိုနှင့် အပျိုဆောင်များသို့ သွားရောက်၍ အိမ်ရာ၊ အဆောင်စည်းကမ်းချက်များနှင့်အညီ နေထိုင်ရေး၊ အဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရေး၊ ရေ၊ မီးနှင့် ရေဆိုးနုတ်မြောင်းစနစ်များ ကောင်းမွန်ရေး၊ သန့်ရှင်းသာယာရေး၊ လုံခြုံရေးအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းမိသားစုများ၏ တင်ပြချက်များအပေါ် ဖြေရှင်းဆောင်ရွက်ပေးကာ မိသားစုဝင်များအား ထောက်ပံ့ငွေများ ပေးအပ်သည်။



ထိုသို့ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဝန်ထမ်းများ နေထိုင်မှုအဆင်ပြေအောင် နိုင်ငံတော်က ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်၍ နေထိုင်ခွင့်ပြုထားသကဲ့သို့ ဝန်ထမ်းများအနေဖြင့်လည်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ နေထိုင်ကြရန်၊ ဝန်ထမ်းအိမ်ရာများတွင် နေထိုင်သော ဝန်ထမ်းများအနေဖြင့် အိမ်ရာနှင့် အဆောင်လုံခြုံရေးအတွက် အသိသတိဖြင့် ဧည့်သည်များ၊ မသက်ဆိုင်သူများ လက်ခံထားရှိခြင်းမပြုရန်နှင့် မိသားစုဝင်များ၊ ဆွေမျိုးသားချင်းများ လာရောက်တည်းခိုနေထိုင်ပါက ခွင့်ပြုချက်ရရှိမှသာ တည်းခိုနေထိုင်စေရန်နှင့် ဧည့်စာရင်းတိုင်ကြားရန်၊ အမှိုက်များစွန့်ပစ်ရာတွင် စနစ်တကျစွန့်ပစ်ရန်၊ ဝန်ထမ်းအိမ်ရာနှင့် အဆောင်ပတ်ဝန်းကျင်ရှိ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ရန်၊ လျှပ်စစ်မီးများကို ဂရုစိုက်သုံးစွဲရန်နှင့် မီးဘေးအန္တရာယ်ကင်းရှင်းရေး စနစ်တကျ စီမံဆောင်ရွက်ရန်၊ စည်းကမ်းချက်များနှင့်အညီ လိုက်နာနေထိုင်ရန်နှင့် လုံခြုံရေးအထူးသတိပြုရန် မှာကြားသည်။

ထို့အတူ ဒုတိယဝန်ကြီး ဦးရဲတင့်က လိုင်းခန်းအတွင်း၊ အပြင်နှင့် အိမ်ရာပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး ဝိုင်းဝန်းလုပ်ဆောင်ကြရန်၊ မီးဘေးအန္တရာယ်နှင့် လျှပ်စစ်မီးသုံးစွဲမှု၊ ရေသုံးစွဲမှုတို့ကို ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ကြရန်၊ တိုက်တာဝန်ခံ၊ ဒုတိယ တိုက်တာဝန်ခံများအနေဖြင့် ဧည့်စာရင်းအပါအဝင် သန့်ရှင်းရေးနှင့် စည်းကမ်းတကျ နေထိုင်ရေးအတွက် စစ်ဆေးကြပ်မတ်ကြရန်၊ အခက်အခဲများရှိပါက အိမ်ရာကြီးကြပ်သူများမှတစ်ဆင့် တင်ပြဆောင်ရွက်ကြရန်နှင့် စည်းလုံးညီညွတ်စွာနေထိုင်ကြရန် မှာကြားခဲ့သည်။

**သတင်းစဉ်**

# သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် Novosibirsk State Technical University နှင့် Nuclear Energy Information Center တို့သို့ သွားရောက်လေ့လာ

**နေပြည်တော် မတ် ၃၀**

ရုရှားဖက်ဒရေးရှင်း နိုင်ငံ Novosibirsk မြို့၌ ရောက်ရှိနေသည့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် Rosatom မှ တာဝန်ရှိသူများနှင့်အတူ မတ် ၂၉ ရက် နံနက်ပိုင်းတွင် Novosibirsk State Technical University နှင့် Nuclear Energy Information Center တို့သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

**ရှင်းလင်းပြသ**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် Novosibirsk State Technical University သို့ရောက်ရှိကြရာ တက္ကသိုလ်ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက တက္ကသိုလ်ဆိုင်ရာ အချက်အလက်များ၊ လေ့ကျင့်သင်ကြားပေးလျက်ရှိသည့် ဘာသာရပ်များ၊ ပြည်ပမှ သင်တန်းသားများအား လက်ခံသင်ကြားနေမှု၊ စာပေသင်ကြားပို့ချပေးနေမှုနှင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို Video Clip ဖြင့် ရှင်းလင်းပြသကြပြီး သိပ္ပံနှင့်နည်းပညာဆိုင်ရာ ကိစ္စရပ်များ၊ သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်သွားရေးနှင့် ပညာတော်သင်များ စေလွှတ်နိုင်ရေး ကိစ္စရပ်များကို အပြန်အလှန် ဆွေးနွေးကြသည်။



ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် တက္ကသိုလ်စာသင်ဆောင်များ၊ သုတေသနပြခန်းများ၊ သိပ္ပံနှင့်နည်းပညာ ဘာသာရပ် အပါအဝင် ဘာသာရပ်ဆိုင်ရာ သုတေသနပြု တွေ့ရှိချက်များနှင့် သင်ကြားမှု၊ သင်ယူမှု အထောက်အကူပစ္စည်းများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် Nuclear Energy Information Center သို့ ရောက်ရှိကြပြီး နည်းပညာဆိုင်ရာ တီထွင်ဖန်တီးမှုများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

**မေးမြန်းဆွေးနွေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား Nuclear Energy Information Center မှ တာဝန်ရှိသူများက စွမ်းအင်နှင့်ပတ်သက်သည့် သတင်းအချက်အလက်များ ဖြန့်ဝေမှု၊ ပြည်သူလူထုအတွင်း အသိပညာပြန့်ပွားရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ တက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်မှု၊ သိပ္ပံနှင့်နည်းပညာ ကဏ္ဍမြှင့်တင်ရေးလုပ်ငန်းများနှင့် မြန်မာနိုင်ငံတွင် ဖွင့်လှစ်ထားသည့် နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာ၏ လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

✻ **ပွင့်ဖြူမြို့နယ်မှ**

"ပွင့်ဖြူမြို့နယ်မှာ ယခုနှစ် ဆောင်းရာသီက စိုက်ပျိုးခဲ့တဲ့ ဆီထွက်သီးနှံစုံစိုက်ခင်းတွေကို ဒေသခံတောင်သူတွေက ဖေဖော်ဝါရီလမှ စတင်ရိတ်သိမ်းဆောင်ရွက်ခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် ရိတ်သိမ်းဆောင်ရွက်ပြီးစီးသွားပြီဖြစ်ပါတယ်။ သီးနှံအထွက်နှုန်းအနေနဲ့က မြေပဲ တစ်ဧကလျှင် ၅၄ ဒသမ ၀၅ တင်း၊ နှမ်းတစ်ဧကလျှင် ၈ ဒသမ ၂၅ တင်း၊ နေကြာတစ်ဧကလျှင် ၂၅ ဒသမ ၅၀ တင်း ၊ ပန်းနှမ်းတစ်ဧကလျှင် ၁၀ ဒသမ ၇၀ တင်း ထွက်ရှိပါတယ်။ ယခုနှစ်က သီးနှံအထွက်နှုန်းတွေ တိုးတက်ကောင်းမွန်ခဲ့သလို ရောင်းချရာမှာလည်း ဈေးကောင်းရရှိတာကြောင့် ဒေသခံတောင်သူတွေ သီးနှံဝင်ငွေအကျိုးအမြတ်ရရှိပြီး လုပ်ငန်းအဆင်ပြေကြပါတယ်။ ဒေသခံတောင်သူတွေကိုလည်း တစ်နှစ်ထက်တစ်နှစ် ဆီထွက်သီးနှံစုံ စိုက်ဧက တိုးချဲ့စိုက်ပျိုးဖို့နဲ့ အထွက်နှုန်းတွေ ကောင်းမွန်စေဖို့အတွက် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်း (GAP)နည်းစနစ်နဲ့ စိုက်ပျိုးနိုင်ဖို့ လိုအပ်တဲ့ စိုက်ပျိုးရေးနည်းပညာတွေကို ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီအတွက် ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ၊ ပန်းနှမ်း သီးနှံစိုက်ပျိုးရေးနှင့် ပတ်သက်ပြီး သတ်မှတ်လျာထားဧက ပြည့်မီစွာ စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ သီးနှံပိုးမွှားရောဂါအန္တရာယ်ကင်းဝေးစေရန် ကြိုတင်ကာကွယ်ရေးနည်းလမ်းများနှင့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP)နည်းစနစ်နှင့် စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် သက်ဆိုင်ရာ ဆက်စပ်ဌာနများက လိုအပ်သည့် စိုက်ပျိုးရေးနည်းပညာများကို ပူးပေါင်းကူညီ ဆောင်ရွက်ပေးခဲ့ခြင်းကြောင့် သီးနှံအထွက်နှုန်းများ ကောင်းမွန်ခဲ့ပြီး ဈေးကောင်းရရှိမှုကြောင့် ဒေသခံတောင်သူများ သီးနှံဝင်ငွေ အကျိုးအမြတ် ရရှိခဲ့ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# တိုက်ကြီးခရိုင် ကင်းထောက်လူငယ် သင်တန်းဆင်းပွဲ ကျင်းပ

**တိုက်ကြီး မတ် ၃၀**

တိုက်ကြီးခရိုင် တိုက်ကြီးမြို့နယ်တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီက ကြီးမှူးကျင်းပသည့် ကင်းထောင်လူငယ်သင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၃ နာရီက တိုက်ကြီး အခြေခံပညာအထက်တန်းကျောင်း(မြို့မ) ပညာရတနာခန်းမ၌ ကျင်းပသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်**

ဦးစွာ မြို့နယ်ပညာရေးမှူး ဦးဌေးဌေးက သင်တန်းဆင်းအမှာစကား ပြောကြားသည်။ ဆက်လက်၍ မြို့နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှူး ဦးဇော်ထွန်းနှင့် တာဝန်ရှိသူများက ကင်းထောက်လူငယ်သင်တန်းသားသင်းတန်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

အဆိုပါအခမ်းအနားသို့ ခရိုင်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မိုးသော်တာ၊ မြို့နယ်ပညာရေးမှူး၊ မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှူးနှင့် ကင်းထောက်လူငယ်မောင်မယ်များ တက်ရောက်ကြပြီး သင်တန်းကို မတ် ၂၅ ရက်မှ ၂၉ ရက်အထိ အိမ်တွင်းမှုပညာ ကြိုးချည်နည်း၊ ကြက်ခြေနီအရေးပေါ်ကယ်ဆယ်နည်း စသည့် ဘာသာရပ်များကို သင်တန်းသား ၄၀ အား စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

☆ **ရွှေဖုံးမှ**

အဆိုပါ သင်တန်းကျောင်းကို ၂၀၀၅ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်မှ စတင်ဖွင့်လှစ်ခဲ့ပြီး ယနေ့အထိ အခြေခံအိမ်တွင်းမှုသင်တန်း တက်ရောက်ပြီးသူ ၁၉၅၄ ဦး၊ အဆင့်မြင့်စက်ချုပ်သင်တန်း တက်ရောက်ပြီးသူ ၇၆၀၊ ကြိမ်/ဝါးသင်တန်း တက်ရောက်ပြီးသူ တစ်ဦး၊ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်း တက်ရောက်ပြီးသူ ၃၇၅ ဦး၊ အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်း တက်ရောက်ပြီးသူ ၂၆၅ ဦး စုစုပေါင်း သင်တန်းသူ ၃၃၅၅ ဦးကို သင်ကြားမွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မိုးမြင့်က ပြောသည်။

သင်တန်းပြီးဆုံးပါက တစ်နိုင်တစ်ပိုင်လုပ်ကိုင်နိုင်ရန် အပ်ချုပ်စက်များ အရစ်ကျရောင်းချပေးခြင်း၊ သင်တန်းထူးချွန်ဆုရရှိသူများအား အပ်ချုပ်လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ကိုင်နိုင်ရန် အပ်ချုပ်စက်တစ်လုံးစီ ဆုချီးမြှင့်ပေးအပ်ခြင်းများ ဆောင်ရွက်လျက်ရှိပြီး သင်တန်းဆင်းပြီးသူများမှ အထည်ချုပ်လုပ်သားအဖြစ် ဝင်ရောက်လုပ်ကိုင်လိုသည့် သင်တန်းသူများကိုလည်း ရန်ကုန်မြို့ ဗဟိုလေ့ကျင့်ရေးကျောင်း၌ ခေတ်မီမော်တာအထည်ချုပ်စက်များဖြင့် သင်တန်းဖွင့်လှစ်သင်ကြားလေ့ကျင့်ပေးရာ အလုပ်သမားညွှန်ကြားမှုဦးစီးဌာနက အလုပ်သမားအသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးကာ အချိန်တိုအတွင်း အထည်ချုပ်စက်ရုံများတွင် အလုပ်ခန့်အပ်ပေးလျက်ရှိကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

# ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်းဥပဒေ ထုတ်ပြန်

**ယမန်နေ့မှအဆက်**

၉။ အမျိုးသားစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်မှ ချမှတ်ထားသည့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၁၀။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် လက်ငင်း၊ ရေတိုနှင့် ရေရှည်အကျိုးဖြစ်ထွန်းစေပြီး ထာဝရရှင်သန်စေမည့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဖြစ်သော လူသားအရင်းအမြစ်များ ဖွံ့ဖြိုးရေးစီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှုကိုလည်း အလေးထားဆောင်ရွက်ရမည်။ ထို့ပြင် မြေပြင်အခြေအနေအရ အရေးပေါ်ဆောင်ရွက်ရန်လိုအပ်သည့်ကိစ္စရပ်များနှင့် မူလအခြေအနေအတိုင်း ဆောင်ရွက်ရန်အခက်အခဲရှိသည့်ကိစ္စရပ်များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်နိုင်သည်။

၁၁။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများတင်ပြဆောင်ရွက်ရာတွင် သတ်မှတ်ထားသော အင်္ဂါရပ်များနှင့် ဆန်းစစ်ချက်များ ပြည့်စုံမှသာလျှင် ဆောင်ရွက်ရမည်။

၁၂။ အမျိုးသားစီမံကိန်းတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေး သို့မဟုတ် ပြည်တွင်းငြိမ်းချမ်းရေးကို ဖော်ဆောင်သောစီမံကိန်းများ၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို အထောက်အကူပြုသော စီမံကိန်းများနှင့် နိုင်ငံတော် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော်ဆောင်ရွက်မည့် မဟာဗျူဟာမြောက် စီမံကိန်းများ ပါဝင်ရမည်။

၁၃။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် အမျိုးသားစီမံကိန်းတွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအနက် ပုဂ္ဂလိက လုပ်ပိုင်ခွင့်အဖြစ် လွှဲပြောင်းပေးသင့်သော စီးပွားရေးလုပ်ငန်းများကို နှစ်အလိုက် လွှဲပြောင်းပေးမည့် စီမံကိန်းများအဖြစ် ထည့်သွင်းရေးဆွဲရမည်။

၁၄။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများသည် ဖြစ်မြောက်နိုင်စွမ်း ရှိ မရှိ၊ စီးပွားရေးအရ တွက်ခြေကိုက်မှု ရှိ မရှိ၊ ပြည်သူများအတွက် အကျိုး ရှိ မရှိ၊ ဒေသဖွံ့ဖြိုးရေးကို အထောက်အကူ ပြု မပြု၊ ပတ်ဝန်းကျင်ကို ထိခိုက်မှု ရှိ မရှိ စသည်တို့ကို ဘက်စုံလေ့လာဆန်းစစ်ပြီးဖြစ်ရမည့်အပြင် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ရရှိပြီးသော လုပ်ငန်းစီမံကိန်းများလည်းဖြစ်ရမည်။ နိုင်ငံတော်၏ အကျိုးစီးပွားအတွက် အရေးကြီးလိုအပ်ချက်အရ ဆောင်ရွက်ရသည့် အထူးစီမံကိန်းများနှင့် စီမံကိန်းဘဏ်အတွင်း ထည့်သွင်းစိစစ် အတည်ပြုထားသည့် ဗျူဟာမြောက် စီမံကိန်းများကို နှစ်စဉ်အမျိုးသားစီမံကိန်းတွင် ထည့်သွင်းဖော်ပြရမည်။

၁၅။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် မိမိတို့ဆောင်ရွက်သည့် လုပ်ငန်းစီမံကိန်းနှင့် လုပ်ငန်းများအတွက်လျာထားခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ စိစစ်သုံးသပ်ခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ မြို့နယ်အဆင့်မှစတင်ပြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အပါအဝင် တာဝန်ရှိ ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများနှင့် အပြည့်အဝပူးပေါင်းဆောင်ရွက်ရမည်။ ပူးပေါင်းဆောင်ရွက်ရန် ပျက်ကွက်သည့် ပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းများကို တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်ရမည်။

၁၆။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ဤဥပဒေအရ ထုတ်ပြန်သည့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်း ရင်းနှီးမြှုပ်နှံမှုလျာထားချက်တွင်ပါရှိသည့် နိုင်ငံပိုင်အခန်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်တွင်ပါရှိသော ဆောင်ရွက်မည့်လုပ်ငန်း စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

**(ပုံ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

ပူးတွဲ-၁

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်း
ကဏ္ဍကြီးများအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
(၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ပုံမှန်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး/ကဏ္ဍ | ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် (နှစ်ကုန်ခန့်မှန်းခြေ) တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ( အမျိုးသားစီမံကိန်း) တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
|---|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | | **လယ်ယာကဏ္ဍကြီး** | **၂၂,၁၇၁,၅၃၄.၇** | **၂၃.၆** | **၃.၄** | **၂၂,၅၉၇,၂၂၆.၄** | **၂၃.၁** | **၁.၉** |
| | ၁ | လယ်ယာ | ၁၄,၂၂၉,၇၁၈.၈ | ၁၅.၁ | ၄.၆ | ၁၄,၅၉၀,၈၈၈.၀ | ၁၄.၉ | ၂.၅ |
| | ၂ | သားငါး | ၇,၉၀၅,၆၈၃.၀ | ၈.၄ | ၁.၃ | ၇,၉၆၆,၆၃၂.၅ | ၈.၁ | ၀.၈ |
| | ၃ | သစ်တော | ၃၆,၁၃၂.၉ | ၀.၁ | -၆.၈ | ၃၉,၇၀၅.၉ | ၀.၁ | ၉.၉ |
| ၂ | | **စက်မှုကဏ္ဍကြီး** | **၃၁,၄၇၃,၈၉၆.၁** | **၃၃.၄** | **၂.၂** | **၃၂,၅၈၆,၈၇၀.၀** | **၃၃.၄** | **၃.၅** |
| | ၁ | စွမ်းအင် | ၂,၃၅၈,၆၀၁.၀ | ၂.၅ | -၁၂.၂ | ၂,၂၀၅,၁၇၉.၇ | ၂.၂ | -၆.၅ |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၅၈၄,၅၂၆.၂ | ၀.၆ | ၄.၃ | ၆၄၂,၀၂၇.၇ | ၀.၇ | ၉.၈ |
| | ၃ | စက်မှုလက်မှု | ၂၁,၈၃၈,၉၇၈.၆ | ၂၃.၂ | ၃.၉ | ၂၂,၇၅၅,၉၉၉.၄ | ၂၃.၃ | ၄.၂ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၁,၂၈၆,၂၈၁.၇ | ၁.၄ | ၀.၄ | ၁,၃၆၇,၄၇၀.၄ | ၁.၄ | ၆.၃ |
| | ၅ | ဆောက်လုပ်မှု | ၅,၄၀၅,၅၀၈.၆ | ၅.၇ | ၃.၀ | ၅,၆၁၆,၁၉၂.၈ | ၅.၈ | ၃.၉ |
| ၃ | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၄၀,၄၂၅,၂၇၂.၁** | **၄၃.၀** | **၄.၆** | **၄၂,၄၄၈,၃၅၂.၀** | **၄၃.၅** | **၅.၀** |
| | ၁ | ပို့ဆောင်ရေး | ၁၁,၀၉၃,၆၄၃.၂ | ၁၁.၈ | ၅.၈ | ၁၁,၈၂၅,၃၉၇.၄ | ၁၂.၁ | ၆.၆ |
| | ၂ | ဆက်သွယ်ရေး | ၃,၀၉၃,၀၉၄.၆ | ၃.၃ | ၇.၀ | ၃,၃၁၉,၅၁၃.၉ | ၃.၄ | ၇.၃ |
| | ၃ | ငွေရေးကြေးရေး | ၄၇၁,၃၃၉.၃ | ၀.၅ | ၀.၆ | ၄၈၄,၁၇၈.၀ | ၀.၅ | ၂.၇ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၃,၅၄၄,၇၈၂.၁ | ၃.၈ | ၃.၇ | ၃,၆၈၄,၃၂၄.၁ | ၃.၈ | ၃.၉ |
| | ၅ | အခြားဝန်ဆောင်မှု | ၃,၀၂၄,၃၀၄.၁ | ၃.၂ | ၅.၆ | ၃,၂၁၆,၂၂၃.၃ | ၃.၃ | ၆.၃ |
| | ၆ | ကုန်သွယ်မှု | ၁၉,၁၉၈,၁၀၈.၈ | ၂၀.၄ | ၃.၇ | ၁၉,၉၁၈,၇၁၅.၃ | ၂၀.၄ | ၃.၈ |
| ၄ | | **စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)** | **၉၄,၀၇၀,၇၀၂.၉** | **၁၀၀.၀** | **၃.၅** | **၉၇,၆၃၂,၄၄၈.၄** | **၁၀၀.၀** | **၃.၈** |

ပူးတွဲ-၂

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်း
ကဏ္ဍအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
( ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ ပုံမှန်ဈေးနှုန်းအရ )

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် (နှစ်ကုန်ခန့်မှန်းခြေ) တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ( အမျိုးသားစီမံကိန်း) တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
|---|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | | **ထုတ်လုပ်မှုတန်ဖိုး** | **၅၃,၆၄၅,၄၃၀.၈** | **၅၇.၀** | **၂.၇** | **၅၅,၁၈၄,၀၉၆.၄** | **၅၆.၅** | **၂.၉** |
| | ၁ | လယ်ယာ | ၁၄,၂၂၉,၇၁၈.၈ | ၁၅.၁ | ၄.၆ | ၁၄,၅၉၀,၈၈၈.၀ | ၁၄.၉ | ၂.၅ |
| | ၂ | သားငါး | ၇,၉၀၅,၆၈၃.၀ | ၈.၄ | ၁.၃ | ၇,၉၆၆,၆၃၂.၅ | ၈.၁ | ၀.၈ |
| | ၃ | သစ်တော | ၃၆,၁၃၂.၉ | ၀.၁ | -၆.၈ | ၃၉,၇၀၅.၉ | ၀.၁ | ၉.၉ |
| | ၄ | စွမ်းအင် | ၂,၃၅၈,၆၀၁.၀ | ၂.၅ | -၁၂.၂ | ၂,၂၀၅,၁၇၉.၇ | ၂.၂ | -၆.၅ |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၅၈၄,၅၂၆.၂ | ၀.၆ | ၄.၃ | ၆၄၂,၀၂၇.၇ | ၀.၇ | ၉.၈ |
| | ၆ | စက်မှုလက်မှု | ၂၁,၈၃၈,၉၇၈.၆ | ၂၃.၂ | ၃.၉ | ၂၂,၇၅၅,၉၉၉.၄ | ၂၃.၃ | ၄.၂ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၁,၂၈၆,၂၈၁.၇ | ၁.၄ | ၀.၄ | ၁,၃၆၇,၄၇၀.၄ | ၁.၄ | ၆.၃ |
| | ၈ | ဆောက်လုပ်မှု | ၅,၄၀၅,၅၀၈.၆ | ၅.၇ | ၃.၀ | ၅,၆၁၆,၁၉၂.၈ | ၅.၈ | ၃.၉ |
| ၂ | | **ဝန်ဆောင်မှုတန်ဖိုး** | **၂၁,၂၂၇,၁၆၃.၃** | **၂၂.၆** | **၅.၅** | **၂၂,၅၂၉,၆၃၆.၇** | **၂၃.၁** | **၆.၁** |
| | ၁ | ပို့ဆောင်ရေး | ၁၁,၀၉၃,၆၄၃.၂ | ၁၁.၈ | ၅.၈ | ၁၁,၈၂၅,၃၉၇.၄ | ၁၂.၁ | ၆.၆ |
| | ၂ | ဆက်သွယ်ရေး | ၃,၀၉၃,၀၉၄.၆ | ၃.၃ | ၇.၀ | ၃,၃၁၉,၅၁၃.၉ | ၃.၄ | ၇.၃ |
| | ၃ | ငွေရေးကြေးရေး | ၄၇၁,၃၃၉.၃ | ၀.၅ | ၀.၆ | ၄၈၄,၁၇၈.၀ | ၀.၅ | ၂.၇ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၃,၅၄၄,၇၈၂.၁ | ၃.၈ | ၃.၇ | ၃,၆၈၄,၃၂၄.၁ | ၃.၈ | ၃.၉ |
| | ၅ | အခြားဝန်ဆောင်မှု | ၃,၀၂၄,၃၀၄.၁ | ၃.၂ | ၅.၆ | ၃,၂၁၆,၂၂၃.၃ | ၃.၃ | ၆.၃ |
| ၃ | | **ကုန်သွယ်မှုတန်ဖိုး** | **၁၉,၁၉၈,၁၀၈.၈** | **၂၀.၄** | **၃.၇** | **၁၉,၉၁၈,၇၁၅.၃** | **၂၀.၄** | **၃.၈** |
| ၄ | | **စုစုပေါင်းပြည်တွင်းထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)** | **၉၄,၀၇၀,၇၀၂.၉** | **၁၀၀.၀** | **၃.၅** | **၉၇,၆၃၂,၄၄၈.၄** | **၁၀၀.၀** | **၃.၈** |

**စာမျက်နှာ ၅ သို့**

## သုံးခွမြို့နယ်၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး

**သုံးခွ မတ် ၃၀**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေများဖြင့် သုံးခွမြို့နယ် အိဿယျကျေးရွာနှင့် အရှေ့တံခွန်တိုင် ကျေးရွာတို့၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ရာနှုန်းပြည့် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

**ဆောင်ရွက်ခဲ့**

သုံးခွမြို့နယ် အိဿယျကျေးရွာတွင် အလျားပေ ၃၅၀၊ အနံပေ ၃၃၀၊ အမြင့်သုံးပေရှိ ရေကန်အနက်နှိုက်ခြင်း လုပ်ငန်းနှင့် အရှေ့တံခွန်တိုင် ကျေးရွာတွင် အကျယ် လေးလက်မခွဲ၊ အနက်ပေ ၆၀၀ ရှိအဝီစိစက်ရေတွင်းတူးဖော်ခြင်း၊ အလျား ၁၀ ပေ၊ အနံ ၁၀ ပေ၊ အမြင့် လေးပေရှိ ရေစက်ရုံတည်ဆောက်ခြင်းနှင့် အလျား ၁၀ ပေ၊ အနံ ၁၀ ပေ၊ အမြင့် လေးပေရှိ အမြင့်တင်ရေစင် တည်ဆောက်ခြင်းလုပ်ငန်း၊ အိမ်သွယ်ရေပိုက်လိုင်းသွယ်တန်းခြင်းနှင့် ရေငုပ် ၇၆တိုင် ဆောင်ရွက်ခြင်းလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ၏ ကွင်းဆင်းကြီးကြပ်မှုဖြင့် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် ၉၉ ဒသမ ၄၈၅ သန်းဖြင့် တင်ဒါအောင်မြင်သည့် Ei Thazin Thant ကုမ္ပဏီက ၂၀၂၃ ခုနှစ် ဇူလိုင်လ တတိယပတ်တွင် တာဝန်ယူအကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီး၍ အိဿယျကျေးရွာနှင့် အရှေ့တံခွန်တိုင်ကျေးရွာတို့ရှိ ကျေးလက်နေပြည်သူ ၃၈၃၄ ဦးတို့အတွက် နွေရာသီရေရှားပါးသည့် ပြဿနာများပြေလည်ကာ သန့်ရှင်းသော သောက်သုံးရေများ ဖူလုံစွာရရှိခဲ့ကြောင်း သိရသည်။

၂၂၂

○ စာမျက်နှာ ၄ မှ

ပူးတွဲ-၃

## ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်း
## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏
## စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## ( ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ ပုံမှန်ဈေးနှုန်းအရ )

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | | ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ( အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | ကချင်ပြည်နယ် | ၁,၇၉၂,၄၀၅.၃ | ၁.၉ | ၂.၈ | ၁,၈၃၄,၂၁၂.၀ | ၁.၉ | ၂.၃ |
| ၂ | ကယားပြည်နယ် | ၁၉၈,၈၇၂.၉ | ၀.၂ | -၂၃.၅ | ၁၉၂,၇၂၂.၀ | ၀.၂ | -၃.၁ |
| ၃ | ကရင်ပြည်နယ် | ၁,၇၈၉,၅၆၄.၇ | ၁.၉ | ၂.၇ | ၁,၈၄၀,၄၇၇.၄ | ၁.၉ | ၂.၈ |
| ၄ | ချင်းပြည်နယ် | ၂၁၂,၂၉၅.၆ | ၀.၂ | ၁.၂ | ၂၁၄,၂၈၈.၀ | ၀.၂ | ၀.၉ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၀,၀၆၁,၇၂၁.၄ | ၁၀.၇ | ၁.၀ | ၁၀,၃၆၀,၇၂၇.၄ | ၁၀.၆ | ၃.၀ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၃,၉၁၇,၀၆၇.၄ | ၄.၂ | ၂.၆ | ၃,၉၇၀,၇၉၉.၉ | ၄.၁ | ၁.၄ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၈,၅၉၉,၂၀၇.၃ | ၉.၁ | ၇.၃ | ၈,၉၃၈,၇၇၀.၆ | ၉.၂ | ၃.၉ |
| ၈ | မကွေးတိုင်းဒေသကြီး | ၇,၀၇၆,၂၁၀.၂ | ၇.၅ | ၄.၃ | ၇,၃၄၂,၅၀၁.၇ | ၇.၅ | ၃.၈ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၉,၃၆၇,၈၀၈.၀ | ၁၀.၀ | ၃.၉ | ၉,၇၅၆,၅၆၈.၅ | ၁၀.၀ | ၄.၁ |
| ၁၀ | မွန်ပြည်နယ် | ၄,၀၇၇,၄၉၄.၃ | ၄.၃ | ၄.၄ | ၄,၂၄၆,၃၄၃.၉ | ၄.၃ | ၄.၁ |
| ၁၁ | ရခိုင်ပြည်နယ် | ၃,၅၃၈,၄၉၂.၉ | ၃.၈ | -၄.၀ | ၃,၅၉၈,၈၆၃.၃ | ၃.၇ | ၁.၇ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၂၄,၀၆၀,၈၆၃.၄ | ၂၅.၆ | ၅.၉ | ၂၅,၄၁၇,၈၇၇.၅ | ၂၆.၀ | ၅.၆ |
| ၁၃ | ရှမ်းပြည်နယ် | ၅,၆၁၈,၉၃၀.၁ | ၆.၀ | -၀.၇ | ၅,၇၈၄,၆၆၅.၀ | ၅.၉ | ၂.၉ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၁၁,၄၉၃,၄၈၀.၀ | ၁၂.၂ | ၂.၆ | ၁၁,၇၃၅,၀၉၄.၃ | ၁၂.၀ | ၂.၁ |
| ၁၅ | နေပြည်တော်ကောင်စီနယ်မြေ | ၂,၂၆၆,၂၈၉.၄ | ၂.၄ | ၅.၆ | ၂,၃၉၈,၅၃၆.၉ | ၂.၅ | ၅.၈ |

ပူးတွဲ-၄

## ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်း
## ကဏ္ဍကြီးများအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## (နှစ်အလိုက်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး/ကဏ္ဍ | ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | | **လယ်ယာကဏ္ဍကြီး** | **၃၁,၇၈၇,၆၈၄.၅** | **၂၂.၇** | **၃၅,၁၆၆,၅၉၇.၈** | **၂၂.၆** | **၁၀.၆** |
| | ၁ | လယ်ယာ | ၂၀,၃၁၁,၅၅၆.၂ | ၁၄.၅ | ၂၂,၈၇၈,၆၈၈.၅ | ၁၄.၇ | ၁၂.၆ |
| | ၂ | သားငါး | ၁၁,၄၁၆,၁၈၈.၅ | ၈.၁ | ၁၂,၂၁၁,၅၆၅.၀ | ၇.၈ | ၇.၀ |
| | ၃ | သစ်တော | ၅၉,၉၃၉.၈ | ၀.၁ | ၇၆,၃၄၄.၃ | ၀.၁ | ၂၇.၄ |
| ၂ | | **စက်မှုကဏ္ဍကြီး** | **၅၂,၇၇၈,၃၄၈.၀** | **၃၇.၆** | **၅၈,၂၁၇,၇၆၄.၆** | **၃၇.၄** | **၁၀.၃** |
| | ၁ | စွမ်းအင် | ၅,၁၅၆,၆၂၄.၈ | ၃.၇ | ၄,၇၂၀,၀၆၇.၀ | ၃.၀ | -၈.၅ |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၉၆၇,၆၆၂.၂ | ၀.၇ | ၁,၁၄၉,၆၁၅.၀ | ၀.၇ | ၁၈.၈ |
| | ၃ | စက်မှုလက်မှု | ၃၆,၃၄၇,၈၇၉.၉ | ၂၅.၉ | ၄၁,၀၅၅,၇၂၆.၀ | ၂၆.၄ | ၁၃.၀ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၁,၇၀၁,၈၁၂.၇ | ၁.၂ | ၁,၈၃၃,၀၇၂.၃ | ၁.၂ | ၇.၇ |
| | ၅ | ဆောက်လုပ်မှု | ၈,၆၀၄,၃၆၈.၄ | ၆.၁ | ၉,၄၅၉,၂၈၄.၃ | ၆.၁ | ၉.၉ |
| ၃ | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၅၅,၆၁၈,၂၉၇.၈** | **၃၉.၇** | **၆၂,၁၅၉,၁၇၁.၇** | **၄၀.၀** | **၁၁.၈** |
| | ၁ | ပို့ဆောင်ရေး | ၁၄,၄၃၆,၁၁၉.၇ | ၁၀.၃ | ၁၆,၄၁၀,၈၅၃.၁ | ၁၀.၆ | ၁၃.၇ |
| | ၂ | ဆက်သွယ်ရေး | ၂,၇၃၃,၇၅၁.၁ | ၂.၀ | ၂,၉၃၁,၂၆၀.၆ | ၁.၉ | ၇.၂ |
| | ၃ | ငွေရေးကြေးရေး | ၄၅၈,၆၁၁.၆ | ၀.၃ | ၄၇၁,၁၀၂.၁ | ၀.၃ | ၂.၇ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၄,၂၂၆,၉၆၈.၈ | ၃.၀ | ၄,၅၇၇,၇၇၄.၈ | ၂.၉ | ၈.၃ |
| | ၅ | အခြားဝန်ဆောင်မှု | ၄,၄၈၃,၀၆၇.၅ | ၃.၂ | ၅,၀၈၈,၂၃၁.၆ | ၃.၃ | ၁၃.၅ |
| | ၆ | ကုန်သွယ်မှု | ၂၉,၂၇၉,၇၇၉.၁ | ၂၀.၉ | ၃၂,၆၈၀,၇၄၉.၅ | ၂၁.၀ | ၁၁.၆ |
| ၄ | | **စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)** | **၁၄၀,၁၈၄,၃၃၀.၃** | **၁၀၀.၀** | **၁၅၅,၅၄၃,၅၃၄.၁** | **၁၀၀.၀** | **၁၁.၀** |

ပူးတွဲ-၅

## ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်း
## ကဏ္ဍအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## (နှစ်အလိုက်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | | **ထုတ်လုပ်မှုတန်ဖိုး** | **၈၄,၅၆၆,၀၃၂.၅** | **၆၀.၃** | **၉၃,၃၈၄,၃၆၂.၄** | **၆၀.၀** | **၁၀.၄** |
| | ၁ | လယ်ယာ | ၂၀,၃၁၁,၅၅၆.၂ | ၁၄.၅ | ၂၂,၈၇၈,၆၈၈.၅ | ၁၄.၇ | ၁၂.၆ |
| | ၂ | သားငါး | ၁၁,၄၁၆,၁၈၈.၅ | ၈.၁ | ၁၂,၂၁၁,၅၆၅.၀ | ၇.၈ | ၇.၀ |
| | ၃ | သစ်တော | ၅၉,၉၃၉.၈ | ၀.၁ | ၇၆,၃၄၄.၃ | ၀.၁ | ၂၇.၄ |
| | ၄ | စွမ်းအင် | ၅,၁၅၆,၆၂၄.၈ | ၃.၇ | ၄,၇၂၀,၀၆၇.၀ | ၃.၀ | -၈.၅ |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၉၆၇,၆၆၂.၂ | ၀.၇ | ၁,၁၄၉,၆၁၅.၀ | ၀.၇ | ၁၈.၈ |
| | ၆ | စက်မှုလက်မှု | ၃၆,၃၄၇,၈၇၉.၉ | ၂၅.၉ | ၄၁,၀၅၅,၇၂၆.၀ | ၂၆.၄ | ၁၃.၀ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၁,၇၀၁,၈၁၂.၇ | ၁.၂ | ၁,၈၃၃,၀၇၂.၃ | ၁.၂ | ၇.၇ |
| | ၈ | ဆောက်လုပ်မှု | ၈,၆၀၄,၃၆၈.၄ | ၆.၁ | ၉,၄၅၉,၂၈၄.၃ | ၆.၁ | ၉.၉ |
| ၂ | | **ဝန်ဆောင်မှုတန်ဖိုး** | **၂၆,၃၃၈,၅၁၈.၇** | **၁၈.၈** | **၂၉,၄၇၈,၄၂၂.၂** | **၁၉.၀** | **၁၁.၉** |
| | ၁ | ပို့ဆောင်ရေး | ၁၄,၄၃၆,၁၁၉.၇ | ၁၀.၃ | ၁၆,၄၁၀,၈၅၃.၁ | ၁၀.၆ | ၁၃.၇ |
| | ၂ | ဆက်သွယ်ရေး | ၂,၇၃၃,၇၅၁.၁ | ၂.၀ | ၂,၉၃၁,၂၆၀.၆ | ၁.၉ | ၇.၂ |
| | ၃ | ငွေရေးကြေးရေး | ၄၅၈,၆၁၁.၆ | ၀.၃ | ၄၇၁,၁၀၂.၁ | ၀.၃ | ၂.၇ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၄,၂၂၆,၉၆၈.၈ | ၃.၀ | ၄,၅၇၇,၇၇၄.၈ | ၂.၉ | ၈.၃ |
| | ၅ | အခြားဝန်ဆောင်မှု | ၄,၄၈၃,၀၆၇.၅ | ၃.၂ | ၅,၀၈၈,၂၃၁.၆ | ၃.၃ | ၁၃.၅ |
| ၃ | | **ကုန်သွယ်မှုတန်ဖိုး** | ၂၉,၂၇၉,၇၇၉.၁ | ၂၀.၉ | ၃၂,၆၈၀,၇၄၉.၅ | ၂၁.၀ | ၁၁.၆ |
| ၄ | | **စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)** | **၁၄၀,၁၈၄,၃၃၀.၃** | **၁၀၀.၀** | **၁၅၅,၅၄၃,၅၃၄.၁** | **၁၀၀.၀** | **၁၁.၀** |

ပူးတွဲ-၆

## ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်း
## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏
## စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## (နှစ်အလိုက်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | ကချင်ပြည်နယ် | ၂,၅၄၇,၅၃၈.၆ | ၁.၈ | ၂,၈၀၀,၈၂၈.၄ | ၁.၈ | ၉.၉ |
| ၂ | ကယားပြည်နယ် | ၂၈၂,၇၇၉.၃ | ၀.၂ | ၂၉၂,၈၃၆.၁ | ၀.၂ | ၃.၆ |
| ၃ | ကရင်ပြည်နယ် | ၂,၆၅၃,၈၃၅.၇ | ၁.၉ | ၂,၉၄၉,၉၅၄.၂ | ၁.၉ | ၁၁.၂ |
| ၄ | ချင်းပြည်နယ် | ၃၀၀,၉၈၉.၈ | ၀.၂ | ၃၂၄,၅၃၆.၄ | ၀.၂ | ၇.၈ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၅,၆၆၉,၂၉၀.၂ | ၁၁.၂ | ၁၇,၃၇၇,၄၈၁.၇ | ၁၁.၂ | ၁၀.၉ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၅,၇၃၈,၃၀၉.၁ | ၄.၁ | ၆,၁၃၁,၈၅၃.၄ | ၃.၉ | ၆.၉ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၁၂,၄၆၀,၃၀၆.၅ | ၈.၉ | ၁၃,၈၈၃,၀၂၃.၄ | ၈.၉ | ၁၁.၄ |
| ၈ | မကွေးတိုင်းဒေသကြီး | ၁၀,၃၁၀,၁၅၀.၂ | ၇.၄ | ၁၁,၄၉၀,၅၀၅.၅ | ၇.၄ | ၁၁.၄ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၁၃,၈၂၃,၈၇၁.၁ | ၉.၉ | ၁၅,၃၅၅,၈၆၃.၉ | ၉.၉ | ၁၁.၁ |
| ၁၀ | မွန်ပြည်နယ် | ၅,၉၀၈,၈၄၄.၃ | ၄.၂ | ၆,၅၁၃,၈၁၂.၅ | ၄.၂ | ၁၀.၂ |
| ၁၁ | ရခိုင်ပြည်နယ် | ၅,၇၃၄,၇၀၉.၃ | ၄.၁ | ၆,၀၇၁,၂၂၃.၇ | ၃.၉ | ၅.၉ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၃၆,၅၀၈,၉၀၆.၉ | ၂၆.၀ | ၄၁,၇၄၄,၄၉၂.၄ | ၂၆.၈ | ၁၄.၃ |
| ၁၃ | ရှမ်းပြည်နယ် | ၈,၁၈၇,၄၁၉.၉ | ၅.၈ | ၈,၉၉၃,၂၆၆.၀ | ၅.၈ | ၉.၈ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၁၇,၀၇၆,၉၅၇.၂ | ၁၂.၂ | ၁၈,၂၆၅,၄၀၀.၅ | ၁၁.၇ | ၇.၀ |
| ၁၅ | နေပြည်တော်ကောင်စီနယ်မြေ | ၂,၉၈၀,၄၂၂.၂ | ၂.၁ | ၃,၃၄၈,၄၅၆.၀ | ၂.၂ | ၁၂.၃ |

# ၂၀၂၄ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ထုတ်ပြန်

(ယမန်နေ့မှအဆက်)

| စဉ် | အထူးကုန်စည်အမျိုးအစား | တန်ဖိုးအဆင့် | အခွန်နှုန်း |
|---|---|---|---|
| | (ဃ) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၅၄၀၁ ကျပ်မှ ကျပ် ၇၂၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၄၉၆ ကျပ် |
| | ( င ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၇၂၀၁ ကျပ်မှ ကျပ် ၉၀၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၁၉၄၄ ကျပ် |
| | ( စ ) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၉၀၀၁ ကျပ်မှ ကျပ် ၁၀၈၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၃၉၃ ကျပ် |
| | (ဆ) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၁၀၈၀၁ ကျပ်မှ ကျပ် ၁၂၆၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၂၈၄၁ ကျပ် |
| | ( ဇ ) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၁၂၆၀၁ ကျပ်မှ ကျပ် ၁၄၄၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၃၂၉၀ ကျပ် |
| | ( ဈ ) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၁၄၄၀၁ ကျပ်မှ ကျပ် ၁၆၂၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၃၇၃၉ ကျပ် |
| | (ည) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၁၆၂၀၁ ကျပ်မှ ကျပ် ၁၈၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၄၁၈၈ ကျပ် |
| | ( ဋ ) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၁၈၀၀၁ ကျပ်မှ ကျပ် ၂၀၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၄၆၃၇ ကျပ် |
| | ( ဌ ) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၂၀၀၀၁ ကျပ်မှ ကျပ်၂၂၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၅၂၇၂ ကျပ် |
| | ( ဍ ) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၂၂၀၀၁ ကျပ်မှ ကျပ် ၂၄၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၅၇၄၅ ကျပ် |
| | (ဎ) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၂၄၀၀၁ ကျပ်နှင့်အထက် အဆင့်ဖြစ် လျှင် | တစ်လီတာ တန်ဖိုး၏ ၆၀ ရာခိုင်နှုန်း |
| ၉ | ဘီယာအမျိုးမျိုး။ | | ၆၀ ရာခိုင်နှုန်း |
| ၁၀ | (က)ဝိုင်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၁ ကျပ် မှ ကျပ် ၁၄၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၇၆ ကျပ် |
| | ( ခ ) ဝိုင်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၁၄၀၁ ကျပ်မှ ကျပ် ၂၆၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၄၄၀ ကျပ် |
| | ( ဂ ) ဝိုင်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၂၆၀၁ ကျပ်မှ ကျပ်၄၁၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၇၃၇ ကျပ် |
| | (ဃ) ဝိုင်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၄၁၀၁ ကျပ်မှ ကျပ် ၅၆၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၀၆၇ ကျပ် |
| | ( င ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၅၆၀၁ ကျပ်မှ ကျပ် ၇၁၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၃၉၇ ကျပ် |
| | ( စ ) ဝိုင်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၇၁၀၁ ကျပ်မှ ကျပ် ၈၆၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၇၂၇ ကျပ် |
| | (ဆ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၈၆၀၁ ကျပ်မှ ကျပ် ၁၀၁၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၀၅၇ ကျပ် |
| | ( ဇ ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၀၁၀၁ ကျပ်မှ ကျပ် ၁၁၆၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၃၈၇ ကျပ် |
| | ( ဈ ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၁၆၀၁ ကျပ်မှ ကျပ် ၁၃၁၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၇၁၇ ကျပ် |
| | (ည) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၃၁၀၁ ကျပ်မှ ကျပ် ၁၆၁၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၃၂၁၂ ကျပ် |
| | ( ဋ ) ဝိုင်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၁၆၁၀၁ ကျပ်မှ ကျပ်၁၉၁၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၃၈၇၂ ကျပ် |
| | ( ဌ ) ဝိုင်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၁၉၁၀၁ ကျပ်မှ ကျပ် ၂၂၁၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၄၅၃၂ ကျပ် |
| | ( ဍ ) ဝိုင်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၂၂၁၀၁ ကျပ်နှင့်အထက် အဆင့်ဖြစ်လျှင် | တစ်လီတာ တန်ဖိုး၏ ၅၀ ရာခိုင်နှုန်း |
| ၁၁ | သစ်လုံး၊ သစ်ခွဲသားများ။ | | ၅ ရာခိုင်နှုန်း |
| ၁၂ | (က) Double Cab 4 Door Pickup ကားများ အပါအဝင် Pickup ကားများနှင့် ဘတ်ထရီလျှပ်စစ်ကား [Battery Electric Vehicle (BEV)] များမှအပ ၁၅၀၁ CC မှ ၂၀၀၀ CC အထိ ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့် ဝက်ဂွန် (Estate Wagon) ကားများ၊ ကူပေး (Coupe) ကားများ။ | | ၁၀ ရာခိုင်နှုန်း |
| | ( ခ ) Double Cab 4 Door Pickup ကားများ အပါအဝင် Pickup ကားများနှင့် ဘတ်ထရီ လျှပ်စစ်ကား [Battery Electric Vehicle (BEV)] များမှအပ ၂၀၀၁ CC မှ ၄၀၀၀ CC အထိ ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့် ဝက်ဂွန် (Estate Wagon) ကားများ၊ ကူပေး (Coupe) ကားများ။ | | ၃၀ ရာခိုင်နှုန်း |
| | ( ဂ ) Double Cab 4 Door Pickup ကားများ အပါအဝင် Pickup ကားများနှင့် ဘက်ထရီလျှပ်စစ်ကား [Battery Electric Vehicle (BEV)] များမှအပ ၄၀၀၁ CC နှင့်အထက် ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့် ဝက်ဂွန် (Estate Wagon) ကားများ၊ ကူပေး (Coupe) ကားများ။ | | ၅၀ ရာခိုင်နှုန်း |
| ၁၃ | ရေနံဆီ၊ ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ ဂျက်လေယာဉ်ဆီ။ | | ၅ ရာခိုင်နှုန်း |
| ၁၄ | သဘာဝဓာတ်ငွေ့။ | | ၈ ရာခိုင်နှုန်း |

(ခ) အောက်ပါအထူးကုန်စည်များကို ပြည်ပသို့ တင်ပို့ရောင်းချသူသည် ယင်းရောင်းရငွေအပေါ် ယှဉ်တွဲဖော်ပြပါ အခွန်နှုန်းများအတိုင်း အထူးကုန်စည်ခွန် ကျသင့်စေရမည်။ ဖော်ပြပါအထူးကုန်စည်များမှတစ်ပါး ကျန်အထူးကုန်စည်များကို ပြည်ပသို့တင်ပို့ခြင်းအတွက် အထူးကုန်စည်ခွန်မကျသင့်စေရ။ အခွန်ကျသင့်သည့် အထူးကုန်စည်ကို ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ကျသင့်အထူးကုန်စည်ခွန်မှ ကုန်စည်ကို ဝယ်ယူစဉ်၊ တင်သွင်းစဉ်၊ ထုတ်လုပ်စဉ်ကပေးဆောင်ခဲ့သည့် အထူးကုန်စည်ခွန်ကို သတ်မှတ်ချက်များနှင့်အညီ ခုနှိမ်ရမည် -

| စဉ် | ကုန်စည်အမျိုးအစား | အခွန်နှုန်း |
|---|---|---|
| ၁ | သစ်လုံး၊ သစ်ခွဲသားများ။ | ၁၀ ရာခိုင်နှုန်း |

(ဂ) အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ယာယီတင်သွင်းခြင်း (Temporary Admission) သို့မဟုတ် ပြန်လျော့အကောက်ခွန် (Drawback) စနစ်ဖြင့် တင်သွင်းလာသော ကုန်စည်များကို သတ်မှတ်ကာလအတွင်း ပြန်လည်တင်ပို့ခြင်းမပြုဘဲ ပြည်တွင်းသုံးစွဲခြင်းဖြစ်ပါက မူလကင်းလွတ်ခွင့်ပြုခဲ့သော အထူးကုန်စည်ခွန်ကို ပြန်လည်ပေးဆောင်ရမည်။

စာမျက်နှာ ၇ သို့ ❖

❖ စာမျက်နှာ ၆ မှ

၁၂။ ဤဥပဒေအရ အခွန်ကျသင့်သည့် အထူးကုန်စည်များအနက် သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများက ပြည်တွင်း၌ထုတ်လုပ်ရောင်းချသည့် ဆေးရွက်ကြီး၊ ဆေးပေါ့လိပ်နှင့် ဆေးပြင်းလိပ်ထုတ်လုပ်ရောင်းချခြင်းအတွက် နှစ်တစ်နှစ်အတွင်း ထုတ်လုပ်ရောင်းရငွေ စုစုပေါင်း ကျပ်သိန်း ၂၀၀ တိတိထက် မပိုလျှင် အထူးကုန်စည်ခွန် စည်းကြပ်ခြင်းမပြုရ။

၁၃။ ဤဥပဒေ၏ အခန်း (၅) တွင် ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် အထူးကုန်စည်ခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်းဖြစ်စေရမည်။

**အခန်း (၆)**

**ကုန်သွယ်လုပ်ငန်းခွန်**

၁၄။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၆ အရ ယင်းဥပဒေ၏ နောက်ဆက်တွဲဇယားများကို အောက်ပါအတိုင်း ပြဋ္ဌာန်းလိုက်သည် -

**ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ နောက်ဆက်တွဲဇယားများ**

(က) အောက်ဖော်ပြပါ ကုန်စည်တစ်မျိုးမျိုးနှင့်စပ်လျဉ်း၍ ကုန်သွယ်လုပ်ငန်းခွန် မကျသင့်စေရ-

| စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| **စားသောက်ကုန်စည်များ** | |
| ၁ | စပါး၊ ဆန်၊ ဆန်ကွဲ၊ ဖွဲနု၊ ဖွဲကြမ်း၊ စပါးခွံ၊ ဂျုံစေ့၊ ဂျုံဖွဲနု၊ ဂျုံဖွဲကြမ်း၊ အစေ့ထုတ်ပြောင်းနှင့် ပြောင်းစေ့အမျိုးမျိုး။ |
| ၂ | ပဲလုံးအမျိုးမျိုး၊ ပဲခြမ်းအမျိုးမျိုး၊ ပဲမှုန့်အမျိုးမျိုး၊ ပဲဖွဲ၊ ပဲခွံများ၊ မြေပဲတောင့်၊ မြေပဲဆန်၊ နှမ်း၊ ပန်းနှမ်း၊ မြေပဲဖတ်၊ နှမ်းဖတ်၊ ဝါစေ့ဆီဖတ်၊ ဖွဲနုဆီဖတ် စသည့် ဆီကြိတ်ပြီးအဖတ်များ။ |
| ၃ | ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ အာလူး၊ ဟင်းခတ်အမွှေးအကြိုင်များဖြစ်သော အရွက်အသီး၊ အစေ့အခေါက်များ၊ ဟင်းခတ်မဆလာ၊ ငရုတ်သီး၊ ငရုတ်သီးမှုန့်၊ နနွင်း၊ နနွင်းမှုန့်၊ ချင်း၊ မန်ကျည်းမှည့်၊ ဆားအမျိုးမျိုး။ |
| ၄ | သစ်သီးစိမ်းအမျိုးမျိုး၊ ဟင်းသီးဟင်းရွက်များ။ |
| ၅ | လက်ဖက်စို၊ လက်ဖက်ခြောက်၊ လက်ဖက်အချိုခြောက်၊ ပြုပြင်ထုပ်ပိုးထားသည့် လက်ဖက်ခြောက်အမျိုးမျိုး။ |
| ၆ | ငါးစို၊ ပုစွန်စို၊ အသားစိုနှင့် ကြက်ဥ၊ ဘဲဥစသည့် ဥအမျိုးမျိုး။ |
| ၇ | ပဲဆီ၊ နှမ်းဆီ။ |
| ၈ | ကြံ၊ သကြား၊ ထန်းလျက်၊ ကြံသကာ၊ ပဲနို့၊ နို့နှင့် နို့ထွက်ပစ္စည်းအမျိုးမျိုး၊ နို့ဆီ၊ နို့စိမ်း၊ နို့မှုန့်အမျိုးမျိုး၊ ဒိန်ချဉ်။ |
| ၉ | ခရင်မာ (Creamer) များ။ |
| ၁၀ | ငံပြာရည်အမျိုးမျိုး၊ ငါးခြောက်၊ ပုစွန်ခြောက်အမျိုးမျိုး၊ ငါးချဉ်၊ ပုစွန်ချဉ် အမျိုးမျိုး၊ ပုစွန်ဖွဲ၊ ငါးပေါင်းမှုန့်၊ ငါးပိအမျိုးမျိုး။ |
| **စိုက်ပျိုးရေးနှင့်မွေးမြူရေးဆိုင်ရာကုန်စည်များ** | |
| ၁၁ | ပိုးစာရွက်၊ ပိုးအိမ်။ |
| ၁၂ | သက်ရှိတိရစ္ဆာန်၊ ငါး၊ ပုစွန်များ၊ ကုန်းနေသတ္တဝါများ၊ ရေနေသတ္တဝါများ၊ ကုန်းတစ်ပိုင်းရေတစ်ပိုင်းနေသတ္တဝါများ၊ ယင်းတို့၏ဥများ၊ သားလောင်းများ၊ သားပေါက်များ၊ မျိုးစိတ်များ၊ ရေတွင်ပေါက်ပွားသည့် အပင်များနှင့်မျိုးစေ့များ၊ အပင်ပေါက်များ၊ ရေညှိရေမှော်များ။ |
| ၁၃ | စိုက်ပျိုးရေးလုပ်ငန်းများတွင် အပင်များကြီးထွားသန်မာပြီး သီးပွင့်မှုအားကောင်းစေရန် အသုံးပြုသော မြေဆီ၊ ဓာတ်မြေသြဇာအပါအဝင် မြေသြဇာအမျိုးမျိုး၊ လယ်ယာစိုက်ပျိုးရေးသုံး ပိုးသတ်ဆေးအမျိုးမျိုး၊ ပေါင်းသတ်ဆေးအမျိုးမျိုး၊ မှို၊ ဘက်တီးရီးယား၊ နီမတုတ်များနှင့် အခြားရောဂါကျရောက်မှု မရှိစေရေး စိုက်ပျိုးရေးသုံး ရောဂါကာကွယ်ဆေးနှင့် ရောဂါသတ်ဆေးအမျိုးမျိုး၊ မွေးမြူရေးသုံးခြံဖျန်းဆေးအမျိုးမျိုး (စပရေး၊ ကြွက်သတ်ဆေးများမပါဝင်)၊ တိရစ္ဆာန်၊ ငါး၊ ပုစွန်သုံးဆေးဝါးများနှင့် ကာကွယ်ဆေးများ (စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ လက်မှတ်ရရှိပြီး ဆေးဝါးနှင့်ကာကွယ်ဆေးများ အပါအဝင်နှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ထုတ်ပေးသည့် ထောက်ခံချက်ရရှိထားသော ဆေးဝါးများအပါအဝင်)၊ တိရစ္ဆာန်၊ ငါး၊ ပုစွန်အစာထုတ်လုပ်ရန် ကုန်ကြမ်း၊ ကုန်ချောပစ္စည်းများ (အိမ်မွေးတိရစ္ဆာန်များအတွက် အသုံးပြုသော တိရစ္ဆာန်အစားအစာများမပါဝင်)။ |
| ၁၄ | ဆီအုန်း၊ နေကြာစေ့၊ ဝါစေ့၊ ဖရုံစေ့၊ ဖရဲစေ့၊ သီဟိုဠ်စေ့၊ ကွမ်းသီး၊ ကွမ်းသီးခွံ၊ သီးနှံများ၏ မျိုးကောင်းမျိုးသန့်၊ မျိုးစေ့၊ မျိုးပင်များ။ |
| ၁၅ | ဝါကုန်ကြမ်း၊ ဝါအမျိုးမျိုး၊ ဖာလာ၊ သနပ်ခါးနှင့် အခြားနေရာတွင် သီးခြား ဖော်ပြထားခြင်းမရှိသည့် လယ်ယာကိုင်းကျွန်းဥယျာဉ်ထွက်ကုန်များ၊ အုန်းဆီ (စားအုန်းဆီမဟုတ်)။ |
| ၁၆ | အုန်းဆံချည်ခင်။ |
| ၁၇ | ထင်း၊ ဝါး၊ ကြိမ်အကြမ်းအချော၊ ထင်းအစားထိုး လောင်စာတောင့်။ |
| **ကျောင်းသုံး၊ ရုံးသုံးကုန်စည်များ** | |
| ၁၈ | ချိပ်များ၊ တံဆိပ်ခေါင်းအမျိုးမျိုး (အခွန်အမှတ်တံဆိပ် အပါအဝင်)။ |
| ၁၉ | နိုင်ငံတော်အလံ။ |
| ၂၀ | ကျောက်သင်ပုန်း၊ ကျောက်တံ၊ မြေဖြူ၊ ခဲတံလုပ်ရန်ခဲဆံ။ |
| ၂၁ | ကျောင်းသုံးစာအုပ်အမျိုးမျိုး၊ အခြေခံကျောင်း၊ တက္ကသိုလ်၊ ကောလိပ်အသီးသီးတွင် အသုံးပြုနိုင်သည့် ပညာအခြေပြု၊ အတတ်ပညာအခြေပြု စာအုပ်အမျိုးမျိုး၊ ဗလာစာအုပ်၊ ပုံဆွဲစာအုပ်အမျိုးမျိုး၊ သုတရသစာအုပ်၊ မဂ္ဂဇင်း၊ စာစောင်နှင့်သတင်းစာအမျိုးမျိုး၊ ယင်းစာအုပ်စာပေများ ထုတ်လုပ်ရန် စက္ကူများ (40 gsm မှ 80 gsm အတွင်းသာ)၊ ခဲတံအမျိုးမျိုး၊ ပေတံအမျိုးမျိုး၊ ခဲဖျက်အမျိုးမျိုး၊ ချွန်စက်အမျိုးမျိုး။ |
| **ကျန်းမာရေးဆိုင်ရာကုန်စည်များ** | |
| ၂၂ | ပရဆေးများ။ |
| ၂၃ | ခြင်ဆေးအမျိုးမျိုး။ |
| ၂၄ | ပျားရည်၊ ပျားဖယောင်း။ |
| ၂၅ | ဓာတ်မှန်ဖလင်ကော်ပြား၊ ဓာတ်မှန်ရိုက်ပစ္စည်းကိရိယာ တန်ဆာပလာများနှင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက သတ်မှတ်သည့် ဆေးဘက်ဆိုင်ရာသုံးပစ္စည်းကိရိယာတန်ဆာပလာများ၊ ဆေးဂွမ်း၊ ဆေးဝတ်၊ ဆေးပတ်တီး၊ ဆေးထည့်ရန်ဆေးရုံသုံးပစ္စည်းများ၊ ဆေးရုံသုံး တစ်ခါသုံးနှာခေါင်းစည်း၊ ခေါင်းစည်း၊ လက်အိတ် (Surgical Glove)၊ တုပ်ကွေးရောဂါ ကူးစက်ခြင်းအား ကာကွယ်ရန်တပ်ဆင်သည့် နှာခေါင်းစည်း၊ အိမ်သုံးဆေးဝါး၊ အခြားလူသုံးဆေးဝါးအမျိုးမျိုးနှင့် တိုင်းရင်းဆေးဝါးအမျိုးမျိုး (ဥပဒေ၊ နည်းဥပဒေများဖြင့် ကန့်သတ်ထားသော ဆေးဝါးများမှအပ FDA မှတ်ပုံတင်လက်မှတ်ရရှိပြီး ဆေးဝါးများ၊ တိုင်းရင်းဆေးဝါးကုန်ကြမ်းများ အပါအဝင် ဆေးဝါးကုန်ကြမ်းများ)။ |
| ၂၆ | ကွန်ဒုံး(Condom)။ |
| **ဘာသာရေးနှင့်လူမှုရေးသုံးကုန်စည်များ** | |
| ၂၇ | စိပ်ပုတီးအမျိုးမျိုး (အဖိုးတန်ကျောက်မျက်ရတနာဖြင့် ပြုလုပ်သည့် စိပ်ပုတီးများမပါဝင်)၊ သာသနာရေးဆိုင်ရာ အဝတ်အထည်များ။ |
| ၂၈ | မီးသတ်ယာဉ်များ၊ ရှာဖွေကယ်ဆယ်ရေးယာဉ်များ၊ နာရေးယာဉ်များ။ |
| **သယ်ယူပို့ဆောင်ရေးဆိုင်ရာကုန်စည်များ** | |
| ၂၉ | စွမ်းအင်ဝန်ကြီးဌာနက နိုင်ငံခြားသံရုံးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံခြားသံတမန်များသို့ ရောင်းချပေးသည့် စက်သုံးဆီများ။ |
| ၃၀ | ပြည်တွင်းပြည်ပ ပျံသန်းသည့်ခရီးစဉ်တွင် အသုံးပြုရန် ရောင်းချသည့် ဂျက်လေယာဉ်ဆီ။ |
| ၃၁ | လေယာဉ်သုံး သို့မဟုတ် ရဟတ်ယာဉ်သုံးစက်၊ စက်ကိရိယာ၊ ပစ္စည်းကိရိယာနှင့် ယင်းတို့၏အရန်နှင့်အပိုပစ္စည်း။ |
| **စက်မှုလုပ်ငန်းသုံးကုန်စည်များ** | |
| ၃၂ | အရောင်ချွတ်ဖတ် (အရောင်ချွတ်ရာတွင် အသုံးပြုသည့် Hypochloride များသာ)၊ ဆပ်ပြာမှုန့်ပြုလုပ်မည့်ကုန်ကြမ်း၊ ဆပ်ပြာပြုလုပ်မည့် ကုန်ကြမ်း၊ ဆပ်ပြာကြမ်း။ |
| ၃၃ | ဂုန်လျှော်နှင့် အခြားလျှော်များ၊ ကြက်ပေါင်စေး၊ လျှော်ဖြူစေး (ခေါ်) ဆေးကုလားမ။ |
| ၃၄ | လယ်ယာနှင့်မွေးမြူရေးလုပ်ငန်းသုံးကိရိယာများ၊ လယ်ယာနှင့် မွေးမြူရေးလုပ်ငန်းသုံးစက်နှင့် စက်အပိုပစ္စည်းများ၊ ထွန်စက်များ၊ မြေပြုပြင်ထွန်ယက်သည်မှ သီးနှံရိတ်သိမ်းခြွေလှေ့ အခြောက်ခံသည်အထိ လူ သို့မဟုတ် တိရစ္ဆာန်၏လုပ်အားနှင့် တွဲဖက်၍သော်လည်းကောင်း၊ စက်စွမ်းအား သီးသန့်သော်လည်းကောင်း ဆောင်ရွက်နိုင်သော ကိရိယာ၊ စက်နှင့် စက်အပိုပစ္စည်းအမျိုးမျိုး (မော်တော်ယာဉ်ဥပဒေအရ မှတ်ပုံတင်ရန်လိုအပ်သော ယာဉ်ယန္တရားများမှအပ)၊ မွေးမြူရေးလုပ်ငန်းသုံး ကိရိယာများ၊ မွေးမြူရေးလုပ်ငန်းသုံးစက်နှင့် စက်အပိုပစ္စည်းများ၊ မျိုးမြှင့်သားစပ်ရာတွင် အသုံးပြုရန်မျိုးရည်၊ မျိုးချောင်း၊ မျိုးဥ (အေးခဲမျိုးရည်အပါအဝင် သန္ဓေသားလောင်းနှင့် မေထုန်မဲ့သားစပ်လုပ်ငန်းသုံးကိရိယာများ)။ |
| ၃၅ | နေရောင်ခြည်စွမ်းအင်များ ထုတ်လုပ်ပေးနိုင်သည့်အချပ်များ [PV Module/ Solar Module / PV Panel / Solar Panel / Solar Panel 92 Watt CIGS (Copper Indium Gallium Selenide)]၊ နေရောင်ခြည်စွမ်းအင်သုံး ပေါင်းစပ်ထိန်းချုပ်ကိရိယာ [PV / Solar (Hybrid / Smart Array) Controller, Charge Controller for PV / Solar]၊ နေရောင်ခြည်စွမ်းအင်သုံးအင်ဗာတာ (စထရင်း/ပေါင်းစပ်/ဘက်ထရီ/နှစ်မျိုးသုံး/ပင်မ) [PV / Solar Inverter (String / Hybrid / Battery / Bidirectional / Central)]၊ အိမ်သုံးတပ်ဆင်မှုပုံစံများ (ခေါင်မိုးနှင့် မြေပြင်တွင်တပ်ဆင်ခြင်း) [PV/ Solar Mounted Structure, Solar / PV Mounted Frames, Solar / PV Mounted Kits (Roof and Ground Mounted)]၊ နေရောင်ခြည်စွမ်းအင်တပ်ဆင်မှုစနစ် (ရေပေါ်တွင်တပ်ဆင်ခြင်း) [PV / Solar Mounted System (Floating)]၊ နေရောင်ခြည်စွမ်းအင်သုံး ထိန်းချုပ်ကိရိယာနှင့် ဘက်ထရီပုံး [(PV / Solar Controller and Battery Box) (PV / Solar Controller နှင့် Battery တွဲလျက်တင်သွင်းခြင်းအတွက်သာ)]။ |
| ၃၆ | ဘက်ထရီလျှပ်စစ်သုံး သုံးဘီးတပ်ယာဉ်များ၊ နှစ်ဘီးတပ်ယာဉ်များ အပါအဝင် ဘက်ထရီလျှပ်စစ်သုံးယာဉ်များ [Battery Electric Vehicles (BEVs)]၊ ယင်းတို့၏ ဘက်ထရီများနှင့် ဘက်ထရီလျှပ်စစ်သုံးယာဉ်များအတွက် သီးသန့်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ။ |
| ၃၇ | လက်ခစားအပ်ကုန်စနစ်ဖြင့် ကုန်ချောကုန်စည် ထုတ်လုပ်ပေးခြင်းအတွက် အသုံးပြုရန် ပြည်ပနေလုပ်ငန်းအပ်နှံသူမှ ပေးပို့သည့်ကုန်ကြမ်း သို့မဟုတ် အစိတ်အပိုင်းအဖြစ် တိုက်ရိုက်အသုံးပြုရသည့် ကုန်စည်များ၊ ထွက်ရှိလာမည့် ကုန်ချောကိုထုပ်ပိုးရာတွင် အသုံးပြုသည့် ကုန်စည်များ၊ လက်ခစားအပ် ကုန်စနစ်ဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများက လုပ်ငန်းလိုအပ်ချက်အရ ပြန်လည်ရောင်းချရန်မဟုတ်သည့် တင်သွင်းလာသော စက်ပစ္စည်းများ၊ စက် ကိရိယာများ၊ ပစ္စည်းကိရိယာနှင့် ယင်းတို့၏ အရန်နှင့်အပိုပစ္စည်းများ။ |

စာမျက်နှာ ၈ သို့ ❖

❖ စာမျက်နှာ ၇ မှ

| | |
|---|---|
| **ကာကွယ်ရေးဆိုင်ရာကုန်စည်များ** | |
| ၃၈ | နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ နိုင်ငံတော်အဖွဲ့အစည်းများသုံး လက်နက်ကိရိယာများ၊ ယာဉ်ယန္တရားများ၊ ပစ္စည်းနှင့်ကိရိယာများ၊ ယင်းတို့၏ အရန်နှင့် အပိုပစ္စည်းများ၊ နယ်ဘက်ဌာနသုံး ယမ်းမှုန့်အမျိုးမျိုး၊ ယမ်းဘီလူးအမျိုးမျိုးနှင့် ဆက်စပ်ပစ္စည်းများ (ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ခွင့်ပြုချက်ဖြင့် တင်သွင်းသော ပစ္စည်းအမျိုးအမည်များသာ)၊ ကာကွယ်ရေးဝန်ကြီးဌာနအတွက် ခွဲဝေလျာထားပေးသည့် ရသုံးမှန်းခြေငွေစာရင်းပါ အသုံးစရိတ်မှကျခံ၍ တပ်မတော်တွင် အသုံးပြုရန်နှင့် တပ်မတော်သားများ စားသုံးရန်ဝယ်ယူသည့် ကုန်စည်များ။ |
| **ကျောက်မျက်ရတနာနှင့်တွင်းထွက်ကုန်စည်များ** | |
| ၃၉ | ရွှေစင်၊ ရွှေတုံးများ (စံချိန်မီ ရွှေချောင်း၊ ရွှေတုံး၊ ရွှေဒင်္ဂါးများ) နှင့် ပြည်ထောင်စုအစိုးရက ကြီးမှူးကျင်းပသော မြန်မာ့ကျောက်မျက်ရတနာ ပြည်တွင်းပြပွဲများတွင် ရောင်းချသော ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ ကျောက်မျက်ရတနာ အရိုင်းထည်၊ အချောထည်များ။ |
| ၄၀ | ရေနံချေး။ |
| **အထွေထွေကုန်စည်များ** | |
| ၄၁ | ပြည်ပသို့ထွက်ခွာမည့်ခရီးသည်များကို သီးခြားသတ်မှတ်ထားသည့် နေရာတွင် ရောင်းချသည့်ပစ္စည်းများ။ |
| ၄၂ | နှစ်နိုင်ငံအကြား အပြန်အလှန်အခွင့်အရေးမှု ကျင့်သုံးသော မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများ၊ ကောင်စစ်ဝန်ချုပ်ရုံးများနှင့် ယင်းတို့၏အဖွဲ့ဝင်များ အသုံးပြုမည့် အပြန်အလှန်အခွင့်အရေးမှုနှင့် အကျိုးဝင်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အတည်ပြု ထောက်ခံသည့် ကုန်စည်များ။ |
| ၄၃ | ပြည်တွင်းရှိကုလသမဂ္ဂအဖွဲ့အစည်းများမှ အဖွဲ့အစည်းအမည်ဖြင့် ပြည်တွင်း ပြည်ပမှ ဝယ်ယူသည့်ကုန်စည်များ။ |
| ၄၄ | ပြည်တွင်းပြည်ပအဖွဲ့အစည်းများက နိုင်ငံတော်သို့လှူဒါန်းသည့်ငွေ သို့မဟုတ် နိုင်ငံတော်သို့ ထောက်ပံ့သည့်ငွေဖြင့်ဝယ်ယူသော ကုန်စည်များ။ |
| ၄၅ | နိုင်ငံတော်၏လိုအပ်ချက်အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာထုတ်ပြန်၍ အခွန်ကင်းလွတ်ခွင့်ပြုသည့်ကုန်စည်များ။ |
| ၄၆ | အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ယာယီတင်သွင်းခြင်း (Temporary Admission) သို့မဟုတ် ပြန်လျော့အကောက်ခွန် (Draw back) စနစ်ဖြင့် တင်သွင်းလာသောကုန်စည်များ၊ |
| ၄၇ | ကုန်စည်ချို့ယွင်းပျက်စီးမှုကြောင့် အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ ပြည်ပသို့တင်ပို့၍ ပြင်ဆင်ပြီး ပြန်လည်တင်သွင်းခြင်း (Repair and Return) စနစ်ဖြင့် မူရင်းကုန်စည်၏ အခြေအနေပျက်ယွင်းမှု မရှိဘဲ ပြန်လည်တင်သွင်းလာသော ကုန်စည်များ။ |

(ခ) ပုဒ်မခွဲ (က) တွင် ဖော်ပြပါရှိသည့် ကုန်စည်များမှတစ်ပါး အခြားကုန်စည်တစ်မျိုးမျိုးကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်ပါက ရောင်းရငွေအပေါ်တွင်လည်းကောင်း၊ ပြည်ပမှ တင်သွင်းခြင်းဖြစ်ပါက ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင်လည်းကောင်း ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။ ဤဥပဒေ၏ ပုဒ်မ ၁၁ ပါ အထူးကုန်စည်တစ်မျိုးမျိုးကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်ပါက အထူးကုန်စည်ခွန် အပါအဝင်ဖြစ်သော ရောင်းရငွေအပေါ်တွင်လည်းကောင်း၊ ပြည်ပမှ တင်သွင်းခြင်းဖြစ်ပါက အထူးကုန်စည်ခွန် အပါအဝင်ဖြစ်သော ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင် လည်းကောင်း ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။

(ဂ) မည်သူမဆို ဤဥပဒေနှင့်အညီ ကင်းလွတ်ခွင့်ပြုထားသောကုန်စည်နှင့် ကုန်သွယ်မှုဆောင်ရွက်ခြင်းမှတစ်ပါး ပုဒ်မ ၁၁ ပါ အထူးကုန်စည်များအပါအဝင် အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ရောင်းရငွေအပေါ် ငါး ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည် -

(၁) ကုန်စည်တင်သွင်း၍ ပြည်တွင်း၌ပြန်လည်ရောင်းချခြင်း၊

(၂) ကုန်သွယ်မှုဆောင်ရွက်ခြင်း။

(ဃ) အောက်ဖော်ပြပါ ဝန်ဆောင်မှုလုပ်ငန်းများအား ကုန်သွယ်လုပ်ငန်းခွန် မကျသင့်စေရ -

| စဉ် | ဝန်ဆောင်မှုအမျိုးအမည် |
|---|---|
| **နိုင်ငံခြားရေးကဏ္ဍ** | |
| ၁ | နှစ်နိုင်ငံအကြား အပြန်အလှန်အခွင့်အရေးမှု ကျင့်သုံးသော မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများ၊ ကောင်စစ်ဝန်ချုပ်ရုံးများနှင့် ယင်းတို့၏အဖွဲ့ဝင်များရယူသည့် အပြန်အလှန်အခွင့်အရေးမှုနှင့် အကျိုးဝင်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အတည်ပြုထောက်ခံသည့် ဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၂ | ပြည်တွင်းရှိကုလသမဂ္ဂအဖွဲ့အစည်းများမှ အဖွဲ့အစည်းအမည်ဖြင့် ပြည်တွင်းမှ ရယူသည့် ဝန်ဆောင်မှုလုပ်ငန်း။ |
| **ကာကွယ်ရေးကဏ္ဍ** | |
| ၃ | ကာကွယ်ရေးဝန်ကြီးဌာန၏ လုံခြုံရေးနှင့်ဆိုင်သော ပုံနှိပ်လုပ်ငန်းမှ ပုံနှိပ်ထုတ်ဝေမှုဝန်ဆောင်မှုလုပ်ငန်း။ |
| **သာသနာရေးနှင့်ယဉ်ကျေးမှုကဏ္ဍ** | |
| ၄ | ယဉ်ကျေးမှုအနုပညာ ဝန်ဆောင်မှုလုပ်ငန်း။ |
| **ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍ** | |
| ၅ | ယာဉ်များရပ်နားရန်နေရာငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်း။ |
| ၆ | ကုန်စည်သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း (ပိုက်လိုင်းဖြင့် သယ်ယူပို့ဆောင်ရေးမှအပဖြစ်သည့် ရထား၊ မော်တော်ယာဉ်၊ ရေယာဉ်၊ လေယာဉ်၊ ဝန်ချီစက်များဖြင့် သယ်ပို့ပေးခြင်း)။ |
| ၇ | နေအိမ်ရွှေ့ပြောင်းခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၈ | လမ်းအသုံးပြုခကောက်ခံသည့် ဝန်ဆောင်မှုလုပ်ငန်း။ |
| ၉ | ပြည်တွင်း သို့မဟုတ် ပြည်ပခရီးစဉ်များတွင် ခရီးသည်များကို အဖိုးအခတစ်ရပ်ရပ်ရယူ၍ လေယာဉ်ဖြင့်ပို့ဆောင်သော ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၀ | အများပြည်သူခရီးသည် သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၁ | အစိုးရက ဆောင်ရွက်သည့် စာတိုက်ဝန်ဆောင်မှုလုပ်ငန်း။ |
| **ပညာရေးနှင့်ပြန်ကြားရေးကဏ္ဍ** | |
| ၁၂ | ပညာရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၃ | စာအုပ်စာပေ၊ မဂ္ဂဇင်း၊ စာစောင်၊ သတင်းစာထုတ်ဝေရေး ဝန်ဆောင်မှုလုပ်ငန်း။ |
| **ကျန်းမာရေးကဏ္ဍ** | |
| ၁၄ | ခန္ဓာကိုယ်အလှပြုပြင်ခြင်းမှအပဖြစ်သည့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၅ | ရိုးရာအကြောပြင် ဝန်ဆောင်မှုလုပ်ငန်း၊ မျက်မမြင်အကြောပြင် ဝန်ဆောင်မှု လုပ်ငန်း။ |
| ၁၆ | တိရစ္ဆာန်ကျန်းမာရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၇ | အများသုံးသန့်စင်ခန်း အသုံးပြုခကောက်ခံခြင်း ဝန်ဆောင်မှုလုပ်ငန်း။ |
| **စီမံကိန်းနှင့်ဘဏ္ဍာရေးကဏ္ဍ** | |
| ၁၈ | အသက်အာမခံ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၉ | အသေးစားငွေချေးခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၀ | အရင်းအနှီးဈေးကွက်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၁ | ဘဏ်နှင့်ဗဟိုဘဏ်မှ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်နေသော ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၂ | အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၃ | အောင်ဘာလေသိန်းထီလုပ်ငန်း။ |
| **လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးကဏ္ဍ** | |
| ၂၄ | ဧည့်ခံကျွေးမွေးရေးအတွက် ပစ္စည်းငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၅ | နာရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၆ | ကလေးသူငယ်ပြုစုပျိုးထောင်ရေး ဝန်ဆောင်မှုလုပ်ငန်း။ |
| **စက်မှုနှင့် လျှပ်စစ်ကဏ္ဍ** | |
| ၂၇ | ကုန်ကြမ်းပေး ကုန်ချောယူစနစ်ဖြင့် ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၂၈ | စက်မှုလယ်ယာဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၂၉ | မဟာဓာတ်အားလိုင်းနှင့် ဆက်သွယ်ခြင်းမရှိသေးသော ဒေသများအတွက် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနေသော ပုဂ္ဂလိက အသေးစားလျှပ်စစ်ဓာတ်အားဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၃၀ | ဘက်ထရီလျှပ်စစ်သုံးယာဉ်များအတွက် ဘက်ထရီအားသွင်းခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ။ |
| **အထွေထွေကဏ္ဍ** | |
| ၃၁ | နိုင်ငံတော်အဖွဲ့အစည်းများသို့ ဆောင်ရွက်မှုတစ်ရပ်ရပ် လုပ်ကိုင်ခွင့်ရရှိရန်အတွက် ပေးချေရသည့် လိုင်စင်ကြေးများ။ |
| ၃၂ | နိုင်ငံတော်၏ လိုအပ်ချက်အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာထုတ်ပြန်၍ အခွန်ကင်းလွတ်ခွင့်ပြုသည့် ဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၃၃ | ပြည်တွင်းပြည်ပအဖွဲ့အစည်းများက နိုင်ငံတော်သို့လှူဒါန်းသည့်ငွေ သို့မဟုတ် နိုင်ငံတော်သို့ ထောက်ပံ့သည့်ငွေဖြင့် ရယူသည့် ဝန်ဆောင်မှုလုပ်ငန်း။ |
| ၃၄ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ နေပြည်တော်ကောင်စီရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ လူမှုဖူလုံရေးအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ဦးစီးဌာနစသည့် အဖွဲ့အစည်းအချင်းချင်း ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများ (နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ပေးစေခြင်း၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှ ဝန်ဆောင်မှုရယူခြင်းမပါ)။ |

(င) ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲ (စ)၊ ပုဒ်မခွဲ (ဆ)၊ ပုဒ်မခွဲ (ဇ) နှင့် ပုဒ်မခွဲ (ဈ) ပါ ဝန်ဆောင်မှုလုပ်ငန်းများနှင့် ကုန်စည်မှတစ်ပါး ပြည်တွင်း၌ဆောင်ရွက်သည့် အခြားဝန်ဆောင်မှုလုပ်ငန်းများမှ ရငွေအပေါ်တွင် ငါး ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။

(စ) (၁) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ ဆင်းကတ် (SIM Card) ရောင်းချမှုနှင့် ဆင်းကတ်ကို စတင်အသုံးပြုနိုင်ရန် ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှု (SIM Card Activation) အပေါ် ဆင်းကတ်တစ်ကတ်လျှင် ကျပ်နှစ်သောင်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် တစ်ကြိမ်တည်း ကျသင့်စေရမည်။

(၂) အင်တာနက်ဝန်ဆောင်မှုလုပ်ငန်းမှရငွေအပေါ် တစ်ဆယ့်ငါး ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။

**(ဆက်လက်ဖော်ပြပါမည်)**

# တိုင်းဒေသကြီးဝန်ကြီးချုပ် စိုက်ပျိုးရေးနှင့် ဒေသထွက်ကုန်လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နေမှုများ ကွင်းဆင်းစစ်ဆေး

**ပဲခူး မတ် ၃၀**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် မတ် ၂၉ ရက် မွန်းလွဲပိုင်းက ပဲခူးတိုင်းဒေသကြီး(အနောက်ခြမ်း)၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးရေးနှင့် ဒေသထွက်ကုန်လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နေမှုအခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် သဲကုန်းမြို့နယ် ဝက်ပုတ်မြို့ ရွှေညောင်ပင်လမ်းရှိ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အောင်မြင်စွာဆောင်ရွက်လျက်ရှိသော "အမေသီတာ" ပြည်တွင်းထုတ်မြေပဲပေါင်းဆီစက်မှ ဆီထုတ်လုပ်နေမှုနှင့် ပဲကြော်လုပ်ငန်းတို့အား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။ ယင်းနောက် "ထူးမွန်" ကျောက်ဖရုံယိုလုပ်ငန်းသို့ သွားရောက်၍ ပိသာချိန်အလိုက် ကုန်ပစ္စည်းပို့အစား ထုပ်ပိုးမှုဆိုဒ်မျိုးစုံဖြင့် ဈေးကွက်အတွင်း ဖြန့်ဝေသွားရန်နှင့် ပဲခူးမြို့နှင့် ပြည်မြို့တို့တွင် ဖွင့်လှစ်ထားသည့် ဒေသထွက်ကုန်များအရောင်းစင်တာတွင် ပြသရောင်းချနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပေါင်းတည်မြို့နယ် ကြူတောကန်ကျေးရွာအုပ်စု၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် တစ်နှစ်သုံးသီးစိုက်နေရာတွင် တစ်ကွင်းတစ်ဆက်တည်း နွေစပါး ဧက ၇၀ စုပေါင်းမြေဩဇာကြဲပက်နေမှုနှင့် တမန်းနှိုးခြင်း ဆောင်ရွက်နေမှုတို့အား ကြည့်ရှုအားပေးခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် "ပြည့်စုံအောင်မြင်" တစ်ရက် ၁၇၅ တန်ကျ ပေါင်းဆန်စက်ရုံသို့ ရောက်ရှိခဲ့ပြီး ဆန်အား တန်ဖိုးမြှင့်ထုတ်ကုန်ပေါင်းဆန်အဖြစ် တင်ပို့ခြင်းအားဖြင့် နိုင်ငံခြားဝင်ငွေ ပိုမိုတိုးတက်ရရှိနိုင်သဖြင့် တိုင်းဒေသကြီးအတွင်း ရှိပြီးသားပေါင်းဆန်စက်ရုံများအား ပြန်လည်အဆင့်မြှင့်တင်၍ အရှိန်အဟုန်မပြတ်လည်ပတ်နိုင်ရေး ဆောင်ရွက်သွားရန်၊ စက်ရုံ/အလုပ်ရုံများလည်ပတ်ချိန်တွင် လျှပ်စစ်မီးများ ပြတ်တောက်မှုမရှိစေရေး ဆောင်ရွက်ရန်မှာကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် နတ်တလင်းမြို့နယ် ကြခတ်ဝါးရုံကျေးရွာအုပ်စု၌ တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၁၈၃ ဒသမ ၄၈ သန်းဖြင့် မြေဧရိယာ ၉၈ ဧကအား



စက်မှုလယ်ယာ စနစ်ကျလယ်ယာမြေဖော်ထုတ်ဆောင်ရွက်ပြီးစီးမှုနှင့် နွေစပါးစိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုအားပေးခဲ့ပြီး သွင်းအားစုများ အချိန်မီရရှိရေးနှင့်ကုန်ထုတ်လုပ်ငန်းများကောင်းမွန်မှုရှိစေရေး စီစဉ်ဆောင်ရွက်ပေးခဲ့သည်။ ယင်းနောက် အုတ်ဖိုမြို့နယ် လင်းလွန်းပင်ကျေးရွာ၌ တိုင်းဒေသကြီး အစိုးရအဖွဲ့၏ Mobile Solar Pump ပံ့ပိုးပေးခဲ့မှုကြောင့် စားဖိုဆောင်သီးနှံစိုက်ခင်း ဧက ၅၀ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင် (၃/၂၀၂၄) အစည်းအဝေး ကျင်းပ

**ရန်ကုန် မတ် ၃၀**

မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင် (၃/၂၀၂၄) ကြိမ်မြောက်အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေး ကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း တက်ရောက်သည်။



အစည်းအဝေးတွင် ဒုတိယဝန်ကြီးက မိမိတို့ကော်မရှင်အနေဖြင့် အရင်းအနှီးဈေးကွက်တွင် ပါဝင်ဆောင်ရွက်လျက်ရှိကြသည့် ရန်ကုန်စတော့အိတ်ချိန်း၊ ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီများ၊ မှတ်ပုံတင်အကြံပေးများ၊ ရင်းနှီးမြှုပ်နှံမှုအကြံပေးများ၊ စာရင်းဝင်ကုမ္ပဏီ၊ အများပိုင်ကုမ္ပဏီများကို ဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ ထုတ်ပြန်ထားသည့် အမိန့် ကြော်ငြာစာများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ-မရှိကို စောင့်ကြပ်ကွပ်ကဲသွားရမည်ဖြစ်ကြောင်း၊ ဥပဒေနှင့်မညီညွတ်သည့်ကိစ္စရပ်များ ဖြစ်ပေါ်လာပါက အချိန်နှင့်တစ်ပြေးညီ ကြိုတင်သိရှိ၍ ကြိုတင်ထိန်းကျောင်းတားဆီးနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အလားတူ အခက်အခဲများရှိလာပါက ကော်မရှင်အနေဖြင့် ညှိနှိုင်းပေါင်းစပ်ဖြေရှင်းဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ ရန်ကုန်စတော့အိတ်ချိန်းတွင် Main Board အပြင် ဒုတိယ ဈေးကွက်ဖြစ်သော စာရင်းဝင်အကြိုဈေးကွက် Pre Listing Board (PLB) ပါ တည်ထောင်ပြီးဖြစ်၍ မကြာမီကာလတွင် စာရင်းဝင်အကြိုဈေးကွက်၌ မှတ်ပုံတင်ကုမ္ပဏီများ ဝင်ရောက်လာမည်ဖြစ်သဖြင့် ကြီးကြပ်ဆောင်ရွက်မှုအပိုင်းကို ပိုမိုတိုးမြှင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ ထို့ပြင် မိမိတို့ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကဏ္ဍတွင် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှု တားဆီးကာကွယ်ရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာသတင်းပို့အဖွဲ့အစည်းများအား တွန်းအားပေးဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ကော်မရှင်အတွင်းရေးမှူးက (၂/၂၀၂၄) ကြိမ်မြောက် ကော်မရှင်အစည်းအဝေး၏ ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုတင်ပြပြီး အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေး ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ်ကြသည်။

အစည်းအဝေးသို့ ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်ကုမ္ပဏီများ၏ ရှယ်ယာများအား နေ့စဉ်ရောင်းဝယ်လျက်ရှိရာ ရင်းနှီးမြှုပ်နှံသူဦးရေ ၄၆၁၉၁ ဦး ရှိပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း စာရင်းဝင် ကုမ္ပဏီရှစ်ခု၏ ရှယ်ယာစုစုပေါင်း ၄ ဒသမ ၄၉၈ သန်း၊ တန်ဖိုးငွေကျပ် ၁၁ ဒသမ ၇၄၁ ဘီလီယံ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ဈေးကွက်ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ငွေကျပ် ၆၇၇ ဒသမ ၁၀၉ ဘီလီယံရှိရာ မကြာမီကာလတွင် ဒုတိယဈေးကွက် (Pre Listing Board)၌ မှတ်ပုံတင်ကုမ္ပဏီများ ဝင်ရောက်လာမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် အကောက်ခွန်ဦးစီးဌာနသို့ ရောက်ရှိရာ အကောက်ခွန်ဦးစီးဌာန အစည်းအဝေးခန်းမ၌ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေက လုပ်ငန်းဆောင်ရွက်မှုအပေါ် အားနည်းချက်နှင့် အားသာချက်များ၊ လာမည့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဥပဒေအမှတ် ၂၃/၂၀၂၄ ဖြင့် ၂၀၂၄ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကို ထုတ်ပြန်ပြဋ္ဌာန်းပြီးဖြစ်ရာ ပြီးခဲ့သည့် ဘဏ္ဍာနှစ် လုပ်ငန်းဆောင်ရွက်မှု၏ အားနည်းချက်နှင့် အားသာချက်များကို အခြေခံ၍ လုပ်ငန်းများ လျာထားချက် ပြည့်မီကျော်လွန်အောင် မြင်အောင်ဆောင်ရွက်နိုင်ရေး ဝန်ထမ်းများအားလုံးက စုပေါင်းကြိုးပမ်း ဆောင်ရွက်ရန်လိုကြောင်း မှာကြားကာ E-Lock စနစ်ဆောင်ရွက်မှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# စံဝေါဟာရရွေးချယ်ခြင်းလုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် မတ် ၃၀**

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းနှင့် Global Direct Link Co.,Ltd. တို့ အကျိုးတူဆောင်ရွက်လျက်ရှိသည့် The Global New Light of Myanmar သတင်းစာတွင် အသုံးအနှုန်းနှင့် နေ့စဉ်သုံးစွဲနေသောဝေါဟာရများအား စံတစ်ခုအနေဖြင့် ပိုမိုစနစ်တကျရှိစေရန် သတင်းစာ စာတည်းဌာနမှဘာသာပြန်ဆိုခြင်းလုပ်ငန်းစဉ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို




ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ Novotel Yangon Max Hotel ၌ ကျင်းပသည်။

ဦးစွာ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသက်ဆွေက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ ညွှန်ကြားရေးမှူး မစ္စဖန်လီဖင်းက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် The Global New Light of Myanmar သတင်းစာ အကြံပေးပုဂ္ဂိုလ် ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်) က ဆွေးနွေးညှိနှိုင်းရေးမှူးအဖြစ်ဆောင်ရွက်ကာ ပညာရှင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက စာတည်းဌာနက အဆိုပြု တင်ပြထားသော သတင်းစာတိုက်၏ သတင်းစာအသုံးအနှုန်းနှင့် နေ့စဉ်သုံးစွဲနေသည့်ဝေါဟာရများ အနက်မှ အချို့ကို စိတ်ပါဝင်စားစွာ ဆွေးနွေးကြပြီး သင့်လျော်သော စကားအသုံးအနှုန်းများကိုရွေးချယ်ခဲ့ကြသည်။

ထို့နောက် စာတည်းမှူးချုပ် ဦးအောင်သူရက ကျေးဇူးတင်စကားပြောကြားပြီး သတင်းစာတိုက်မှ တာဝန်ရှိသူများက တက်ရောက်လာသော ပညာရှင်များနှင့် ဧည့်သည်တော်များအား လက်ဆောင်ပစ္စည်းများ ပေးအပ်ကာ ဆွေးနွေးပွဲကို ရုပ်သိမ်းခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းတို့မှ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနများမှ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ ညွှန်ကြားရေးမှူး မစ္စဖန်လီဖင်း၊ သတင်းမီဒီယာကဏ္ဍမှ ဝါရင့်ဘာသာပြန်ပညာရှင်များ၊ The Global New Light of Myanmar သတင်းစာတွင် တာဝန်ထမ်းဆောင်ခဲ့သော အငြိမ်းစား စာတည်းမှူးချုပ်များနှင့် လက်ရှိတာဝန်ထမ်းဆောင်နေသော ဘာသာပြန်ဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

# ပြည်ထောင်စုမှာမွေး ပြည်ထောင်စုသွေးမို့ ပြည်ထောင်စုအရေးကို အသက်ပေး၍ ကာကွယ်စောင့်ရှောက်ကြပါမည်

**မောင်သမ္မာဒိဋ္ဌိ**

**“လောကကို ကောင်းအောင်ပြုလုပ်ရာ၌ တစ်ယောက်နှစ်ယောက်ပြုလုပ်၍မကောင်း၊ အများနှင့်ပြုလုပ်မှကောင်းသည်။**

**စစ်သည်လက်နက်အင်အားပြည့်စုံခိုင်ခံ့လျှင် တစ်ပါးရန်သူတို့ ကြံစည်ဝံ့မည်မဟုတ်။**

**စစ်မက်အင်္ဂါငြိမ်းချမ်း၍ ပြည်သူ ပြည်သားတို့ စည်ကားချမ်းသာကြမည်။**

**သို့မဟုတ်ပါက နှာခေါင်းရှည်ရှည်နှင့် လူမျိုးတို့က ကျွန်ုပ်တို့အမျိုးသမီးများကို နမ်းရှုပ်ကြလိမ့်မည်။”**

နိုင်ငံတော်၏ ကာကွယ်ရေးအင်အား (Military Might) ခိုင်မာတောင့်တင်းနေလျှင် တိုင်းပြည်အေးချမ်းသာယာ စည်ကားဖွံ့ဖြိုးနေမည်ဟု ကုန်းဘောင်ခေတ်နှောင်းက နိုင်ငံရေးသုခမိန်ကြီး ယောမင်းကြီးဦးဖိုးလှိုင်က “တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်” ဟူသော ဧကန်ဧကေ ဒိဋ္ဌဓမ္မ လက်တွေ့ အကျိုးတရားကို ထုတ်ဖော်ခဲ့သည်။

သို့မဟုတ်ပါက နိုင်ငံတော်၏ ကာကွယ်ရေးအင်အားချို့တဲ့လျှင် တိုင်းတစ်ပါးသားလူမျိုးခြားတို့က ကျူးကျော်စော်ကား သိမ်းပိုက်မည့် အန္တရာယ်ကိုလည်း သတိပေးတင်ပြခဲ့သည်။

“လောကလူတွင်၊ **အလှူပေးခြင်း**
**စစ်ထိုးခြင်း**ကား၊ မယွင်းတူမျှ
တူကုန်စွတည်း၊ အလောဘဟိတ်
ကြောက်စိတ်ကင်းစွာ၊ စွန့်ကြဲရာ၌
**သဒ္ဓါသူရဲ**၊ ဗိုလ်ထုခွဲလျက်
**စစ်ကဲဝီရိယ၊** လုံ့လအထူး
ရဲခေါင်ကြူးထ၊ **ဗိုလ်မှူးရွှေဉာဏ်**
ဆုတ်မလှန်ဘဲ၊ စိတ်သန်ခိုင်ကျန်း
**စွဲယူမှန်းလော့”**

ဟူ၍ ကျေးဇူးရှင် မန်လည်ဆရာတော်ဘုရားကြီးက မဃဒေဝလင်္ကာသစ်ကျမ်း၌ **အလှူဒါနပြုခြင်း**ကို စစ်မြေပြင်တွင် **စစ်ထိုးခြင်း**နှင့်လည်းကောင်း၊ လောဘစိတ် မငြိတွေ့ဘဲ ရဲရဲဝံ့ဝံ့ စွန့်လွှတ်လှူဒါန်းသည့် **သဒ္ဓါတရားကို** ရန်သူတို့အား ဖြိုခွဲပစ်နိုင်သော စစ်သူရဲနှင့်လည်းကောင်း၊ အလှူပြုရာ၌ ထုတ်လုပ်သော **ဝီရိယ**ကို စစ်ကဲနှင့်လည်းကောင်း၊ **ဝီရိယလုံ့လ**အထူးရှိပြီး ဉာဏ်ဖြင့်ယှဉ်လျက် ပါရမီဒါနတိုး **လှူဒါန်းခြင်း**သဘောကို **ဗိုလ်မှူး**နှင့်လည်းကောင်း ဓမ္မရေးကို လောကရေးနှင့် နှိုင်းယှဉ်ဥပမာပေး ရေးစပ်တော်မူခဲ့သည်မှာ ဂုဏ်ယူကြည်ညိုဖွယ်ဖြစ်ပါသည်။

### အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် ပါဝင်ဆောင်ရွက်ရသော မြန်မာ့တပ်မတော်

မြန်မာ့သမိုင်းစဉ်တစ်လျှောက်တွင် နိုင်ငံတော်၌ အကျပ်အတည်းများနှင့် အရေးပေါ်အခြေအနေများ ပေါ်ပေါက်လာသည့်အခါတိုင်း မြန်မာ့တပ်မတော်ခေါင်းဆောင်များက စစ်ရေးခေါင်းဆောင်တာဝန်အပြင် အုပ်ချုပ်ရေးခေါင်းဆောင်၊ စည်းရုံးရေးခေါင်းဆောင်၊ စီးပွားရေးခေါင်းဆောင်တာဝန်များဖြင့် နိုင်ငံ့ခေါင်းဆောင်တာဝန်အရပ်ရပ်ကို မလွှဲမရှောင်သာဘဲ တာဝန်သိသိ သစ္စာရှိရှိ တာဝန်ယူကြရသည်မှာ

> **“မြန်မာ့သမိုင်းစဉ်တစ်လျှောက်တွင် နိုင်ငံတော်၌ အကျပ်အတည်းများနှင့် အရေးပေါ်အခြေအနေများ ပေါ်ပေါက်လာသည့်အခါတိုင်း မြန်မာ့တပ်မတော် ခေါင်းဆောင်များက စစ်ရေးခေါင်းဆောင်တာဝန်အပြင် အုပ်ချုပ်ရေးခေါင်းဆောင်၊ စည်းရုံးရေးခေါင်းဆောင်၊ စီးပွားရေးခေါင်းဆောင်တာဝန်များဖြင့် နိုင်ငံ့ခေါင်းဆောင် တာဝန်အရပ်ရပ်ကို မလွှဲမရှောင်သာဘဲ တာဝန်သိသိ သစ္စာရှိရှိတာဝန်ယူကြရသည်မှာ မြန်မာ့သမိုင်းရေးနှင့် အမျိုးသားရေးတောင်းဆိုမှုများနှင့် လိုအပ်ချက်များ (Historical and national necessities) က သက်သေခံလျက်ရှိ”**

မြန်မာ့သမိုင်းရေးနှင့် အမျိုးသားရေးတောင်းဆိုမှုများနှင့် လိုအပ်ချက်များ (Historical and national necessities) က သက်သေခံလျက်ရှိပါသည်။

မြန်မာ့သမိုင်းကို ပကတိအတိုင်း ရှုမြင်သုံးသပ်ကြည့်မည်ဆိုပါက ပထမမြန်မာနိုင်ငံတော်ကြီးကို ဦးဆောင်တည်ထောင်ခဲ့သည့် အနော်ရထာမင်းသည် စစ်ရေးခေါင်းဆောင်ဘဝမှ စည်းရုံးရေးခေါင်းဆောင်၊ နိုင်ငံရေးခေါင်းဆောင်ဘဝဖြင့် နိုင်ငံ့ခေါင်းဆောင်ကောင်းတစ်ဦးအဖြစ်လည်းကောင်း၊ ဒုတိယမြန်မာနိုင်ငံတော်ကြီးကို ဦးဆောင်တည်ထောင်ခဲ့သည့် ဘုရင့်နောင်ကျော်ထင်နော်ရထာသည်လည်း စစ်ရေးခေါင်းဆောင်ဘဝမှ စည်းရုံးရေးခေါင်းဆောင်၊ နိုင်ငံရေးခေါင်းဆောင်ဘဝဖြင့် နိုင်ငံ့ခေါင်းဆောင်ကောင်းတစ်ဦးအဖြစ်လည်းကောင်း၊ တတိယမြန်မာနိုင်ငံတော်ကြီးကို ဦးဆောင်တည်ထောင်ခဲ့သည့်

> **“တောင့်တောင့်တင်းတင်းနှင့် အရည်အချင်းရှိ၍ နိုင်ငံတော်ကို အမှန်ချစ်ခင်စွာ သစ္စာစောင့်သောစစ်တပ်သည် နိုင်ငံတော်တစ်ဝန်းလုံးကို သိမ်းကျုံး၍ ထိန်းသိမ်းထားနိုင်ပါတယ်။ နံနက်စောစောမှာ စစ်တပ်ကထွက်ပေါ်လာတဲ့ ဘင်ခရာအသံဟာ အိပ်ရာမှနိုးခါစဖြစ်တဲ့ တိုင်းသူပြည်သားကို စိတ်အားတက်ကြွစေပါတယ်။ လက်နက်မျိုးစုံစွာဖြင့် စစ်ရေးပြနေသောစစ်တပ်ကြီးတွေကို မြင်ရတဲ့အခါ အဘယ်မျိုးချစ်ပုဂ္ဂိုလ်သည် နှစ်သက်ရွှင်ပျ၍ ပီတိလုံးမဆို့ဘဲ ရှိပါအံ့နည်း။ ဘုန်းကြီးကား လွတ်လပ်ရေးရတော့မည်ဟု ကြွေးကြော်နေသော အချိန်အခါကပင် နိုင်ငံတော်သားကောင်းများ၏ စစ်တပ်အင်အားကို အားကိုးလျက် နိုင်ငံတော်တိုးတက်တော့မည်ဟု မျှော်လင့်ခဲ့”**

အလောင်းဘုရားသည်လည်း စစ်ရေးခေါင်းဆောင်ဘဝမှ စည်းရုံးရေးခေါင်းဆောင်၊ နိုင်ငံရေးခေါင်းဆောင်ဘဝဖြင့် နိုင်ငံ့ခေါင်းဆောင်ကောင်းတစ်ဦးအဖြစ်လည်းကောင်း အမိမြန်မာပြည်၏ “စီးပွားရေးအင်အား” (Economic Might)၊ “နိုင်ငံရေးအင်အား” (Political Might) နှင့် ကာကွယ်ရေးစွမ်းအား (Military Might) ဟူသော စွမ်းအား (၃) ရပ်စလုံး တောင့်တင်းခိုင်မာအောင် စွမ်းဆောင်နိုင်ခဲ့ကြသောကြောင့် အခြားတိုင်းတစ်ပါးနိုင်ငံများကပါ ရိုသေလေးစားခံခဲ့ရသော နိုင်ငံတော်အဖြစ် ခံ့ညားထည်ဝါစွာ ရပ်တည်နိုင်ခဲ့သည်မှာ သမိုင်းသက်သေတည်ခဲ့ပြီးဖြစ်ပါသည်။

### ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံဆရာတော် အဂ္ဂမဟာပဏ္ဍိတ အရှင်ဇနကာဘိဝံသ၏ တပ်မတော်ဆိုင်ရာတရားတော်

စာရေးသူသည် နှစ်စဉ် တပ်မတော်နေ့ရောက်လာပြီဆိုလျှင် ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံဆရာတော် အဂ္ဂမဟာပဏ္ဍိတ အရှင်ဇနကာဘိဝံသ၏ မြန်မာသက္ကရာဇ် ၁၃၁၃ ခုနှစ် ကဆုန်လဆန်း ၁ ရက်နေ့ ည ၇ နာရီတွင် ရန်ကုန်မြို့မင်္ဂလာဒုံတပ်နယ်၌ ဟောကြားတော်မူခဲ့သည့် “စစ်တပ်တရားတော်” ကို အသည်းထိစွဲငြိစွာနာယူခဲ့ပါသည်။ ဆရာတော် ဟောဖော်ညွှန်ပြတော်မူခဲ့သည့် ဒေသနာတော်မှာ အမိမြန်မာပြည်အတွက် မည်သည့်အချိန်အခါမဆို လိုက်နာကျင့်ကြံဆောင်ရွက်ရမည့်တရားတော်ဖြစ်သောကြောင့် အကျဉ်းဥဒ္ဒေသအဖြစ် အနှစ်ချုပ်၍ ကောက်နုတ်ဖော်ပြလိုပါသည်။

x x x မြန်မာနိုင်ငံ လွတ်လပ်ရေးရတော့မယ်လို့ သူသူငါငါ ပြောနေကြတဲ့အချိန်ကပင် “လွတ်လပ်ရေးရလျှင် အဘယ်ဌာနသည် နိုင်ငံတော်အတွက် လိုရင်းပဓာန (အရေးကြီးဆုံးဌာန) ဖြစ်သနည်း” ဟု ပြဿနာတစ်ရပ်ကို စဉ်းစားခဲ့ပါတယ်။ ဒီအခါမှာ **“စစ်တပ်နှင့် သာသနာတော်သည် နိုင်ငံတော်အတွက် လိုရင်းပဓာနဖြစ်၏”** လို့ ဘုန်းကြီးစိတ်မှာ အဖြေတွေ့လာပါတယ်။

ရှင်းပြပါဦးမယ်။ တောင့်တောင့်တင်းတင်းနှင့် အရည်အချင်းရှိ၍ နိုင်ငံတော်ကို အမှန်ချစ်ခင်စွာ သစ္စာစောင့်သောစစ်တပ်သည် နိုင်ငံတော်တစ်ဝန်းလုံးကို သိမ်းကျုံး၍ ထိန်းသိမ်းထားနိုင်ပါတယ်။ နံနက်စောစောမှာ စစ်တပ်ကထွက်ပေါ်လာတဲ့ ဘင်ခရာအသံဟာ အိပ်ရာမှနိုးခါစဖြစ်တဲ့ တိုင်းသူပြည်သားကို စိတ်အားတက်ကြွစေပါတယ်။ လက်နက်မျိုးစုံစွာဖြင့် စစ်ရေးပြနေသောစစ်တပ်ကြီးတွေကို မြင်ရတဲ့အခါ အဘယ်မျိုးချစ်ပုဂ္ဂိုလ်သည် နှစ်သက်ရွှင်ပျ၍ ပီတိလုံးမဆို့ဘဲ ရှိပါအံ့နည်း။ ဘုန်းကြီးကား လွတ်လပ်ရေးရတော့မည်ဟု ကြွေးကြော်နေသော အချိန်အခါကပင် နိုင်ငံတော်သားကောင်းများ၏ စစ်တပ်အင်အားကို အားကိုးလျက် နိုင်ငံတော်တိုးတက်တော့မည်ဟု မျှော်လင့်ခဲ့ပါတယ်။ x x x

တစ်ဖက်တစ်လမ်းမှ စစ်တပ်က နိုင်ငံတော်ကို ထိန်းသိမ်းလျက် တစ်ဖက်တစ်လမ်းမှ သာသနာတော်က အသိဉာဏ်တိုးပွားစေ၍ တရားမျှတအောင် ကြိုးစားပေးပါမှ ဤနိုင်ငံတော်သည် နှစ်ပေါင်းအနည်းငယ်အတွင်းမှာပင် ကမ္ဘာက အသိအမှတ်မပြုလျှင် မဖြစ်လောက်အောင် တိုးတက်လာမည်ဟု မျှော်လင့်ထားပါတယ်။ x x x

ဘုရားကျောင်းဒကာ ဗိမ္ဗိသာရမင်းဟာ ဘုရားနှင့် ပထမဦးဆုံးတွေ့တုန်းကပဲ သောတာပန်ဖြစ်တယ်။ အဲဒီ သောတာပန်မင်းတရားလည်း တိုင်းပြည်ကို အုပ်ချုပ်တဲ့နေရာမှာ စစ်တပ်ကိုပဲ အဖော်သဟဲလုပ်လို့ အုပ်ချုပ်တာကို တွေ့ရတယ်။

သည်တုန်းက ရာဇဂြိုဟ်ပြည်ရဲ့ အစွန်အဖျားမှာ သူပုန်ထတယ်။ အဲဒီအခါ ဘုရင်ကြီးက **“အမောင်တို့ သွားချေကြ၊ သူပုန်ထလို့ ပျက်စီးနေတဲ့ အစွန်အဖျားရွာတွေကို စည်ကားအောင် စောင့်ရှောက်ချေကြ”**တဲ့။ **“လူတွေနေထိုင်နိုင်အောင် လယ်ယာတွေကို လုပ်ကိုင်နိုင်အောင် စောင့်ရှောက်ချေကြ”** လို့ အမိန့်ပေးရတာပဲ။ သည်တော့ သောတာပန်ရှင်ဘုရင်ကြီးမှာ စစ်တပ်ကို အဖော်သဟဲလုပ်ပြီး တိုင်းပြည်ကို အုပ်ချုပ်နေပေမယ့် စိတ်ရော၊ နှုတ်မှာရော ဘာအပြစ်မှမရှိဘူးဆိုတာကို သင်ခန်းစာတစ်ရပ်အဖြစ် မှတ်ယူစေလိုတယ်။ x x x

သီဟိုဠ်နိုင်ငံ (ယခုသီရိလင်္ကာနိုင်ငံ) ပြည့်ရှင် “ဒုဋ္ဌဂါမဏိမင်း”ဟာ သူရဲကောင်း ဗိုလ်မှူးတစ်ကျိပ်နဲ့အတူ သာသနာပြုလိုသောဇောဖြင့် ရန်သူများကို သုတ်သင်ခဲ့တယ်။ ထိုမင်းဟာ “သာသနာစိတ်” နှင့် “စစ်စိတ်” ကို ခွဲမရအောင်ယှဉ်တွဲနေတယ်။ သူကိုယ်တိုင် ကိုင်ဆောင်တဲ့လှံမှာ ဘုရားဓာတ်တော်ကို ဌာပနာထားသတဲ့၊ သူ့ရဲ့သစ္စာဓိဋ္ဌာန်ထားရာမှာ_“**မိမိချမ်းသာရေးအတွက် ကြိုးစားခြင်းမဟုတ်ပါ၊ ဘုရားသာသနာတော်ကို ခိုင်မြဲစွာတည်စေလိုသောကြောင့် ကြိုးစားခြင်းဖြစ်ပါတယ်”** လို့ သစ္စာဆိုလေ့ရှိတယ်။

ဗုဒ္ဓဘာသာဝင်မင်းများတွင် အထင်ရှားဆုံးဖြစ်တဲ့ သီရိဓမ္မာသောကမင်းကြီးကို ကြည့်ဦးမလား၊ ဘုန်းလက်ရုံးအင်အားဖြင့် ဇမ္ဗူဒိပ်ခေါ်တဲ့ အိန္ဒိယတစ်ဝန်းလုံးကို သိမ်းကျုံးလွှမ်းမိုးပြီး တရားမင်းကြီးအဖြစ်နဲ့ အုပ်စိုးနိုင်ခဲ့တယ်။ အဲဒီအုပ်စိုးတဲ့နေရာမှာ လက်ညှိုးညွှန်ရာရေဖြစ်ရတယ်ဆိုတာမျိုးကို ဘုန်းတန်ခိုးချည်း မမှတ်ကြနဲ့။ စစ်တပ်ကလဲ စွမ်းရည်သတ္တိနဲ့ ဘုရင်အပေါ်မှာ သစ္စာရှိလို့သာ အုပ်စိုးနိုင်တာဖြစ်တယ်။ အဲဒီလို အုပ်စိုးပြီး သာသနာတော်အကျိုးရွက်ဆောင်ပုံကိုတော့ မပြောနဲ့တော့။ အိမ်ရှေ့မင်းအရာကို မှန်းထားတဲ့ သားတော်မဟိန္ဒမင်းသားနဲ့ သမီးတော် သံဃမိတ္တာကိုပင် ဗုဒ္ဓသာသနာတော်သွတ်သွင်း၍ ရင်းရင်းနှီးနှီးချီးမြှောက်တော်မူတယ်။ တိုင်းသူပြည်သားတွေ တရားမျှတအောင် တရားစာကျောက်တိုင်တွေ အနှံ့အပြားစိုက်ထူကာ ဘာသာရေးကိုလည်း ကြိုးစားတော်မူခဲ့တယ်။

ယခုမြန်မာနိုင်ငံမှာရှိတဲ့ သာသနာတော်ဟာ ထိုမဟိန္ဒမထေရ်ကဆက်သွယ်လာတဲ့ သာသနာတော်ပဲ၊ အကယ်၍ ဓမ္မာသောကမင်းမှာ ဘုန်းတန်ခိုးနှင့် စစ်တပ်အင်အား နည်းပါးခဲ့ပါမူ ယခုအခါ မြန်မာနိုင်ငံ၌ သာသနာရှိကောင်းမှရှိမယ်၊ ဒါကြောင့်မြန်မာနိုင်ငံရဲ့ လက်ရှိသာသနာတော်ဟာ ဟိုဓမ္မာသောကမင်းရဲ့စစ်တပ်နှင့် အဆက်အသွယ်မကင်းဘူးဆိုလျှင် မှားမယ်မထင်ဘူး၊ ဒါကြောင့် အားလုံးသော စစ်ဗိုလ်စစ်သားတွေမှာ သာသနာကို စောင့်ရှောက်လိုတဲ့စိတ်လည်း အမြဲရှိစေလိုတယ်။ x x x

ယခုအခါ ‘ရဲဘော်’လို့ ခေါ်နေကြတဲ့ တပည့်တို့ရဲ့ စစ်ဗိုလ်ဘဝ၊ စစ်သားဘဝဟာ နိုင်ငံတော်ရဲ့တာဝန်ကို ထမ်းဆောင်နေတဲ့ဘဝဖြစ်သောကြောင့် အလွန်အထက်တန်းရောက်နေတဲ့ ဘဝဖြစ်ကြောင်းကို အမှန်အတိုင်းနားလည်စေချင်တယ်။

**စာမျက်နှာ ၁၁ သို့** ❁

**❛ တပ်မတော်သည် "ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက် ငါ၏အသက်ကို စွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါ၏" ဟူ၍ နေ့စဉ်သစ္စာဆိုထားကြသူများဖြစ်၍ လက်တွေ့ဘဝ၌လည်း အသက်ကို မခေါက်မရက်စွန့်လွှတ်ဝံ့သော တိုင်းချစ်ပြည်ချစ် ပြည်သူ့သစ္စာခံများဖြစ်ကြသည်။ ငါးနှစ်တာ သတ်မှတ်ကာလကလေးအတွက် ဒေသတစ်ခုခုကို ကိုယ်စားပြုရွေးချယ်ခြင်းခံရသော ကိုယ်စားလှယ် မဟုတ်စေကာမူ ရာသက်ပန်တာဝန်ထမ်းဆောင်ရန် နိုင်ငံတော်က အပ်နှင်းထားသည့် ထာဝရပြည်သူ့ကိုယ်စားလှယ်များသာဖြစ်ကြသည်။ သို့ဖြစ်၍ အမိမြန်မာပြည်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်သည် နိုးကြားစွန့်စားရဲဝံ့ပြတ်သားစွာ ပြည်သူ့သစ္စာကို စောင့်သိတာဝန်ကျေပွန်စွာ တာဝန်ထမ်းဆောင်သွားမည်သာဖြစ် ❜**

❁ စာမျက်နှာ ၁၀ မှ

ရှေးမင်းကောင်းမင်းမြတ်များနှင့် ဘုန်းကြီးတို့ရဲ့အလောင်းအလျာများလည်း မိမိကိုယ်တိုင် စစ်သား၊ စစ်ဗိုလ်ဘဝနှင့်ဖြစ်စေ၊ စစ်တပ်ကို အဖော်သဟဲလုပ်၍ဖြစ်စေ နိုင်ငံတော်အကျိုး၊ သာသနာတော်အကျိုးကို ရွက်ဆောင်ကာ နိဗ္ဗာန်ရောက်ကြောင်း ကောင်းမှုပါရမီကို ဖြည့်ကျင့်သွားကြတာတွေ တွေ့ရတယ်။ x x x နိုင်ငံက စစ်သည်တော်တပ်သားတွေကို လေးစားခြင်း၏အကြောင်းကို စဉ်းစားကြစို့၊ အနော်ရထာစသော ရှေးမင်းကောင်းတို့ လက်ထက်ကပင် နိုင်ငံတော်ကို တိုးတက်အောင်၊ လုံခြုံအောင် စစ်တပ်ကစောင့်ရှောက်ခဲ့ပုံမှာ ယခုအထိ ထင်ရှားနေတယ်။ ပြီးတော့ များစွာသောစစ်သားတွေဟာ ဆွေမျိုးညာတိ သားမယားနှင့်ခွဲပြီး နိုင်ငံတော်တာဝန်ကို ထမ်းဆောင်နေကြရှာတယ်။ အနစ်နာခံစရာရှိလျှင် သူတို့ပင် အနစ်နာခံရှာကြတယ်။ x x x

ဗုဒ္ဓမြတ်စွာလက်ထက်တော်က ဝေသာလီပြည်မှာ "သီဟ" စစ်သူကြီးဆိုတာ လိစ္ဆဝီမင်းအပေါင်းတို့ရဲ့ စစ်သူကြီးဖြစ်တယ်။ နဂိုကလည်း လိစ္ဆဝီမင်းသားတစ်ပါးပဲ။ သူဟာ ပထမတုန်းက "နိဂဏ္ဌ" ဆရာကြီးကို ကိုးကွယ်တယ်။ နောက်မှ အစည်းအဝေးတစ်ခုမှာ လိစ္ဆဝီမင်း အများပြောနေတဲ့ ဗုဒ္ဓရဲ့ဂုဏ်တော်တွေကိုကြားရလို့ ဗုဒ္ဓထံသွားချင်စိတ်ပေါ်လာတယ်။ သို့သော် ဗုဒ္ဓထံသွားလိုကြောင်း "နိဂဏ္ဌ" ဆရာကြီးအား ပန်ကြားတဲ့အခါ ဆရာကြီးက ဝါဒချင်းမတူသဖြင့် မသွားသင့်ဘူးဟု တားမြစ်သောကြောင့် သွားဖို့အစီအစဉ်ပျက်သွားတယ်။ ဒုတိယအကြိမ်ဂုဏ်တော်တွေကိုကြားလို့ သွားဖို့ခွင့်တောင်းတော့လည်း ဖျက်ပြန်တာပဲ။

တတိယအကြိမ်ကျတော့ ဆရာကြီးထံ ခွင့်မပန်တော့ဘဲ တစ်မြို့လုံးကို ကြွေးကြော်ပြီးမှ ရထား ၅၀၀ ခြံရံလျက် ဗုဒ္ဓထံသွားလေရာ တရားဒေသနာကို ကြားနာအပြီးမှာ သောတာပန်ဖြစ်သွားတယ်။ ဒီလိုသောတာပန်ဖြစ်ပေမယ့် စစ်သူကြီးဟာ စစ်သူကြီးဘဝနဲ့ပဲ တရားသောနည်းလမ်းဖြင့် တိုင်းပြည်ကို တာဝန်ထမ်းဆောင်နေပါတယ်။ အဲဒီစစ်သူကြီးအကြောင်းနဲ့စပ်ပြီး ဒီလိုစစ်တပ်တွေကို ရှေးရှေးတုန်းက သောတာပန်စစ်ဗိုလ်ချုပ်ကြီးတွေ အုပ်ချုပ်နေကြတယ်လို့ သင်ခန်းစာရယူကြစေလိုပါတယ်ဟူ၍ဖြစ်ပါသည်။ ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အရှင်ဇနကာဘိဝံသ၏ မြန်မာ့တပ်မတော်ဆိုင်ရာဒေသနာတော်ကို နာကြားလေ့လာရုံမျှနှင့်ပင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ကမ္ဘာတည်သမျှ ကြာရှည်ထာဝရ အဓွန့်ရှည်ကြာစွာ တည်တံ့ထွန်းကားပြန့်ပွားရေးနှင့် တပ်မတော်၏ အခန်းကဏ္ဍတို့မှာ ခွဲ၍မရဘဲ အညမညသဘောဖြင့် အပြန်အလှန်ကျေးဇူးပြုနေပုံကို ထင်ရှားစွာသိမြင်ကြမည်ဖြစ်ပါသည်။

**တပ်မတော်စွမ်းအား ပြည့်အင်အား**

x x ရဲသော် မသေ
သေသော် ငရဲမလား
ဆိုရိုးစကားရှိ
အမိမြေပေါ် နယ်ကျော်မခံ
ပုဂံရဲသွေး ဖိတ်ဖိတ်ပြေးခဲ့
နယ်ချဲ့ဘီလူး၊ ဖုန်းဆိုးရူးကို
ဖြိုလှဲတိုက်ထုတ်၊ ဓာတိရုပ်ပြ
မြန်မာ့ရဲသွေး၊ နီစွေးစွေးဟု
ထုဆစ်ရေးတင်၊ သမိုင်းထင်ကျန်
ပွဲလျှံဟည်းမည်၊ ကမ္ဘည်းတည်ထိုး
စည်းလုံးမိုးသွန်းဖြိုးရွာ၊
ပြည်ထောင်စုမပြိုကွဲရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး
ဒို့အရေးသုံးပါး၊ ဦးထိပ်ထားကာကွယ်
ဘယ်သူခွဲခွဲ၊ တို့မကွဲဟု
စွဲပြုခံယူ၊ ပြည်သူနှင့်တပ်
တပ်နှင့်ပြည်သူ၊ ချစ်ကြည်ဖြူလက်တွဲ
အောင်ပွဲအဆင့်ဆင့်ခံသတည်း x x

ကျွန်တော် မြဝတီစာပေတိုက်တွင် တာဝန်ထမ်းဆောင်ခဲ့စဉ် နှစ်(၅၀) ပြည့် ရွှေရတုတပ်မတော်နေ့အထိမ်းအမှတ်စာပေနှင့် ဓာတ်ပုံပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီတွင် ပါဝင်တာဝန်ယူခဲ့ရရာ ကဗျာစာဆို ကျော်မြင့်လွင် (ရွှေကိုင်း) ၏ ဒို့တာဝန်အရေးသုံးပါး သရုပ်ဖော်ကဗျာကို နှစ်ခြိုက်ရွေးချယ်ဖော်ပြပေးခဲ့သည်ကို အမှတ်ရ၍ ပြန်လည်ဖော်ပြခြင်းဖြစ်ပါသည်။

မြန်မာ့တပ်မတော်သမိုင်းစဉ်ကို ပြန်ကြည့်မည်ဆိုပါလျှင်–

- အမျိုးချစ်စိတ်ဓာတ် ပြင်းပြသည့် အစဉ်အလာ
- ကိုယ်ကျိုးကို ပဓာနမထားဘဲ တိုင်းပြည်နှင့် လူမျိုး၊ အမျိုး၊ ဘာသာ၊ သာသနာကို အသက်နှင့်လဲပြီး ကာကွယ်စောင့်ရှောက်ခဲ့သည့်အစဉ်အလာ
- နိုင်ငံတော်၏လွတ်လပ်ရေးကို ရယူပေးခဲ့သည့်အစဉ်အလာ
- ပြည်တွင်း ပြည်ပအန္တရာယ်မှန်သမျှကို တွန်းလှန်ပြီး နိုင်ငံတော်နယ်မြေတည်တံ့မှုနှင့် အချုပ်အခြာအာဏာကို စောင့်ထိန်းပေးခဲ့သည့် အစဉ်အလာ
- တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် အစဉ်ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အစဉ်အလာ
- ငြိမ်းချမ်းရေးကို နှစ်သက်မြတ်နိုးသည့် အစဉ်အလာ
- ရှေ့ကဦးဆောင်၍ စံနမူနာပြ ပြုလုပ်တတ်သည့်အစဉ်အလာ

တို့ကို ထင်ရှားစွာတွေ့မြင်ကြရမည်ဖြစ်ပါသည်။

တပ်မတော်သားများသည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါး (ဝါ) မြန်မာနိုင်ငံတော်၏ အဓိကအကျဆုံးသော အမျိုးသားရေးတာဝန်သုံးရပ်ကို မြန်မာ့တပ်မတော်၏ တစ်ခုတည်းသောယုံကြည်ချက်၊ ခံယူချက်အဖြစ် နှလုံးပိုက်ထားကြစမြဲပင်ဖြစ်ပါသည်။

x x x သူ့တပ် တို့တပ်၊ စစ်မြေရပ်ဝယ်
ကျပ်ကျပ်တည်းတည်း၊ စည်းစည်းရုံးရုံး
နှလုံးမတွန့်၊ စိတ်ကို လွန့်လျက်
သက်စွန့်များသူ၊ နိုင်မြဲယူလေ့
သူတို့မှတ်ရိုး၊ စစ်မက်ထိုးသော်
အားကြိုးတင်းတင်း၊ လူအချင်းချင်းကို
ဘယ်မင်းဖက်ပြိုင်၊ ဘယ်တပ်ဆိုင်အံ့
သူ့နိုင်ငံသား၊ သံမှုန့်စားမှ
တို့ခားတုံးမည်၊ မှတ်တော်တည့်လေ့"

ဟူသော "နန္ဒိသေနပျို့" က မြန်မာ့တပ်မတော်သားတို့၏ လေ့ခွက်ချည်းကျန် အောင်လံမလှဲသည့် သံမဏိစိတ်ဓာတ်ကို အစဉ်ဖော်ပြလျက်ရှိပါသည်။

စင်စစ်မှာ ဒို့တာဝန်အရေးသုံးပါးကို ထိပါးလာလျှင် အချိန်မရွေး လက်ရုံးရည်ရော နှလုံးရည်ပါ သတ္တိဗျတ္တိအပြည့်အဝဖြင့် မကြောက်မရွံ့ နောက်မတွန့်ဘဲ ရင်ဆိုင်ဆင်နွှဲတိုက်ပွဲဝင်ကြသူများမှာ တပ်မတော်သားများပင်ဖြစ်ကြသည်။ သာဓကအားဖြင့် ထင်ရှားသော သမိုင်းသာဓကတစ်ခုကို ထုတ်နုတ်တင်ပြရမည်ဆိုပါလျှင် ဖက်ဆစ်တော်လှန်ရေးဆင်နွှဲခဲ့စဉ်ကာလတွင် ထိုစဉ်က မျိုးချစ်လူငယ်တို့သည် တပ်မတော်တွင် တာဝန်ထမ်းဆောင်ရန် အသက်မပြည့်သေးဘဲ မျိုးချစ်စိတ်၊ တိုင်းချစ် ပြည်ချစ်စိတ်ပြင်းပြစွာဖြင့် ထိုစဉ်က မင်္ဂလာဒုံစစ်တက္ကသိုလ်ကျောင်း၌ ဖွင့်လှစ်ခဲ့သော မူလတန်းစစ်ပညာသင်တန်းသို့ တက်ရောက်ခဲ့ကြသည်။ ထိုစဉ်က အရေးပေါ်တော်လှန်ရေးကာလဖြစ်၍ မူလတန်းစစ်ပညာသင်တန်းသို့ အသက် ၁၄၊ ၁၅၊ ၁၆ နှစ်အရွယ် မျိုးချစ်လူငယ်များကို တက်ရောက်ခွင့်ပေးခဲ့သည်။

ဖက်ဆစ်တော်လှန်ရေးကို ယခုတော်လှန်ရေးပန်းခြံ၌ ဗိုလ်ချုပ်အောင်ဆန်းက တပ်ထွက်မိန့်ခွန်းပြောကြားပြီးနောက် စတင်ချီတက်ခဲ့ရာ မူလတန်းစစ်ပညာသင်တန်းဆင်း ရဲဘော်ငယ်တို့သည် ရှေ့ဆုံးတန်းမှ ချီတက်ခဲ့ကြသည်။ ဖက်ဆစ်တော်လှန်ရေးကာလ၌ တိုင်း(၁)၊ မင်းလှစည်သူတိုင်း တပ်ရင်းအမှတ် ၁၀၀၃ တွင် မူလတန်းတပ်ဖွဲ့ဝင်များ ရွပ်ရွပ်ချွံချွံ တိုက်ပွဲဆင်နွှဲခဲ့ရာ ထူးခြားသောအောင်မြင်မှု ရရှိခဲ့သည်။ ဖက်ဆစ်တော်လှန်ရေး မူလတန်းတပ်ဖွဲ့ဝင် ရဲဘော်ငယ်ကလေးက ဂျပန်စစ်သုံ့ပန်းကို အမိအရဖမ်းဆီးကာ ထိုစဉ်က အင်္ဂလိပ်တပ်ဖွဲ့သို့ သွားရောက်အပ်နှံခဲ့ရာ အင်္ဂလိပ်နယ်ချဲ့၏တပ်ဖွဲ့မှ အရာရှိကြီးများမှာ ကြက်သီးမွေးညင်းထအောင် အံ့အားသင့်စွာချီးကျူးခဲ့ရသည်မှာ မြန်မာ့တပ်မတော်သမိုင်းတွင် မော်ကွန်းစိုက်ထူခဲ့ရသည်အထိ ထူးချွန်ပြောင်မြောက်ခဲ့ပါသည်။

ဤနေရာတွင်စပ်လျဉ်း၍ ထိုစဉ်က ရန်ကုန်မင်္ဂလာဒုံစစ်တက္ကသိုလ်ဗိုလ်သင်တန်းကျောင်းမှ မူလတန်းစစ်ပညာသင်တန်းကို သတင်းစာမှ ခေါ်ယူခဲ့သည့် ကြော်ငြာစာကို သမိုင်းဝင်မှတ်တမ်းတစ်ခုအဖြစ် ပြန်လည်ဖော်ပြလိုက်ပါသည်–

**အလိုရှိသည်**
**မူလတန်းစစ်ပညာသင်ကျောင်း–မင်္ဂလာဒုံ**
**ဒုတိယအပါတ်စစ်ပညာသင်ကြားရန်**
**ကျောင်းသားသစ်များထပ်မံရွေးချယ်မည်**

၁၃၀၅ ခု တန်ဆောင်မုန်းလဆန်း ၈ ရက်နေ့အထိ မူလတန်းစစ်ပညာသင်ကြားရေးအတွက် လျှောက်လွှာများကို လက်ခံလိမ့်မည်ဖြစ်ကြောင်း၊ လျှောက်လွှာရှင်များသည် အောက်ပါပုံစံအတိုင်း လျှောက်ထားနိုင်ကြောင်း

(က) အမည်----- အသက်(၁၄ နှစ်မှ ၁၆ နှစ်အထိ)
(ခ) လူမျိုး----- ပညာအရည်အချင်း -----
(ဂ) မိဘနေရပ်အပြည့်အစုံ -----

လျှောက်လွှာရှင်များသည် တိုင်းပြည်ကို ကာကွယ်ရန် စိတ်ဓာတ်ရင့်သန်၍ ကိုယ်အင်္ဂါကျန်းမာသန်စွမ်းပြီးလျှင် မိမိတို့သင်ကြားတတ်မြောက်ထားသောပညာများနှင့် ကျွမ်းကျင်သည့်ဘာသာများ ရေးသားရမည့်အပြင် မိမိတို့ပေးထားသောအသက်ကို ဟုတ်မှန်ကြောင်း မြို့--- ရွာ --- ခရိုင်အရာရှိများက တာဝန်ခံသည့် လက်မှတ်ပါရှိရမည်ဖြစ်ကြောင်း၊

၁၃၀၅ ခု တန်ဆောင်မုန်းလဆန်း ၁၀ ရက်နေ့တွင် ကျန်းမာခြင်းစစ်ဆေး၍ ၎င်းလဆန်း ၁၁ ရက်နေ့တွင် သင်္ချာ၊ ပထဝီ၊ ရာဇဝင်၊ မြန်မာစာ၊ နိပ္ပန်စာ စသည်များကို မေး၍ အဖြေခိုင်းမည်ဖြစ်ကြောင်း၊ အလယ်တန်းနှင့် အထက်တန်းတက်သူများကို ပိုမို၍ အခွင့်အရေးပေးမည်ဖြစ်ကြောင်း၊

ကျန်းမာခြင်းအောင်သောသူများအနက် ၅၀ ယောက်တို့အား မူလတန်းစစ်ပညာသင်ကျောင်း မင်္ဂလာဒုံသို့ တက်စေ၍ ကျန်သူ ၅၀ အား အချက်ပြဆက်သွယ်ရေးပညာသင်တန်းသို့ ဝင်ခွင့်ပြုမည်ဖြစ်ကြောင်း၊

ကျောင်းတက်နေစဉ်တွင် အစစကုန်ကျစရိတ်အပြင် အဝတ်အစားနှင့် လစဉ်မုန့်ဘိုးငွေ ၁၀ ပေးလိမ့်မည်။

ကျောင်းဝင်ပြီးသောအခါ ကျောင်းသားက မိမိ၏သဘောအရ ကျောင်းနှုတ်ထွက်နိုင်ခွင့်မရှိ၊ သင်ခန်းစာကောင်းစွာမလေ့လာသူများ၊ စာသင်လိုသောစိတ်ထက်သန်ခြင်း မရှိသူများ၊ ကျန်းမာခြင်းမညီညွတ်သူများတို့အား ကျောင်းမှနုတ်ထွက်ရန် အမိန့်ပေးလိမ့်မည်။

မူလတန်းစစ်ပညာသင်သူများသည် အကြမ်းအားဖြင့် နှစ်နှစ်ကြာမည်၊ လေ့ကျင့်ခန်းများ၏ရည်ရွယ်ချက်မှာ ကျောင်းသားများသည် ဗမာ့တပ်မတော်အရာရှိဗိုလ်များ ဖြစ်လာနိုင်ရန် သင်ကြားလေ့ကျင့်ရန်နှင့် မိမိတို့၏အတွင်းစိတ်ဓာတ်မြင့်မြတ်အောင် လေ့ကျင့်ရန်ဖြစ်ကြောင်း၊

လျှောက်လွှာရှင်များသည် ရန်ကုန်မြို့၊ ပြည်လမ်း၊ စစ်ဝန်ကြီးရုံး စစ်ပညာညွှန်ကြားရေးဌာနသို့ ၁၃၀၅ ခု တန်ဆောင်မုန်းလဆန်း ၈ ရက်နေ့ နောက်ဆုံးလျှောက်ထားနိုင်ကြောင်း။

**သိန်းဟန်**
**ဗိုလ်မှူး၊ ကလေး၊ အထွေထွေဌာနမှူး**
**စစ်ဝန်ကြီးရုံး၊ နေပြည်တော်**

ဟူ၍ဖြစ်သည်။

ချုပ်၍ဆိုပါလျှင် မြန်မာ့တပ်မတော်သည် တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံးအပေါ် ကျရောက်လာမည့်ဘေးအန္တရာယ်အသွယ်သွယ်ကို မကျရောက်အောင် ကာကွယ်တားဆီးခဲ့သကဲ့သို့ နောင်လည်း ကာကွယ်တားဆီးသွားမည်သာဖြစ်သည်။

စာမျက်နှာ ၁၂ သို့ ❁

# အိန္ဒိယနိုင်ငံမှ အိန္ဒိယလေတပ်ပညာရှင် Wg Cdr Savitesh Chandler Mishra ဦးဆောင်သောအဖွဲ့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို



**နေပြည်တော် မတ် ၂၀**

အိန္ဒိယနိုင်ငံမှ အိန္ဒိယလေတပ်ပညာရှင် Wg Cdr Savitesh Chandler Mishra ဦးဆောင်သော အဖွဲ့သည် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ယနေ့ညနေပိုင်းတွင် လာရောက်ဖူးမြော်ကြည်ညိုကြသည်။

ဦးစွာ အိန္ဒိယနိုင်ငံ အိန္ဒိယလေတပ်ပညာရှင် Wg Cdr Savitesh Chandler Mishra ဦးဆောင်သောအဖွဲ့အား မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာတည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့သည့် ဗီဒီယိုမှတ်တမ်းများကို ရှင်းလင်းပြသကြသည်။

ထို့နောက် ဘုရားဖူးအဖွဲ့သည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များအသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋီတိုက်များ၊ ဗိသုကာလက်ရာများဖြင့် ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသည့် အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီတော်များ၊ သုဓမ္မာဇရပ်များ၊ မုစလိန္ဒအိုင်နှင့် အခြားသာသနိကအဆောက်အအုံများကို ဖူးမြော်လေ့လာ ကြည်ညိုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နှမ်းသီးနှံစိုက်ပျိုးရာတွင် တောင်သူများ အကျိုးဖြစ်ထွန်းစေမည့် ဘောင်ကြီးတင်စိုက်ပျိုးနည်းနှင့် ပိုးမွှားရောဂါနှိမ်နင်းနည်းများအကြောင်း ဆွေးနွေး

**နေပြည်တော် မတ် ၂၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လမ်းညွှန်မှုဖြင့် တောင်သူများနှင့် စိုက်ပျိုးရေးသုတေသီပညာရှင်များအကြား အတွေးအမြင်အယူအဆကွာဟမှုမရှိစေဘဲ တစ်သားတည်း ဖြစ်စေရန် ရည်ရွယ်၍ အပတ်စဉ် စနေနေ့တိုင်း ကျင်းပလျက်ရှိသော အကြိမ်(၃၀) မြောက် တောင်သူနည်းပညာဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ရေဆင်းစိုက်ပျိုးရေးသုတေသနဦးစီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။



ဆွေးနွေးပွဲကို “ကျောက်ဆည်ဒေသ နှမ်းသီးနှံစိုက်ပျိုးမှုစနစ်များနှင့် ပိုးမွှားရောဂါနှိမ်နင်းနည်းများအကြောင်း” ခေါင်းစဉ်ဖြင့် ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ တင်ထွဋ်နှင့် နေပြည်တော်ကောင်စီနယ်မြေ ရွှေမြို့နယ်မှ တောင်သူများ၊ စိုက်ပျိုးရေးဆိုင်ရာ သုတေသီပညာရှင်များအကြား အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးက ယခုကဲ့သို့ ဆွေးနွေးပွဲများ အပတ်စဉ်ကျင်းပပေးရခြင်းသည် တောင်သူများနှင့် စိုက်ပျိုးရေး သုတေသီပညာရှင်များအကြား ဖြစ်ပေါ်နေသည့် နည်းပညာ၊ အတွေးအခေါ်၊ အယူအဆကွာဟမှုများ နည်းနိုင်သမျှနည်းအောင် လျော့နည်း ပပျောက်စေရန် အတူတကွပေါင်းစပ်ညှိနှိုင်းသွားရမည့် အလေ့အကျင့်ကောင်းရရှိရေး လုပ်ဆောင်ပေးခြင်းဖြစ်ကြောင်း၊ ယနေ့ နှမ်းသီးနှံနှင့် ပတ်သက်ပြီး အထွက်နှုန်းကောင်း၊ ရလဒ်ကောင်းစေသော စိုက်နည်းစနစ်ဖြစ်သည့် ဘောင်ကြီးတင် စိုက်ပျိုးနည်းစနစ်နှင့် နှမ်းသီးနှံတွင် ကျရောက်တတ်သော ပိုးမွှားရောဂါများ ကာကွယ်နှိမ်နင်းရေးနည်းလမ်းများနှင့်ပတ်သက်၍ တောင်သူများ အကျိုးရှေးရှုကာ ရည်ရွယ်ဆွေးနွေးကြမည်ဖြစ်ကြောင်း၊ တစ်ဆက်တည်း ပြောကြားလိုသည်မှာ စိုက်ပျိုးရေး သုတေသီပညာရှင်များအနေဖြင့် တောင်သူများ နားလည်လွယ်ကူသော အသုံးအနှုန်းများကို သတိထားရေးသား ပြောဆိုရန်လိုအပ်ကြောင်း၊ တောင်သူဦးကြီးများ ရောင်းဝယ်ဖောက်ကားရာတွင်လည်း တစ်ဦးချင်းထက် အစုအဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်း ရောင်းဝယ်ရန်လိုအပ်နေပြီဖြစ်ကြောင်း၊ မသမာသော နည်းလမ်းဖြင့် ရောင်းဝယ်ဖောက်ကားမှုကို သတိထား ရှောင်ရှားကြရန် လိုအပ်နေပြီဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

အကြိမ် (၃၀) မြောက် တောင်သူနည်းပညာဆွေးနွေးပွဲ (Farmers technical forum ) တွင် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ တိုင်းဦးစီးမှူးများ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ပါမောက္ခများနှင့် ဆရာ ဆရာမများ၊ စိုက်ပျိုးရေးဆိုင်ရာ ပညာရှင်များ၊ နေပြည်တော် ကောင်စီနယ်မြေ ရွှေမြို့နယ်အတွင်းမှ တောင်သူ ၁၀၂ ဦး၊ ပညာရှင်ဝန်ထမ်း ၈၅ ဦး၊ Zoon Application မှ တက်ရောက်သူ ၃၀ စုစုပေါင်း ၂၁၇ ဦး တက်ရောက်ပြီး ကျောက်ဆည်ဒေသ နှမ်းသီးနှံစိုက်ပျိုးမှုစနစ်များနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြမှုကို စိုက်ပျိုးရေးသုတေသနဦးစီးဌာန ကျောက်ဆည်သုတေသနခြံတာဝန်ခံ သုတေသနအရာရှိဦးတင့်လွင်က လည်းကောင်း၊ နှမ်းသီးနှံတွင် ကျရောက်တတ်သော ပိုးမွှားရောဂါများနှင့် ကာကွယ်နှိမ်နင်းနည်းလမ်းများအကြောင်းကို စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနမှ ဦးစီးအရာရှိ ဒေါက်တာ ရီရီမြင့်ကလည်းကောင်း ဆွေးနွေးရာ တောင်သူများ မေးမြန်းမှုအပေါ် ကဏ္ဍအလိုက် ပြန်လည်ဖြေကြားခဲ့ပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေး ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မိုင်းဖြတ်မြို့နယ် ဆွပ်ပန်း(ရှမ်း)ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**မိုင်းဖြတ် မတ် ၂၀**

တာချီလိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရဲခေါင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဝန်ထမ်းများသည် ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ ယမန်နေ့နံနက်ပိုင်းက မိုင်းဖြတ်မြို့နယ် ဆွပ်ပန်း (ရှမ်း)ကျေးရွာ ကုန်ထုတ်လမ်းနှင့် တံတားများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကုန်ထုတ်လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားပြီး ကျေးရွာတင်ပြချက်များအပေါ် ခရိုင်ဦးစီးမှူးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဆွပ်ပန်း(ရှမ်း) ကျေးရွာ ကျေးလက်ကုန်ထုတ်လမ်းသည် အရှည် ၆ ဒသမ ၆ ဖာလုံ၊ အကျယ် ၁၂ ပေ၊ ဒု ကိုးလက်မရှိ မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်း၊ အရှည် ပေ ၂၀၊ အကျယ် ၁၄ ပေ၊ အမြင့် ရှစ်ပေ တံတား တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၇၀၀ ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာဝန်ထမ်းများက ၂၀၂၃ ခုနှစ် ဩဂုတ် ၈ ရက်မှစတင်၍ တာဝန်ယူဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီ ဖြစ်ကြောင်း သိရသည်။

၂၂၂

❁ စာမျက်နှာ ၁၁ မှ

တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံးအပေါ်သို့ ဘေးအန္တရာယ်တစ်စုံတစ်ရာကျရောက်လာပါကလည်း တိုင်းရင်းသားပြည်သူတို့နှင့်အတူ တွန်းလှန်ဖယ်ရှားခဲ့သော အတွေ့အကြုံများရှိသကဲ့သို့ နောင်အနာဂတ်တွင်လည်း တွန်းလှန်ဖယ်ရှားသွားမည်သာဖြစ်သည်။

တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံးအတွက် အကျိုးရှိစေမည့် စီမံကိန်း၊ စီမံချက်အစီအစဉ်များကို ချမှတ်အကောင်အထည်ဖော်ရာတွင်လည်း တပ်မတော်သည် ကျရာအခန်းကဏ္ဍမှ ပါဝင်ခဲ့၏။ နောင်လည်း ပါဝင်ဆောင်ရွက်နေမည်သာဖြစ်သည်။

နိုင်ငံတော်၏ လွတ်လပ်မှုအချုပ်အခြာအာဏာပိုင်ဆိုင်မှုကို စိတ်ချလက်ချကာကွယ်စောင့်ရှောက်နိုင်သည့် အခြေအနေရှိအောင် အဆက်မပြတ်တည်ဆောက်နေမည်သာဖြစ်သည်။

နိုင်ငံသားများအားလုံး၊ တိုင်းရင်းသားလူမျိုးများအားလုံး၏ ကျစ်လျစ်ညီညွတ်သည့် စည်းလုံးရေးကို တည်ဆောက်ထိန်းသိမ်းနေမည်ဖြစ်သကဲ့သို့ နောင်အနာဂတ်တွင်လည်း အဆက်မပြတ်တည်ဆောက်သွားမည်သာဖြစ်သည်။

တပ်မတော်သည် အဖွဲ့အစည်းအားလုံးထဲတွင် အင်အားတောင့်တင်းအခိုင်မာဆုံးသောအဖွဲ့အစည်း (Strong Institution) ဖြစ်သည်ကို မြန်မာ့သမိုင်းဖြစ်စဉ်များက သက်သေခံလျက်ရှိသည်။ အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် တိုင်းရင်းသားပြည်သူများ၏ ရင်နှစ်သည်းချာများဖြင့် ဖွဲ့စည်းထားသောတပ်မတော်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ ပြည်သူ့ကိုယ်စားလှယ်များနှင့်အတူ နိုင်ငံတော်အကျိုး၊ တိုင်းရင်းသားပြည်သူတို့အကျိုးတို့ကို ဦးထမ်းပွဲထမ်းဆောင်ရွက်လျက်ရှိသည်။

စင်စစ်မှာ တပ်မတော်သည် “ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက် ငါ၏အသက်ကို စွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါ၏” ဟူ၍ နေ့စဉ်သစ္စာဆိုထားကြသူများဖြစ်၍ လက်တွေ့ဘဝ၌လည်း အသက်ကို **မခေါက်မရက်** စွန့်လွှတ်ဝံ့သောတိုင်းချစ်ပြည်ချစ် ပြည်သူ့သစ္စာခံများဖြစ်ကြသည်။ ငါးနှစ်တာ သတ်မှတ်ကာလကလေးအတွက် ဒေသတစ်ခုခုကို ကိုယ်စားပြုရွေးချယ်ခြင်းခံရသော ကိုယ်စားလှယ်မဟုတ်စေကာမူ ရာသက်ပန်တာဝန်ထမ်းဆောင်ရန် နိုင်ငံတော်က အပ်နှင်းထားသည့် ထာဝရပြည်သူ့ကိုယ်စားလှယ်များသာဖြစ်ကြသည်။ သို့ဖြစ်၍ အမိမြန်မာပြည်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်သည် နိုးကြားစွန့်စားရဲဝံ့ပြတ်သားစွာ ပြည်သူ့သစ္စာကို စောင့်သိတာဝန်ကျေပွန်စွာ တာဝန်ထမ်းဆောင်သွားမည်သာဖြစ်ပါသတည်း။ ။

■

# အစ္စရေးက လာမည့်ရက်ပိုင်းအတွင်း ဟားမတ်စ်အဖွဲ့နှင့် စေ့စပ်ညှိနှိုင်းရန် ကိုယ်စားလှယ်အဖွဲ့ စေလွှတ်မည်



**ဂျေရုဆလင် မတ် ၃၀**

အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုသည် ဟားမတ်စ်အဖွဲ့နှင့် အပစ်အခတ်ရပ်စဲရေးနှင့် ဓားစာခံများ လွှတ်ပေးရေး ဆွေးနွေးပွဲများ ပြန်လည်စတင်ရန် အတည်ပြုထားသောကြောင့် လာမည့် ရက်ပိုင်းအတွင်း ဟားမတ်စ်အဖွဲ့နှင့် စေ့စပ်ညှိနှိုင်းရန် ကာတာနိုင်ငံနှင့် အီဂျစ်နိုင်ငံတို့သို့ ကိုယ်စားလှယ်အဖွဲ့ စေလွှတ်မည်ဖြစ်ကြောင်း အစ္စရေးက ပြောကြားခဲ့သည်။

အစ္စရေးဝန်ကြီးချုပ်ရုံးက မတ် ၂၉ ရက်တွင် ထုတ်ပြန်သည့် ကြေညာချက်တွင် အထက်ပါအတိုင်း ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။

အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုသည် လာမည့်ရက်များအတွင်း ဒိုဟာနှင့် ကိုင်ရိုတို့တွင် ဆွေးနွေးပွဲများ ဆက်လက်ပြုလုပ်ရန် အတည်ပြုထားကြောင်း သိရသည်။

လက်ရှိအချိန်တွင် ဟားမတ်စ်သည် အစ္စရေးနှင့် စေ့စပ်ညှိနှိုင်းမှုများကို ကန့်ကွက်ခြင်းမရှိကြောင်းနှင့် ဆွေးနွေးပွဲများ ပြန်လည်စတင်နိုင်ခြေ တိုးမြင့်လာကြောင်း သိရသည်။

အစ္စရေးတပ်ဖွဲ့များက ဂါဇာကမ်းမြောင် တစ်လျှောက် လေကြောင်းတိုက်ခိုက်မှုများကို ဆက်လက်လုပ်ဆောင်ခဲ့ခြင်းကြောင့် အမျိုးသမီးများနှင့် ကလေးငယ်များအပါအဝင် အနည်းဆုံး လူ ၂၀ ထက်မနည်းသေဆုံးခဲ့ကြောင်း ဒေသတွင်းမီဒီယာက မတ် ၂၉ ရက်တွင် ပြောကြားခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**



# အာဖဂန်နစ္စတန်နိုင်ငံမြို့တော် ကဘူးလ်၌ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စီမံကိန်း ၁၆၅ ခု အကောင်အထည်ဖော်ဆောင်မည်

**ကဘူးလ် မတ် ၃၀**

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော် ကဘူးလ်၌ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာစီမံကိန်း ၁၆၅ ခုကို စတင်အကောင်အထည်ဖော်မည်ဖြစ်ကြောင်း ဒေသဆိုင်ရာရုပ်သံလိုင်း TOLOnews က ယနေ့ သတင်းဖော်ပြသည်။

အမေရိကန်ဒေါ်လာ ၈၉ ဒသမ ၈ သန်း ကုန်ကျမည့်စီမံကိန်းများတွင်ပြန်လည်ထူထောင်ရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးနှင့် သယ်ယူပို့ဆောင်ရေး ကဏ္ဍများ ပါဝင်ပြီး မြို့တော်သန့်ရှင်းသာယာဝပြောစေရန် ရည်ရွယ်ထားကြောင်း သိရသည်။

စိုက်ပျိုးရေးနှင့် စက်မှုလုပ်ငန်းအများအပြား အပါအဝင် လမ်းများ၊ ဆည်များနှင့် အခြားအခြေခံအဆောက်အအုံများလည်း ပါဝင်ကြောင်း သိရသည်။

စီမံကိန်းအားလုံးအတွက် ကုန်ကျစရိတ်ကို ကဘူးလ်မြို့တော်စည်ပင်သာယာရေးအဖွဲ့က ကျခံသွားမည်ဖြစ်ကြောင်း ကဘူးလ်မြို့တော်စည်ပင်သာယာရေးအဖွဲ့ တာဝန်ရှိသူ နီမာတူလာဘာရစ်ဇိုင်က ပြောသည်။

လူဦးရေ ခြောက်သန်းဝန်းကျင်ရှိသော ကဘူးလ်မြို့၌ သောက်သုံးရေနှင့် စွမ်းအင်ပြတ်လပ်မှု၊ လမ်းပန်းဆက်သွယ်ရေး ဆိုးရွားမှုနှင့် ကျန်းမာရေးဝန်ဆောင်မှုအားနည်းချက်များ အပါအဝင် ပြဿနာမျိုးစုံကို ရင်ဆိုင်နေရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# ဗဟိုအမေရိကနှင့် တောင်အမေရိကတို့၌ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု အဆိုးရွားဆုံးခံစားနေရ

**ရီယိုဒီဂျနေးရိုး မတ် ၃၀**

ဗဟိုအမေရိကနှင့် တောင်အမေရိကတို့၌ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု အဆိုးရွားဆုံးခံစားနေရကြောင်း ကျန်းမာရေးအာဏာပိုင်များက သတိပေးပြောကြားသည်။

**သုံးဆတိုးလာ**

ယမန်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ယခုနှစ်ဖြစ်ပွားမှုနှုန်းသည် သုံးဆ တိုးလာကြောင်း သိရသည်။

သွေးလွန်တုပ်ကွေးရောဂါသည် ခြင်မှကူးစက်သည့် ရောဂါဖြစ်သည်။ အဖျားကြီးပြီး ပြင်းထန်သော ခေါင်းကိုက်ခြင်းအပြင် ကြွက်သားနှင့် အဆစ်များပါ နာကျင်စေသည်။ ပြင်းထန်သော အခြေအနေများတွင် သေစေနိုင်သည်။

ဗဟိုအမေရိကနှင့် တောင်အမေရိကဒေသတို့၌ ယခုနှစ်အတွင်းရောဂါကူးစက်ခံရသူအရေအတွက်၃ ဒသမ ၅ သန်းကျော်ရှိပြီး သေဆုံးသူ ၁၀၀၀ ကျော်ရှိကြောင်း သိရသည်။

ဘရာဇီး၊ အာဂျင်တီးနားနှင့် ပါရာဂွေးနိုင်ငံတို့၌ ရောဂါကူးစက်ခံရမှုအရေအတွက်သည် ရောဂါကူးစက်မှုအားလုံး၏ ၉၀ ရာခိုင်နှုန်းဖြစ်သည်။

ယခုသီတင်းပတ် အစောပိုင်းတွင် ပွာတိုရီကို ဓနသဟာယနိုင်ငံက နိုင်ငံအတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု မြင့်တက်လာပြီးနောက် ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေ ကြေညာခဲ့သည်။ အလားတူ သွေးလွန်တုပ်ကွေး ရောဂါဖြစ်လေ့ဖြစ်ထ နည်းပါးသည့် ဗဟိုအမေရိကနှင့် ကာရေဘီယံဒေသတို့တွင်လည်း ရောဂါပျံ့နှံ့နေကြောင်း သိရသည်။



ယခုနှစ်အတွင်း ရောဂါကူးစက်မှုအရေအတွက်သည် ၄ ဒသမ ၅ သန်းကျော် ရှိလာနိုင်ကြောင်း ကျန်းမာရေးအာဏာပိုင်များက ခန့်မှန်းပြောကြားသည်။

**ကိုးကား – အင်န်အီတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# ဂါဇာကမ်းမြောင်၌ အစ္စရေး၏ တိုက်ခိုက်မှုများကြောင့် ပါလက်စတိုင်းသေဆုံးသူ ၃၂၇၀၅ ဦး ရှိလာ

**ဂျေရုဆလင် မတ် ၃၀**

ဂါဇာကမ်းမြောင်၌ အစ္စရေးတပ်ဖွဲ့ဝင်များ၏ တိုက်ခိုက်မှုများကြောင့် ပါလက်စတိုင်းသေဆုံးသူ ၃၂၇၀၅ ဦး ရှိလာခဲ့ကြောင်း ဟားမတ်စ်အဖွဲ့မှ ကျန်းမာရေးဝန်ကြီးဌာနက မတ် ၃၀ ရက်တွင် ပြောကြားသည်။

ပြီးခဲ့သော ၂၄ နာရီအတွင်း အစ္စရေးတပ်မတော်၏ စစ်ဆင်ရေး ဆင်နွှဲမှုကြောင့် ပါလက်စတိုင်းကမ်းရိုးတန်းဒေသတွင် ၈၂ ဦး သေဆုံးပြီး ၉၈ ဦး ဒဏ်ရာရရှိကြောင်း ဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြသည်။



အစ္စရေးနှင့် ဟားမတ်စ် ပဋိပက္ခစတင်သည့်အချိန်မှစပြီး သေဆုံးသူပေါင်း ၃၂၇၀၅ ဦးနှင့် ဒဏ်ရာရသူ ၇၅၁၉၀ ရှိကြောင်း ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်က အစ္စရေးတောင်ပိုင်းတွင် ဟားမတ်စ်အဖွဲ့၏ ထိုးစစ်ဆင်တိုက်ခိုက်မှုကြောင့် ၁၂၀၀ ခန့် သေဆုံးကာ ၂၅၀ ကျော် ဓားစာခံအဖြစ်ဖမ်းဆီးခံခဲ့ရသည်။ အစ္စရေးတပ်ဖွဲ့ဝင်များသည် လက်တုံ့ပြန်သည့်အနေဖြင့် ဂါဇာကမ်းမြောင်ဒေသရှိ ဟားမတ်စ်အဖွဲ့ကို ပြင်းပြင်းထန်ထန် ထိုးစစ်ဆင်လျက်ရှိသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# ဖိလစ်ပိုင်၌ ၂၀၂၃ ခုနှစ်တွင် လူကြောင့်ဖြစ်သော သဘာဝဘေးအန္တရာယ်များကြောင့် ကန်ဒေါ်လာ ၁၆၄ ဒသမ ၈၇ သန်း ဆုံးရှုံးခဲ့

**မနီလာ မတ် ၃၀**

၂၀၂၃ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ၌ လူကြောင့်ဖြစ်သော သဘာဝဘေးအန္တရာယ်ကြောင့် စုစုပေါင်း ပျက်စီးဆုံးရှုံးမှု တန်ဖိုးမှာ ပီဆို ၉ ဒသမ ၂၉ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၆၄ ဒသမ ၈၇ သန်း) ရှိကြောင်း ဖိလစ်ပိုင်နိုင်ငံ စာရင်းအင်းအာဏာပိုင်အဖွဲ့ (PSA) က မတ် ၂၈ ရက်တွင် ပြောကြားခဲ့သည်။

ရေနံယိုဖိတ်မှုကြောင့် နှစ်စဉ် ပျက်စီးဆုံးရှုံးမှု စုစုပေါင်းမှာ ပီဆို ၄ ဒသမ ၉၃ ဘီလီယံ (ဒေါ်လာ ၈၇ ဒသမ ၅ သန်း) သို့မဟုတ် ၅၃ ဒသမ ၁ ရာခိုင်နှုန်းဖြစ်ကြောင်း ယင်းအေဂျင်စီက ပြောသည်။

ဖိလစ်ပိုင်နိုင်ငံသည် ယမန်နှစ် ဖေဖော်ဝါရီလက လူဇုန်ကျွန်းအနီးရှိ အော်ရီယန်တယ်မီဒိုရိုပြည်နယ် ကမ်းလွန်တွင် နစ်မြုပ်ခဲ့သော ရေနံတင်သင်္ဘောကြောင့် ကြီးမားသော ရေနံယိုစိမ့်မှုဒဏ်ကို ခံစားခဲ့ရသည်။

လက်နက်ကိုင်ပဋိပက္ခများနှင့် မီးလောင်ကျွမ်းမှုကဲ့သို့သော လူကြောင့်ဖြစ်သော အသေးစားဖြစ်ရပ်များသည် ၂၀၂၃ ခုနှစ်တွင် ပီဆို ၄ ဒသမ ၃၆ ဘီလီယံ (အမေရိကန်ဒေါ်လာ ၇၇ ဒသမ ၃၉ သန်း) ကုန်ကျခဲ့ကြောင်း ဖိလစ်ပိုင်နိုင်ငံ စာရင်းအင်းအာဏာပိုင်အဖွဲ့က ပြောကြားခဲ့သည်။

တစ်ချိန်တည်းတွင်ပင် သဘာဝလွန်ဖြစ်ရပ်များနှင့် ဘေးအန္တရာယ်များကြောင့် ယမန်နှစ်က စုစုပေါင်းပျက်စီးဆုံးရှုံးမှုအတွက် ပီဆို ၂၄ ဒသမ ၄၉ ဘီလီယံ (အမေရိကန်ဒေါ်လာ ၄၃၄ ဒသမ ၆၆ သန်း) ဖြစ်စေခဲ့ပြီး ၂၀၂၂ ခုနှစ်ကထက် ၁၇ ဒသမ ၅ ရာခိုင်နှုန်း လျော့နည်းခဲ့ကြောင်း ဖိလစ်ပိုင်နိုင်ငံ စာရင်းအင်းအာဏာပိုင်အဖွဲ့က ပြောကြားခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံသည် ရာသီဥတုဖောက်ပြန်မှုဒဏ်ကို အခံရဆုံးနိုင်ငံများထဲတွင် ပါဝင်ပြီး ကမ္ဘာပေါ်၌သဘာဝဘေးအန္တရာယ် အခံရဆုံးနိုင်ငံများထဲတွင် ပါဝင်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# ကချင်ပြည်နယ်ဝန်ကြီးချုပ် ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာ မိုင်းနား KBC IDPs စခန်း၌ ယာယီတိုက်ပွဲရှောင်ပြည်သူများအား တွေ့ဆုံအားပေး

## မိသားစုများ၊ ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်များ၊ မသန်စွမ်းများအတွက် အခြေခံစားသောက်ကုန်များနှင့် ထောက်ပံ့ငွေများ ပေးအပ်



မြစ်ကြီးနား မတ် ၃၀

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်အတွင်း လတ်တလောနယ်မြေအခြေအနေအရ ဝိုင်းမော်မြို့နှင့် မိုင်းနားကျေးရွာ၊ နောင်တာလော၊ နောင်ချိန်း၊ ခေတ်ချိုကျေးရွာတို့ရှိ ဘာသာရေးကျောင်းများ၊ နီးစပ်ရာဆွေမျိုးနေအိမ်များတွင် နေထိုင်လျက်ရှိသော ယာယီတိုက်ပွဲရှောင်အိမ်ထောင်စုများအား ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် မတ် ၂၉ ရက် မွန်းလွဲ ၂ နာရီက မိုင်းနားကျေးရွာအတွင်းရှိ မိုင်းနား KBC IDPs စခန်းသို့ ဒုတိယအကြိမ် သွားရောက်တွေ့ဆုံ အားပေးထောက်ပံ့သည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အားပေးစကား ပြောကြားသည်။

**ထောက်ပံ့ပေးအပ်**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများက ဝိုင်းမော်မြို့နယ်အတွင်းရှိ အောင်မြင်(၁/၂)၊ ရွှေညောင်ပင်၊ ကဇူး၊ ဒဘတ်ယန်၊ စန်းကား၊ နောင်ဟီး၊ အင်းလေး၊ ရွာသစ်ကျေးရွာများမှ လာရောက်တိမ်းရှောင်ခိုလှုံလျက်ရှိသော အိမ်ထောင်စု စုစုပေါင်း ၂၆၈ စု၊ လူဦးရေ ၁၁၄၁ ဦးတို့အတွက် ကချင်ပြည်နယ်အစိုးရအဖွဲ့က စုစုပေါင်းငွေကျပ် ၉၂၉၄၀၀၀ တန်ဖိုးရှိ စားသောက်ကုန်ပစ္စည်းများကိုလည်းကောင်း၊ ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ဆန်ရိက္ခာဖိုးငွေကျပ် ၆၄၂၁၅၀၀၀ ကိုလည်းကောင်း၊ ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနက သုံးနှစ်အောက်ကလေး ၄၀၉ ဦးတို့အတွက် ငွေကျပ် ၁၂၂၇၀၀၀၀၊ အသက် ၇၀ နှစ်နှင့်အထက် ဘိုးဘွား ၂၉၅ ဦးတို့အတွက် ငွေကျပ် ၈၈၅၀၀၀၀၊ ကိုယ်ဝန်ဆောင်မိခင် ၆၄ ဦးတို့အတွက် ငွေကျပ် ၁၉၂၀၀၀၀၊ မသန်စွမ်း ၁၁၈ ဦးတို့အတွက် ငွေကျပ် ၃၅၄၀၀၀၀ ကိုလည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း (MWCDF)က ငွေကျပ် ၁၈၉၃၁၀၀ တန်ဖိုးရှိ ဆန်အိတ် ၁၀ အိတ်၊ ခေါက်ဆွဲခြောက်ဖာ ၁၅ ဖာ၊ ကလေးကစားစရာအရုပ်များနှင့် မသန်စွမ်းအမျိုးသမီးများအတွက် အဝတ်အထည်များကိုလည်းကောင်း၊ Humanity Inclusion (HI)က ငွေကျပ် ၄၃၂၀၀၀ တန်ဖိုးရှိ မသန်စွမ်းအမျိုးသားများအတွက် အဝတ်အထည်များကိုလည်းကောင်း၊ ကချင်ပြည်နယ် အမျိုးသမီးများ လူမှုစီးပွားအကျိုးပြု စွမ်းဆောင်ရှင်များအသင်းက ငွေကျပ် ၂၂၄၀၀၀ တန်ဖိုးရှိ ကိုယ်ဝန်ဆောင်မိခင်များအတွက် လုံချည်များကိုလည်းကောင်း စုစုပေါင်း ကချင်ပြည်နယ်အစိုးရအဖွဲ့၊ ဌာနဆိုင်ရာများနှင့် အဖွဲ့အစည်းအသီးသီးက ပစ္စည်းနှင့် ငွေသား တန်ဖိုးကျပ် ၁၀၂၆၃၈၁၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

**ဖြည့်ဆည်းဆောင်ရွက်ပေး**

ဆက်လက်၍ ယာယီတိမ်းရှောင်လာသော ပြည်သူများက လတ်တလော နေထိုင်စားသောက်ရာတွင် လိုအပ်ချက်များ၊ ကလေးငယ်များအတွက် လိုအပ်ချက်များနှင့် အခက်အခဲများကို တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က မိသားစုများ၏ လိုအပ်ချက်များကို အမြန်ဆုံးဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်၍ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

---

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် မတ် ၃၀

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာ မတ် ၂၈ ရက်တွင် အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် ဂျပန်နိုင်ငံထုတ် မုန့် ၉၀ ကီလိုဂရမ်အပါအဝင် ကုန်ပစ္စည်းငါးမျိုး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၆၈၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မတ် ၂၈ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရွာသာကြီး Dry Port ၌ သာမညမှ ရန်ကုန် သို့ မောင်းနှင်လာသော ယာဉ်နှစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Lactasoy ပဲနို့ဘူး ၄၈၀၀၊ POLENE Plastics Resin ကီလိုဂရမ် ၃၀၀၀ အပါအဝင် ကုန်ပစ္စည်းကိုးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၆၄၄၆၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် King Long Bus တစ်စီး၊ Mitsubishi Fuso Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၇၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၆၆၄၄၆၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




ရန်ကုန်တိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

ထို့အတူ မတ် ၂၈ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သရက်ခရိုင် မင်းတုန်းမြို့နယ်၌ တရားမဝင်အခြားသစ် ၁ ဒသမ ၁၇၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၆၆၉၀)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မတ် ၂၉ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၄ ဒသမ ၆၂၈ တန်၊ သစ်မာသုည ဒသမ ၆၅၀ တန်နှင့် အခြားသစ် သုည ဒသမ ၇၁၆ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၂၁၁၃၀၆၄ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မတ် ၂၉ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ဖိမ်တံဆိပ်ပါ အရက်သန့်ဘူး ၅၀၄၀၊ Tiger ဘီယာ ၆၈၄ ပုလင်း၊ 8.6 တံဆိပ်ပါ ဘီယာသံဘူးအရှည် ၁၀၈၀ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၉၄၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ယစ်မျိုးဥပဒေပုဒ်မနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မတ် ၂၉ ရက်တွင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်လမြိုင်မြို့နယ် နောင်ခရီ(၂)ရပ်ကွက်၌ တရားမဝင်အခြားသစ် သုည ဒသမ ၆၈၇ တန်၊ 25 HP အင်ဂျင်တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ၁၁၆၀၈၂၉ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မတ် ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၀ မှု (ခန့်မှန်းတန်ဖိုးငွေ ၁၄၉၃၅၇၁၈၃ ကျပ်) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

---

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် မတ် ၃၀

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

**အရေးယူဆောင်ရွက်**

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် မတ် ၂၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Kyaw Mya Soe” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ရွှေမင်းဝံရပ်ကွက်နေ ကျော်မြစိုး အား မွန်းလွဲ ၃ နာရီ ၁၅ မိနစ်တွင် သက်ဆိုင်ရာရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

( ခ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

( ဂ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

( စ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS)၀၉-၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကဒ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ဟိုပုံးမြို့ရှိ ဒေသခံတိုင်းရင်းသားပြည်သူများက ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ်နှင့် ဆီဆိုင်မြို့နယ်တို့၌ တိုက်ပွဲဖော်ဆောင်နေသော အကြမ်းဖက်သောင်းကျန်းသူများအား အလိုမရှိဟု ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်

**နေပြည်တော် မတ် ၃၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်နှင့် ဆီဆိုင်မြို့နယ်များအတွင်း ဒေသကောင်းစားရေးဟု သုံးနှုန်း၍ အမှန်တကယ်တွင် အဖျက်အမှောင့်လုပ်ရပ်များကိုသာ စဉ်ဆက်မပြတ် လုပ်ဆောင်လျက်ရှိသည့် PNLO၊ KNDF၊ PDFအမည်ခံ အကြမ်းဖက်သောင်းကျန်းသူများသည် ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်နှင့် ဒေသခံတိုင်းရင်းသားများ၏ လူမှုစီးပွားဘဝများ ပျက်စီးဆုံးရှုံးစေရန် ရည်ရွယ်၍ စစ်ရေးပစ်မှတ်မဟုတ်သည့် ဒေသခံတိုင်းရင်းသားပြည်သူများ နေထိုင်ရာ မြို့၊ ရွာ၊ ရပ်ကွက်များအား တိုက်ပွဲများဖော်ဆောင်ခြင်း၊ သာသနိကအဆောက်အအုံများနှင့် စာသင်ကျောင်းများအတွင်းသို့ Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသောကြောင့် ၎င်းတို့၏လုပ်ရပ်များအား ဒေသခံ တိုင်းရင်းသားပြည်သူများအနေဖြင့် လုံးဝလက်ခံနိုင်မှုမရှိဘဲ ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချလျက်ရှိသည်။

ထိုသို့ကန့်ကွက်ရှုတ်ချလျက်ရှိရာ ယနေ့နံနက် ၈ နာရီခန့်တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ဟိုပုံးမြို့မှ ဒေသတည်ငြိမ်အေးချမ်းရေးကို လိုလားသည့် သံဃာတော်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူ အင်အား ၁၁၀၀ ကျော်ခန့်သည် အဆိုပါမြို့ရှိ မြို့မအားကစားကွင်း၌ စုဝေးပြီး ၎င်းစုရပ်နေရာမှ ဟိုပုံး-ဆီဆိုင်လမ်းမကြီးအတိုင်း မွေတော်ဘုရားရှေ့ကျောက်တိုင်ကွင်းသို့ ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ချီတက်၍ ဆန္ဒဖော်ထုတ်ကြကာ နံနက် ၉ နာရီခန့်တွင် အေးချမ်းစွာလူစုခွဲခဲ့ကြသည်။

ချီတက်ရာ လမ်းတစ်လျှောက်တွင် **“KNDF ၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့ အလိုမရှိ၊ NUG ၊ CRPH အကြမ်းဖက်အဖွဲ့ အလိုမရှိ၊ TNLA အကြမ်းဖက်အဖွဲ့ အလိုမရှိ၊ ကျေးရွာနေအိမ်များ မီးရှို့ဖျက်ဆီးနေကြသည့် အကြမ်းဖက်အဖွဲ့ အလိုမရှိ၊ ပြည်သူလူထုလူမှုစီးပွားဘဝ ဖျက်ဆီးနေသည့် အကြမ်းဖက်အဖွဲ့** အလိုမရှိ၊ ဒေသတည်ငြိမ်အေးချမ်းမှု ဖျက်ဆီးသူဒို့ရန်သူ၊ အမျိုးဘာသာ သာသနာ ဖျက်ဆီးသည့်အကြမ်းဖက်အဖွဲ့အား ချေမှုန်းကြ ” စသည့် ကြွေးကြော်သံများကို သံပြိုင်ကြွေးကြော်ခဲ့ကြပြီး ဆန္ဒထုတ်ဖော်ပွဲကို အောင်မြင်စွာကျင်းပခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

## စစ်ကိုင်းမြို့နယ် စစ်ကိုင်း-မင်းကွန်းသွားလမ်းပိုင်းတွင် ပြည်သူ ၅၀ ခန့်အား ဖမ်းဆီးပြီး ငွေဖြင့်ပြန်ရွေးခိုင်းခဲ့ကြောင်းနှင့် မရွေးနိုင်သူများအား စစ်မှုထမ်းရန် ခေါ်ဆောင်သွားကြောင်း သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် မတ် ၃၀**

စစ်ကိုင်း-မင်းကွန်းသွား လမ်းပိုင်း၌ မတ် ၂၉ ရက် ညနေခင်း လုပ်ငန်းမှပြန်လာသည့် ပြည်သူ ၅၀ ခန့်ကို ဖမ်းဆီးခဲ့ပြီး ငွေဖြင့်ပြန်ရွေးခိုင်းခဲ့ကြောင်းနှင့် မရွေးနိုင်သူများအား စစ်မှုထမ်းရန် ခေါ်ဆောင်သွားကြောင်း သတင်းတု၊ သတင်းအမှားများအား တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်ရေးသားဖြန့်ဝေနေသည်ကို တွေ့ရသည်။

ဖြစ်စဉ်အမှန်မှာ မတ် ၂၉ ရက်တွင် စစ်ကိုင်းမြို့ပေါ်ရှိ နေရာအချို့၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အဖွဲ့ဝင်များနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ လမ်းအသုံးပြုသူ မိဘပြည်သူများ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းစေရေးအတွက် အသိပညာပေးခြင်း နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာဆောင်ရွက်မှု စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်းနှင့် ပြည်သူအချို့အား ဖမ်းဆီးထားသည်ဆိုသည်မှာ မှန်ကန်မှုမရှိကြောင်း သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်မှုဆိုင်ရာ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ပြည်သူ့စစ်မှုထမ်းဥပဒေ စတင်အာဏာတည်သည့်နေ့မှစ၍ တရားမဝင် ပြည်ဖျက်မီဒီယာများက ပြည်သူများစိုးရိမ်ထိတ်လန့်စေရန် လုပ်ကြံသတင်းမျိုးစုံအား ဖြန့်ဝေခြင်း၊ သတင်းတု၊ သတင်းအမှားများဖြင့် မဟုတ်မမှန်စွပ်စွဲ၍ ယုတ်မာအောက်တန်းကျစွာဖြင့် လုပ်ကြံဖန်တီးရေးသားခြင်းများ ဆောင်ရွက်နေခြင်းသာဖြစ်ကြောင်း သိရသည်။




**သတင်းစဉ်**

## မြောင်းမြမြို့နယ်၌ နှစ်ပေါးစံပြကွက် ရိတ်သိမ်း

**မြောင်းမြ မတ် ၃၀**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် မဒေါ့ပင်ကျေးရွာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဦးဆောင်ကျင်းပသည့် ၂၀၂၄ ခုနှစ် နှစ်ပေါးစံပြကွက် စံကွက်ရိတ်သိမ်းပွဲကို ယနေ့ ညနေ ၄ နာရီက ကျင်းပသည်။

နှစ်ပေါးစံပြကွက် စံကွက်ရိတ်သိမ်းခြင်းကို မဒေါ့ပင်ကျေးရွာ ကွင်းအမှတ် (၂၁၉/ခ) တောင်သူ ဦးသက်နိုင်ဦး၏လယ်မြေတွင် ပြုလုပ်ပြီး နယူးဧရာ-၁ နှစ်ပေါးစံပြကွက် ဧက ၂၀ စံကွက်ရိတ်သိမ်းရာ တစ်ဧကအစိုတင်း ၂၁၄ တင်း၊ အခြောက်တင်း ၂၀၄ တင်း ထွက်ရှိကြောင်း သိရသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစန်းငွေနှင့်ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်ခင်ငွေမြင့်တို့က နှစ်ပေါး၊ မိုးစပါးစိုက်ပျိုးရာတွင် တစ်ဧကပန်းတိုင် အထွက်နှုန်းရရှိရေးအတွက် တောင်သူများကို ပညာပေးဆွေးနွေးပြီး တောင်သူများက သိလိုသည်များကို ပြန်လည်ဆွေးနွေးခြင်းတို့ ဆောင်ရွက်ခဲ့သည်။

အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ ခရိုင်/ မြို့နယ် စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ စိုက်ပျိုးရေး ဝန်ထမ်းများ၊ ကျေးရွာ ခုနှစ်အုပ်စုမှ တောင်သူ ၁၅၀ တို့ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ဝေဝေ(မြောင်းမြ)**

# အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ကျင်းပဆောင်ရွက်ပေးမည့် တက္ကသိုလ်ဝင်စာမေးပွဲ စစ်မေးမည့် အချိန်စာရင်းနှင့် စာစစ်ဌာနများစာရင်း သတ်မှတ်ကြေညာခြင်း

၁။ ကျင်းပပြီးစီးခဲ့သည့် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုရန် မှတ်ပုံတင်ထားပြီးဖြစ်သော်လည်း လုံခြုံရေးအခြေအနေအရ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့် မရခဲ့ကြသည့် ဒေသအချို့ရှိ ကျောင်းသား ကျောင်းသူများအတွက် အထူးအစီအစဉ်တစ်ရပ်အနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၏ ပံ့ပိုးကူညီပေးမှုနှင့် သတ်မှတ်ထားသည့် အခြေခံပညာကျောင်းများရှိ စာစစ်ဌာနများသို့ ကျောင်းသား ကျောင်းသူများအား စုစည်းခေါ်ယူ၍ စာမေးပွဲဖြေဆိုစေမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါသည်။

၂။ အဆိုပါ အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ကျင်းပဆောင်ရွက်မည့် တက္ကသိုလ်ဝင်စာမေးပွဲ အချိန်စာရင်းနှင့် စာစစ်ဌာနများစာရင်းကို အောက်ပါအတိုင်း ကြေညာအပ်ပါသည် -

## စာမေးပွဲအချိန်စာရင်း

| ရက်စွဲ | အချိန် | ဘာသာရပ် |
|---|---|---|
| ၁ | ၂ | ၃ |
| ၂၉-၄-၂၀၂၄ တနင်္လာနေ့ | နံနက်(၉)နာရီမှ (၁၂)နာရီအထိ | မြန်မာစာ |
| ၃၀-၄-၂၀၂၄ အင်္ဂါနေ့ | နံနက်(၉)နာရီမှ (၁၂)နာရီအထိ | အင်္ဂလိပ်စာ |
| ၂-၅-၂၀၂၄ ကြာသပတေးနေ့ | နံနက်(၉)နာရီမှ (၁၂)နာရီအထိ | သင်္ချာ |
| ၃-၅-၂၀၂၄ သောကြာနေ့ | နံနက်(၉)နာရီမှ (၁၂)နာရီအထိ | ဓာတုဗေဒ/ ပထဝီဝင် |
| ၄-၅-၂၀၂၄ စနေနေ့ | နံနက်(၉)နာရီမှ (၁၂)နာရီအထိ | ရူပဗေဒ/ သမိုင်း |
| ၆-၅-၂၀၂၄ တနင်္လာနေ့ | နံနက်(၉)နာရီမှ (၁၂)နာရီအထိ | ဇီဝဗေဒ/ ဘောဂဗေဒ |

## စာမေးပွဲကျင်းပမည့်စာစစ်ဌာနများ

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | မြို့နယ် | စာစစ်ဌာန |
|---|---|---|---|
| ၁ | ကချင်ပြည်နယ် | မြစ်ကြီးနား | အထက(၉)မြစ်ကြီးနား |
| ၂ | ကရင်ပြည်နယ် | ဘားအံ | အထက(၂)ဘားအံ |
| ၃ | ချင်းပြည်နယ် | မတူပီ | အထက(၂)မတူပီ |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး | မုံရွာ | အထက(၂)မုံရွာ |
| ၅ | တနင်္သာရီတိုင်းဒေသကြီး | ထားဝယ် | အထက(၁)ထားဝယ် |
| ၆ | နေပြည်တော် | ဇမ္ဗူသီရိ | အထက(၁၄) |
| ၇ | ပဲခူးတိုင်းဒေသကြီး(အရှေ့) | တောင်ငူ | အထက(၁)တောင်ငူ |
| ၈ | ပဲခူးတိုင်းဒေသကြီး(အနောက်) | ပြည် | အထက(၅)ပြည် |
| ၉ | မကွေးတိုင်းဒေသကြီး | မကွေး | အထက(၃)မကွေး |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | အောင်မြေသာစံ | အထက(၈)အောင်မြေသာစံ |
| | | ပြင်ဦးလွင် | အထက(၂)ပြင်ဦးလွင် |
| | | မိတ္ထီလာ | အထက(၁)မိတ္ထီလာ |
| ၁၁ | မွန်ပြည်နယ် | မော်လမြိုင် | အထက(၇)မော်လမြိုင် |
| ၁၂ | ရခိုင်ပြည်နယ် | စစ်တွေ | အထက(၁)စစ်တွေ |
| | | | အထက(၂)စစ်တွေ |
| | | | အထက(၄)စစ်တွေ |
| | | | အထက(၅)စစ်တွေ |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | သန်လျင် | အထက(၁)သန်လျင် |
| | | မင်္ဂလာဒုံ | အထက(၁)မင်္ဂလာဒုံ |
| | | သင်္ဃန်းကျွန်း | အထက၊ သုဝဏ္ဏ |
| | | ကြည့်မြင်တိုင် | အထက(၁)ကြည့်မြင်တိုင် |
| ၁၄ | ရှမ်းပြည်နယ်(တောင်) | တောင်ကြီး | အထက(၃)တောင်ကြီး |
| ၁၅ | ရှမ်းပြည်နယ်(မြောက်) | လားရှိုး | အထက(၈)လားရှိုး |
| ၁၆ | ရှမ်းပြည်နယ်(အရှေ့) | ကျိုင်းတုံ | အထက(၂)ကျိုင်းတုံ |
| ၁၇ | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ် | အထက(၁)ပုသိမ် |
| | | မြောင်းမြ | အထက(၁)မြောင်းမြ |
| | | မအူပင် | အထက(၁)မအူပင် |

၃။ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုရန် မှတ်ပုံတင်ထားပြီးဖြစ်သော်လည်း လုံခြုံရေးအခြေအနေအရ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့်မရခဲ့ကြသည့် ဒေသအချို့ရှိ ကျောင်းသား ကျောင်းသူများအနေဖြင့် စာမေးပွဲဝင်ရောက်ဖြေဆိုခွင့်ကို ယခုကြေညာချက်ပါ စာစစ်ဌာနများအနက် မိမိဖြေဆိုလိုသည့် စာစစ်ဌာနများသို့ ၁၂-၄-၂၀၂၄ (သောကြာနေ့) နောက်ဆုံးထား၍ သတင်းပေးပို့ စာရင်းသွင်းရမည်ဖြစ်ပါသည်။

**ပညာရေးဝန်ကြီးဌာန**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၁-၃-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၉၅ | ၂၈၄၅ | ၂၈၄၀ | ၂၈၀၅ | ၂၈၄၀ | ၂၈၆၅ | ၂၈၅၀ | ၂၈၃၀ | ၂၉၂၅ | ၂၉၄၅ | ၂၈၃၅ | ၂၈၄၅ | ၂၈၈၀ | ၂၈၈၀ | ၂၈၈၅ | ၃၁၁၅ | ၃၃၀၀ |
| 95 Ron | ၂၉၁၅ | ၂၉၆၅ | ၂၉၆၀ | ၂၉၂၀ | ၂၉၆၀ | ၂၉၈၅ | ၂၉၇၀ | ၂၉၄၅ | ၃၀၄၅ | ၃၀၆၀ | ၂၉၅၀ | ၂၉၇၀ | ၃၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၃၂၃၀ | ၃၄၃၀ |
| HSD (500 ppm) | ၂၄၀၀ | ၂၄၅၀ | ၂၄၄၅ | ၂၄၃၀ | ၂၄၄၅ | ၂၄၇၀ | ၂၄၆၅ | ၂၄၃၀ | ၂၅၅၀ | ၂၅၄၅ | ၂၄၄၀ | ၂၄၅၀ | ၂၄၈၅ | ၂၄၈၅ | ၂၄၉၀ | ၂၇၁၅ | ၃၇၂၅ |
| HSD (50 ppm) | ၂၄၄၅ | ၂၄၉၅ | ၂၄၉၀ | ၂၄၅၅ | ၂၄၉၀ | ၂၅၁၅ | ၂၅၁၀ | ၂၄၈၀ | ၂၆၀၀ | ၂၅၉၀ | ၂၄၈၅ | ၂၄၉၅ | ၂၅၃၀ | ၂၅၃၀ | ၂၅၃၅ | ၂၇၆၅ | ၃၇၈၅ |
| HSD (10 ppm) | ၂၄၄၅ | ၂၄၉၅ | ၂၄၉၀ | ၂၄၅၅ | ၂၄၉၀ | ၂၅၁၅ | ၂၅၁၀ | ၂၄၈၀ | ၂၆၀၀ | ၂၅၉၀ | ၂၄၈၅ | ၂၄၉၅ | ၂၅၃၀ | ၂၅၃၀ | ၂၅၃၅ | ၂၇၆၅ | ၃၇၈၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၆၈ | ၂၇၅၅ |
| 95 Ron | ၂၇၈၂ | ၂၈၇၁ |
| HSD (500 ppm) | ၂၂၈၄ | ၂၃၅၉ |
| HSD (50 ppm) | ၂၃၂၈ | ၂၄၀၅ |
| HSD (10 ppm) | ၂၃၂၈ | ၂၄၀၅ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

ဝ၆၇- ၄၁၁၃၇၃၊ ဝ၉-၂၅၄၆၂၅၄၇၇

ဝ၆၇- ၄၁၁၂၈၂၊ ဝ၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

### ❂ နယူးကာဆယ်မှ

အီဆက်ရဲ့ပင်နယ်တီသွင်းဂိုးနဲ့ ဦးဆောင်ဂိုး စတင်ရရှိခဲ့ပြီး ပွဲကစားချိန် ၂၁ မိနစ်မှာ အန်တိုနီယိုရဲ့သွင်းဂိုး၊ ပထမပိုင်းပွဲကစားချိန်အပြီး နာကျင်အချိန်ပို ၁၀ မိနစ်မှာ ကူဒက်ရဲ့သွင်းဂိုးနဲ့ ဒုတိယပိုင်းပွဲကစားချိန် ၄၈ မိနစ်မှာ ဘိုဝင်ရဲ့သွင်းဂိုးတို့ ရရှိခဲ့တာကြောင့် ဝက်စ်ဟမ်းအသင်းက သုံးဂိုး-တစ်ဂိုးနဲ့ ဦးဆောင်နိုင်ခဲ့ပါတယ်။

ဒါပေမဲ့ နယူးကာဆယ်အသင်းဟာ ဒုတိယပိုင်းပွဲကစားချိန် ၇၇ မိနစ်မှာ အီဆက်ရဲ့ပင်နယ်တီသွင်းဂိုး၊ ၈၃ မိနစ်နဲ့ မိနစ် ၉၀ တို့မှာ ဟာဗေးဘားနက်စ်ရဲ့သွင်းဂိုးနှစ်ဂိုးတို့ ထပ်မံရရှိခဲ့တာကြောင့် နယူးကာဆယ်အသင်းက ဝက်စ်ဟမ်းအသင်းကို အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

အခုပွဲစဉ်မှာ ဝက်စ်ဟမ်းအသင်းအတွက် သွင်းဂိုးတစ်ဂိုးစီသွင်းယူနိုင်ခဲ့တဲ့ ကူဒက်နဲ့ ဘိုဝင်တို့ဟာ ဂိုးဖန်တီးမှု တစ်ကြိမ်စီ ပြုလုပ်ထားနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါ့ပြင် ဝက်စ်ဟမ်းတိုက်စစ်မှူး ဘိုဝင်ဟာ ဝက်စ်ဟမ်းအသင်းနဲ့အတူ လက်ရှိဘောလုံးရာသီမှာ ပရီမီယာလိဂ်သွင်းဂိုး ၁၅ ဂိုးအထိရှိလာခဲ့ပြီဖြစ်တာကြောင့် လီဗာပူးအသင်းတိုက်စစ်မှူး မိုဟာမက်ဆာလာရဲ့ ပရီမီယာလိဂ်သွင်းဂိုးအရေအတွက်နဲ့ တူညီသွားခဲ့ပြီလည်းဖြစ်ပါတယ်။

နယူးကာဆယ်အသင်းဟာ ဝက်စ်ဟမ်းအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲစဉ်(၂၉)အပြီးမှာ ရမှတ် ၄၃ မှတ်နဲ့ အမှတ်ပေးဇယားအဆင့်(၈)နေရာမှာ ရပ်တည်လျက်ရှိပြီး ဝက်စ်ဟမ်းအသင်းကတော့ နယူးကာဆယ်အသင်းကို ရှုံးနိမ့်ခဲ့ပေမယ့် ရမှတ် ၄၄ မှတ်နဲ့အမှတ်ပေးဇယား အဆင့်(၇)နေရာမှာ ရပ်တည်နေတာလည်း ဖြစ်တယ်။**ငွေကြယ်**

### ❖ ကျောဖုံးမှ

မယှဉ်နိုင်ဘဲ ငါးဂိုးထပ်ပေးခဲ့ရခြင်းဖြစ်သည်။

မြန်မာအသင်းနှင့် အာဖဂန်နစ္စတန်အသင်းသည် မတ် ၃၁ ရက် ညနေ ၃ နာရီတွင် အမျိုးသားအားကစားပြိုင်ပွဲရုံ-၁ သုဝဏ္ဏ၌ ထပ်မံခြေစမ်းကစားမည်ဖြစ်သည်။ **သတင်း-ကိုညီလေး၊ ဓာတ်ပုံ -MFF**

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် တောင်သူလယ်သမားနေ့စကားဝိုင်းဆွေးနွေးပွဲရလဒ်များအပေါ် အကောင်အထည်ဖော်နိုင်ရေးအစည်းအဝေးတက်ရောက်

ပုသိမ် မတ် ၃၀

(၆၂)နှစ်မြောက် တောင်သူလယ်သမားနေ့ စကားဝိုင်းဆွေးနွေးပွဲရလဒ်များအပေါ် အကောင်အထည်ဖော်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နေ့လယ်ပိုင်းက ပုသိမ်မြို့ ရောရှေ့ဝါခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူးက အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းရောက်ရှိစေရေး ဆောင်ရွက်မည့်အစီအမံများအားလည်းကောင်း၊ တိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တိုင်းဦးစီးမှူးက မွေးမြူရေးနှင့်ပတ်သက်သည့် ရလဒ်များအားလည်းကောင်း၊ တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန တိုင်းဦးစီးမှူးက ငါးမွေးမြူရေးနှင့်ပတ်သက်သည့် ရလဒ်များအားလည်းကောင်း ဆွေးနွေးတင်ပြကြသည်။ ယင်းနောက် ခရိုင်စိုက်တိုးမြှင့်အဖွဲ့ ဥက္ကဋ္ဌအဖွဲ့များက သက်ဆိုင်ရာ ခရိုင်အလိုက် သီးနှံများ ပန်းတိုင်အထွက်နှုန်း ရရှိစေရေးဆောင်ရွက်နေမှု၊ စားသုံးဆီ ဖူလုံစေရေး ဆောင်ရွက်နေမှုများအား ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ဝယ်ယူကြိတ်ခွဲ တင်ပို့သူနှင့် သွင်းအားစု အစုအဖွဲ့များက ဝယ်ယူကြိတ်ခွဲမှုဆိုင်ရာများအား ဆွေးနွေးတင်ပြမှုအပေါ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဖြည့်စွက်ရှင်းလင်းတင်ပြခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်ဆည်းဆွေးနွေးခဲ့ကြောင်းသိရသည်။

ဆက်လက်၍ ဧပြီလတွင် ဆောင်ရွက်မည့် ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသနေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများအတွက် အခြေခံစာတတ်မြောက်ရေးလုပ်ငန်း ဆောင်ရွက်မည့် အစီအစဉ်အား တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ ညနေပိုင်းတွင် ကျင်းပရာ




တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသနေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများအတွက် အခြေခံစာတတ်မြောက်ရေး လုပ်ငန်းကော်မတီဝင်များ တက်ရောက်ခဲ့ကြသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ နေပြည်တော်ရှိ ဝန်ထမ်းအိမ်ရာများကို ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၃၀

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန် ဒေါက်တာစည်သူကျော်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် မင်္ဂလာသိဒ္ဓိရပ်ကွက်နှင့် ဗလသိဒ္ဓိရပ်ကွက်တို့ရှိ အရာထမ်းများ၊ အမှုထမ်းများ နေထိုင်ရာ ဝန်ထမ်းအိမ်ရာများတွင် စည်းကမ်းများနှင့်အညီ နေထိုင်မှုရှိ/မရှိ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးသည် အိမ်ရာကြီးကြပ်သူ တိုက်တာဝန်ခံများ၊ နေထိုင်သူဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ နေပြည်တော်စည်ပင်သာယာရေး ကော်မတီမှ သတ်မှတ်ထားသော အိမ်ရာစည်းကမ်းများအတိုင်း တိကျစွာ လိုက်နာနေထိုင်ရန်၊ တိုက်ဝန်းကျင်ရှိ သစ်ပင်များကို အလင်းဖွင့်ရန်၊ လျှပ်စစ်အန္တရာယ် မရှိစေရေး အလေးထားသုံးစွဲရန်၊ ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်ရာ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး စီမံချက်အတိုင်း ဆောင်ရွက်ရန်၊ အယ်လ်နီညိုဖြစ်စဉ် ရှိနေရာ ရေကိုစနစ်တကျ ချွေတာသုံးစွဲကြရန်၊ မိလ္လာ၊ ရေဆိုးနုတ်စနစ်များ ကောင်းမွန်ရေးနှင့် ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးတို့အတွက် လိုအပ်သည်များ ပြုပြင်ဆောင်ရွက်ရန်။

လုံခြုံရေးအသိသတိရှိစွာ အိမ်ရာများတွင် မသက်ဆိုင်သူများ လာရောက်နေထိုင်ခြင်း မရှိစေရေး အထူးကြပ်မတ် ဆောင်ရွက်ရန်၊ ဧည့်သည်လာရောက်တည်းခိုပါက ဧည့်စာရင်းကို သက်ဆိုင်ရာ ရက်ကွက်အုပ်ချုပ်ရေးမှူးထံ မပျက်မကွက် တိုင်ကြားရန်၊ ဝန်ထမ်းအိမ်ရာ ပတ်ဝန်းကျင်၌ သန့်ရှင်းသာယာ လှပတင့်တယ်စေရေးအစဉ်အလေးထား ဆောင်ရွက်သွားရန် ဝန်ထမ်းများအချင်းချင်း မိသားစုစိတ်ဓာတ်ဖြင့် စည်းလုံးညီညွတ်စွာနေထိုင်ကြရန် တိုက်တွန်းမှာကြားသည်။

ယင်းနောက်ဒုတိယဝန်ကြီးသည် အိမ်ရာအလိုက် ဝန်ထမ်းမိသားစုများ၏ နေထိုင်မှုအခြေအနေများကို မေးမြန်းကြည့်ရှုအားပေးပြီး ဝန်ထမ်းမိသားစုများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# (၇၉)နှစ်မြောက် တပ်မတော်နေ့အား ဂုဏ်ပြုသောအားဖြင့် အထိမ်းအမှတ်ပိုစတာကြီးများ စိုက်ထူထားပြီး တပ်မတော်ပန်းခြံများတွင် မီးအလှများ၊ ပန်းအလှများဖြင့် အလှဆင်



နေပြည်တော် မတ် ၃၀

၂၀၂၄ ခုနှစ် မတ်လ ၂၇ ရက်တွင် ကျရောက်သည့် (၇၉) နှစ်မြောက် တပ်မတော်နေ့အား ဂုဏ်ပြုသောအားဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ပင်လောင်းမီးပွိုင့် လမ်းဆုံနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဝင်းအတွင်း၌ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ပြီး ဇာတိသွေး၊ ဇာတိမာန်တက်ကြွစေမည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်သည်များ၏ လှုပ်ရှားမှုပုံရိပ်များကို ဖော်ကျူးထားသော ပိုစတာကြီးများကို စိုက်ထူထားရှိသည်။

အလားတူ ပင်လောင်းလမ်းဆုံမှ စစ်ရေးပြကွင်းကြီးသို့ သွားရောက်သည့်လမ်းတစ်လျှောက်တွင်လည်း တပ်မတော်၏ ဆောင်ပုဒ်များကို မြန်မာ-အင်္ဂလိပ်နှစ်ဘာသာဖြင့် စိုက်ထူထားပြီး စစ်ရေးပြကွင်းအဝင်ဝရှိ မုခ်ဦးကြီးကိုလည်း ခမ်းနားထည်ဝါစွာ တွေ့မြင်နိုင်သည်။

စစ်ကြောင်းကြီးများ ချီတက်ရာလမ်းကြောင်းတစ်လျှောက်၌ စစ်ကြောင်းများ၏ ကိုယ်စားပြုအရောင် အလှမီးများ၊ မီးအလှထွန်းသည့် Truss Beam များ၊ မီးဆိုင်းများ၊ Light Box များ၊ Lighting Pole များဖြင့်လည်းကောင်း၊ စစ်ရေးပြကွင်းကြီး၏ အဝင်မုခ်ဦးတွင် LED Strip Light များ၊ လမ်းဘေးဝဲယာတစ်လျှောက်၌ မိုးစက်မီးများ၊ Up Light များ၊ Program LED Strip Light များ၊ ရောင်စုံအလှမီးများဖြင့် ဆင်ယင်ထားပြီး စစ်ကြောင်းကြီးများအား ဂုဏ်ပြုကြိုဆိုပါ၏ စာတန်းများ၊ နိုင်ငံတော်အလံနှင့် တပ်မတော် (ကြည်း၊ ရေ၊ လေ) အလံများကို Lighting Effect မီးအလှများဖြင့် ပုံဖော်၍လည်းကောင်း၊ စစ်ရေးပြကွင်းအတွင်း အလေးပြုခံ စင်မြင့်မျက်နှာမူရာရှိ သစ်ပင်များ၌လည်း Handmade အလှမီးများဖြင့်လည်းကောင်း၊ မင်းကြီးသုံးပါး ရုပ်တုအောက်ခံ၌ တပ်မတော်အလံ ပုံဖော်ထားသည့် ကြယ်တံဆိပ်နှစ်ခုအား LED Strip Light များဖြင့်လည်းကောင်း အသီးသီးပုံဖော် အလှဆင်ထားသည်ကို ခမ်းနားထည်ဝါစွာ တွေ့မြင်နိုင်မည်ဖြစ်သည်။

ထို့အပြင် ၂၀၂၄ ခုနှစ် (၇၉) နှစ်မြောက် တပ်မတော်နေ့အား ဂုဏ်ပြုသောအားဖြင့် နေပြည်တော် စစ်ရေးပြကွင်းကြီးရှေ့ရှိ တပ်မတော်ပန်းခြံတွင်လည်း မီးအလှများဖြင့် ဖန်တီးပုံဖော်ထားသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံနှင့် (၇၉) နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်တံဆိပ်၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များတွင် အသုံးပြုသည့် ယာဉ်ယန္တရားပုံစံငယ်များ၊ ရေယာဉ်ပုံစံငယ်များ၊ လေယာဉ်ပုံစံငယ်များ၊ ရဟတ်ယာဉ်ပုံစံငယ်များကို ပြသထားသည်။ ပန်းခြံအတွင်း ဖိုင်ဘာဖြင့် ပြုလုပ်ထားသည့် စစ်သည်ရုပ်တုငယ်များ၊ ပုံဖော်ထားသည့် ပန်းအလှများ၊ သစ်ပင်များတွင် တပ်ဆင်ထားသည့် မီးရောင်စုံများ၊ မီးရောင်စုံ မီးအလှများဖြင့် ပြုလုပ်ထားရှိရာ ယနေ့တွင်လည်း လာရောက်အပန်းဖြေ လည်ပတ်ကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ဧရာဝတီတိုင်းဒေသကြီးအတွင်း ဆိုလာရေတင်စနစ် တပ်ဆင်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး

ရန်ကုန် မတ် ၃၀

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေ ၄၂ ဒသမ ၆ သန်းဖြင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်နှင့် ပန်းတနော်မြို့နယ်များတွင် ဆိုလာစနစ်အသုံးပြု၍ စိုက်ပျိုးရေ လုံလောက်စွာရရှိစေရန်နှင့် တောင်သူများ နွေစပါးအချိန်မီစိုက်ပျိုးနိုင်ရန် ဆောင်ရွက်ပေးခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ထိုကဲ့သို့ဆောင်ရွက်ပေးခဲ့မှုကြောင့် နွေစပါးကေများကို ယခင်နှစ်များထက် ပိုမိုစိုက်ပျိုးနိုင်ခြင်း၊ စက်သုံးဆီဖြင့်ရေတင်စိုက်ပျိုးခြင်း မပြုလုပ်ရသောကြောင့် တစ်ဧကစိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ် သက်သာခြင်းနှင့် စိုက်ပျိုးရေလိုအပ်သလို အထုတ်/ အသွင်း ထိန်းသိမ်းဆောင်ရွက်နိုင်ခဲ့သောကြောင့် စပါးအထွက်နှုန်းတိုးသည့်အပြင် စပါးရိတ်သိမ်းပြီးချိန် တောင်သူအများစုက ပဲတီစိမ်းနှင့်မတ်ပဲတို့ကို ထပ်မံစိုက်ပျိုးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



# ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ရင်းနှီးငွေလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် သက်သာသောအတိုးနှုန်းဖြင့် ချေးငွေထုတ်ချေးပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိ

## အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များသို့ အသိပေးကြေညာချက်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်မှုနှင့်အညီ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေပုဒ်မ ၂၀(ဂ)တွင် သတ်မှတ်ပြဋ္ဌာန်းချက်အရ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေကို နိုင်ငံတော်၏မတည်ထောက်ပံ့ငွေဖြင့် ထူထောင်ထားရှိပြီး ဖြစ်ပါသည်။ အဆိုပါရန်ပုံငွေမှ ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ရင်းနှီးငွေလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် သက်သာသောအတိုးနှုန်းဖြင့် ထုတ်ချေးပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ MSME ချေးငွေများ ထုတ်ချေးရာတွင် အောက်ဖော်ပြပါလုပ်ငန်းများအား ဦးစားပေးအနေဖြင့် ထုတ်ချေးမည်ဖြစ်ပါသည်-

(က) တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်သည့်လုပ်ငန်းများ၊
(ခ) နိုင်ငံ၏ပို့ကုန်ဝင်ငွေ တိုးတက်စေသည့်လုပ်ငန်းများ၊
(ဂ) ဒေသထွက်ကုန်ကြမ်းများကိုအခြေခံ၍ ထုတ်လုပ်သောလုပ်ငန်းများ၊
(ဃ) သွင်းကုန်အစားထိုး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊
(င) ပြည်သူများ၏ အလုပ်အကိုင်ရရှိရေး ဖန်တီးပေးနိုင်သည့် လုပ်ငန်းများ၊
(စ) စွမ်းအင်ချွေတာရေးလုပ်ငန်းများ၊
(ဆ) လုပ်ငန်းအတွင်း စွန့်ပစ်ရေဆိုးများအား ထိန်းသိမ်းခြင်းနှင့် ပတ်ဝန်းကျင်အန္တရာယ် ကျရောက်မှုမှ ကင်းဝေးရန် ဆောင်ရွက်မည့်လုပ်ငန်းများ၊
(ဇ) ပြည်သူများ၏ကျန်းမာရေးကို ကာကွယ်စောင့်ရှောက်ရေး မြှင့်တင်နိုင်သည့် လုပ်ငန်းများ၊

၃။ MSME ချေးငွေစည်းကမ်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | အကြောင်းအရာ | သတ်မှတ်ချက် |
|---|---|---|
| ၁ | MSME လုပ်ငန်း တစ်ခုသို့ အများဆုံး ထုတ်ချေးမည့် ပမာဏ | အသေးစားစီးပွားရေးလုပ်ငန်းအတွက် ကျပ်(၁၀)သန်း၊ အငယ်စားစီးပွားရေးလုပ်ငန်းအတွက် ကျပ်(၅၀)သန်း၊ အလတ်စားစီးပွားရေးလုပ်ငန်းအတွက် ကျပ်(၁၀၀)သန်း၊ (မြန်မာ့အာမခံလုပ်ငန်း (သို့မဟုတ်) အခြားအာမခံ ကုမ္ပဏီတစ်ခုခု၏ CGI စနစ်ဖြင့် ရယူထုတ်ချေးလိုပါက မြန်မာ့အာမခံလုပ်ငန်း (သို့မဟုတ်) အခြားအာမခံကုမ္ပဏီနှင့် ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ပါသည်။) |
| ၂ | ချေးငွေ အတိုးနှုန်းနှင့် သက်တမ်း | (က) Fixed Capital အနည်းဆုံး (၃၀%) နှင့်အထက် အသုံးပြုမည့်ချေးငွေ အတိုးနှုန်း တစ်နှစ်လျှင်(၃%)နှင့် ချေးငွေသက်တမ်း အများဆုံး (၃) နှစ်၊ (ခ) Working Capital (၁၀၀%) အသုံးပြုမည့် ချေးငွေအတိုးနှုန်း တစ်နှစ်လျှင် (၄%) နှင့် ချေးငွေသက်တမ်းအများဆုံး (၁)နှစ် (၆)လ၊ (ဂ) CGI စနစ်ဖြင့် ထုတ်ချေးမည့် ချေးငွေအတိုးနှုန်း တစ်နှစ်လျှင် (၅%)၊ (CGI စနစ်ဖြင့် ငွေချေးယူသူသည် အထက်ပါအတိုးနှုန်း တစ်နှစ်လျှင် (၅%) အပြင် မြန်မာ့အာမခံလုပ်ငန်း (သို့မဟုတ်) အခြားအာမခံကုမ္ပဏီတစ်ခုခု၏ ပရီမီယံကြေးနှုန်းကို ထပ်ဆောင်းကျခံရမည် ဖြစ်ပါသည်။) |
| ၃ | ချေးငွေအတွက်အာမခံ | ဘဏ်လုပ်ထုံးလုပ်နည်းနှင့်အညီ ချေးငွေလုံခြုံမှုအတွက် အာမခံပေးအပ်ရပါမည်။ |

၄။ MSME ချေးငွေလျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည် ဖြစ်ပါသည်-

(က) စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနက ထုတ်ပေးသော SME Member Card (သို့မဟုတ်) ယာယီမှတ်ပုံတင်လက်မှတ်ရရှိပြီးသူ ဖြစ်ရမည်။
(ခ) သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများ၏ သက်တမ်းရှိလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ပြသနိုင်သူဖြစ်ရမည်။
(ဂ) ကုမ္ပဏီဖြစ်ပါက မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (The Myanmar Companies Law) အရ မှတ်ပုံတင်ထားသည့်ကုမ္ပဏီ ဖြစ်ရမည်။
(ဃ) ချေးငွေအား ပြန်လည်ပေးဆပ်နိုင်မည့် ခိုင်လုံသော စီးပွားရေးအခြေအနေရှိရမည်။
(င) ဤချေးငွေကိုမရယူမီ မြန်မာ့စီးပွားရေးဘဏ်အပါအဝင် ငွေရေးကြေးရေးအဖွဲ့အစည်းများတွင် ချေးငွေရယူထားပါက ချေးငွေပြေကြေပြီးသူဖြစ်ရမည်။
(စ) ချေးငွေအတွက် ဘဏ်လုပ်ထုံးလုပ်နည်းနှင့်အညီ လုံလောက်သောအာမခံ ပေးအပ်ရမည်။
(ဆ) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များတွင် ဖွင့်လှစ်ထားသော MSME Agency များမှ လုပ်ငန်းအမှန်တကယ်လုပ်ကိုင်ဆောင်ရွက်နေကြောင်း ထောက်ခံချက်တင်ပြနိုင်ရမည်။

၅။ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေမှ ထုတ်ချေးသောချေးငွေကို ရယူလိုသူ MSME လုပ်ငန်းရှင်များအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီရုံးခွဲများမှတစ်ဆင့် ချေးငွေများ စတင်လျှောက်ထားနိုင်ပါသည်။ ချေးငွေလျှောက်ထားသူ MSME လုပ်ငန်းရှင်များအား မြန်မာ့စီးပွားရေးဘဏ်မှ စတင်ထုတ်ချေးမည်ဖြစ်ပြီး နောင်တွင် အခြားပုဂ္ဂလိကဘဏ်များကပါ ပါဝင်ထုတ်ချေးနိုင်ရန် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။

၆။ သို့ဖြစ်ပါ၍ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် နီးစပ်ရာ MSME အေဂျင်စီရုံးခွဲများသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့**

# မြန်မာ့ဆောက်လုပ်ရေး၊ အိမ်ရာ၊ လျှပ်စစ်နှင့် စိမ်းလန်းစွမ်းအင်ပြပွဲ -၂၀၂၄ ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် မတ် ၂၀

မြန်မာ့ဆောက်လုပ်ရေး၊ အိမ်ရာ၊ လျှပ်စစ်နှင့် စိမ်းလန်းစွမ်းအင်ပြပွဲ -၂၀၂၄ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ အင်းလျားလိပ်ဟိုတယ် ဝင်းအတွင်းရှိ YCC ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ကိုယ်စား ရန်ကုန်တိုင်းဒေသကြီးလမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ကျော်စိုးက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်ဥက္ကဋ္ဌ ဦးခင်မောင်ဌေး၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးရှိန်ဝင်းတို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ကျော်စိုး၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်ဥက္ကဋ္ဌ ဦးခင်မောင်ဌေး၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးရှိန်ဝင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးမျိုးသန့်နှင့် မြန်မာနိုင်ငံ ကုန်စည်ပြပွဲနှင့် ဆွေးနွေးပွဲများဆိုင်ရာလုပ်ငန်းအသင်း ဥက္ကဋ္ဌ ဦးမင်းသိန်းတို့က မြန်မာ့ဆောက်လုပ်ရေး၊ အိမ်ရာ၊ လျှပ်စစ်နှင့် စိမ်းလန်းစွမ်းအင်ပြပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ကျော်စိုးနှင့် တာဝန်ရှိသူများသည် ခင်းကျင်းပြသထားသည့် ပြခန်းများအား လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါပြပွဲသည် ဒုတိယအကြိမ်မြောက် ကျင်းပသော နိုင်ငံတကာအဆင့် ဆောက်လုပ်ရေး၊ အိမ်ရာနှင့် စိမ်းလန်းစွမ်းအင်ဆိုင်ရာပြပွဲကြီးဖြစ်ပြီး ပြည်တွင်း ပြည်ပမှကုမ္ပဏီပေါင်း ၈၀ ကျော်၊ SME လုပ်ငန်းပေါင်း ၂၀ တို့အပါအဝင် ပြခန်းပေါင်း၂၀၀ ကျော်ဖြင့် မတ် ၂၉ ရက်မှ ၃၁ ရက်အထိ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။



**အောင်မြင့်( ပြန်/ဆက်)**

# ဓနုဖြူမြို့နယ်၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သင်တန်းဖွင့်လှစ်

ဓနုဖြူ မတ် ၂၀

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ထောက်ပံ့ရန်ပုံငွေဖြင့် ကျေးလက်ဒေသရှိ အခြေခံအိမ်ထောင်စုများ၏ အသက်မွေးဝမ်းကျောင်းမြှင့်တင်ရေး စီမံကိန်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း ဆောင်ရွက်မည့် အိမ်ထောင်စုများနှင့် ကျေးရွာကော်မတီဝင်တို့အား သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သင်တန်းပို့ချခြင်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက ရိုးကြီးကျေးရွာရှိ ရွှေဘုံသာ ဓမ္မရိပ်သာကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ကျေးလက်ဦးစီးဌာန (ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးကျော်ဇောဟိန်းက အဖွင့်အမှာစကား ပြောကြားပြီး ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်အမာလွင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ သင်တန်းနည်းပြဆရာမ ဒေါ်ဝင့်သူသူအောင်က စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုသင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် စိုက်ပျိုးရေးဆောင်ရွက်မည့် အိမ်ထောင်စု ၁၄ စုနှင့် မွေးမြူရေးဆောင်ရွက်မည့် အိမ်ထောင်စု ၁၆ စုတို့အား သွင်းအားစုများ ထောက်ပံ့ပေးအပ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

## ❍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ

ထို့နောက် MFF ဥက္ကဋ္ဌ ဦးဇော်ဇော်က အဖွဲ့ချုပ်ဥက္ကဋ္ဌဟောင်း ဦးသောင်းထိုက်အား ဂုဏ်ထူးဆောင်ဥက္ကဋ္ဌအဖြစ် ဆုတံဆိပ်နှင့်တကွ ပေးအပ်ခဲ့ကာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နာယကများအဖြစ် ဦးအောင်ကိုဝင်းနှင့် ဒေါက်တာ စိုင်းဆမ်ထွန်းတို့အား ရွေးချယ်တင်မြှောက်ကြောင်း ကြေညာသည်။ ထို့နောက် အာရှချန်ပီယံအဆင့်အထိ အောင်မြင်မှုများ ရယူပေးခဲ့သော သက်ရှိထင်ရှား မြန်မာ့လက်ရွေးစင် ဘောလုံးသမား ဟောင်းကြီးများအား ဂုဏ်ပြုသည့် ရာသက်ပန် လစဉ် ဂုဏ်ပြုထောက်ပံ့ငွေအား ကစားသမားများ ကိုယ်စား မြန်မာ့လက်ရွေးစင်ဟောင်း ဦးစိုးမြင့်ထံသို့ MFF ဥက္ကဋ္ဌက ပေးအပ်သည်။ ယင်းနောက် အာဆီယံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ Maj. Gen. Khiev Sameth က မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(MFF)၏ ရွေးကောက်ပွဲညီလာခံ MFF Elective Congress 2024 အောင်မြင်စွာ ကျင်းပနိုင်ခဲ့မှုအတွက် ဂုဏ်ပြုစကား ပြောကြားခဲ့သည်။

**ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ကျေးရွာ၊ နယ်မြေ(၁၂)၊ ရေကြည်ကန်နှင့် အောင်မြန်မာလမ်းထောင့်၊ ကွင်းအမှတ်(၆၇၂/A)၊ ကျောင်းကုန်းမြောက်ကွင်း၊ ဦးပိုင်အမှတ်(၄၀/၂)၊ (၄၀/၃)၊ ဧရိယာ(၄.၁၅)၏ ဥယျာဉ်ခြံမြေကွက်ကြီးအတွင်းမှ မြေကွက်အမှတ်(၃၃)၊ ပေ(၄၀ x ၆၀) ရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို** တရားဝင် လက်ဝယ်ထားပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးနေသူလင်း(ဘ)ဦးမြင့်ကြည် [၁၂/ကတန(နိုင်)၀၇၈၆၉၃] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်မည့်သူရှိပါက တိကျခိုင်လုံသော အထောက်အထားစာရွက်စာတမ်း(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်နေ့ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သီရိဦး (LL.B) (LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၁၂၃၀)**
**အမှတ်(၉)၊ မဂ္ဂင်လမ်း၊ ပဲခူးစုရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း–၀၉–၄၂၀၁၉၇၈၆၊ ၀၉–၇၉၉၂၂၉၁၈၃**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြင့်မြင့်အေး [၁၃/နဆန(နိုင်)၀၃၁၉၀၂] (ဘ) ဦးချစ်အေး၊ အမှတ်–၁၅၂၊ ချယ်ရီလမ်း၊ ရပ်ကွက်ကြီး(၆)၊ ပြင်ဦးလွင်မြို့တွင် နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေကွက်အမှတ်–၁၇၇၊ (၁၁၈) ရပ်ကွက်၊ မြေအမျိုးအစား နှစ်(၆၀)ဂရန်မြေ၊ မြေဧရိယာ–၀.၀၅၅ ဧက၊ စတုရန်းပေ (၂၄၀၀)၊ အလျား ၄၀ ပေ x အနံ ၆၀ ပေနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေကွက်အမှတ်–၁၇၆၊ (၁၁၈) ရပ်ကွက်၊ မြေအမျိုးအစား နှစ်(၆၀)ဂရန်မြေ၊ မြေဧရိယာ–၀.၀၅၅ ဧက၊ စတုရန်းပေ(၂၄၀၀)၊ အလျား ၄၀ ပေ x အနံ ၆၀ ပေရှိ မြေကွက်(၂)ကွက်အား ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ခရိုင်တရားရုံး၊ ဒုတိယခရိုင်တရားသူကြီး(၂)၊ တရားမကြီးမှုအမှတ်–၁၂၉/၂၀၂၃၊ (၂၉–၁၂–၂၀၂၃)ရက်စွဲပါ စီရင်ချက်ဒီကရီအရ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မြင့်မြင့်အေးမှ အနိုင်ဒီကရီရရှိထားသည့် မြေကွက်ဖြစ်ပါသည်။

အဆိုပါမြေကွက်အတွင်းသို့ ကျွန်ုပ်၏မိတ်ဆွေ၏ ခွင့်ပြုချက်တစ်စုံတစ်ရာရယူခြင်းမရှိဘဲ ကျူးကျော်ဝင်ရောက်နေသည်ကို သိရှိရပါက မည်သူကိုမဆို တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းထိုက်အောင် အထက်တန်းရှေ့နေ (စဉ်–၄၃၈၂၂)**
**အမှတ် (၅၀၄/၅၀၆)၊ ၃၉ လမ်းနှင့် ကုန်သည်လမ်းထောင့်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၉၇၇၄၀၀၉၅၉**

## သက်ဆိုင်သူများနှင့် အများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဝင်းအောင်လေး [၁၀/မလမ(နိုင်)၁၅၈၉၁၇] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သိစေအပ်သည်မှာ– ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းအောင်လေးမှ တရားလိုပြုလုပ်၍ တရားပြိုင် ဒေါ်ခင်သီတာအေးအပေါ် တရားလိုတစ်ဦးတည်းရှာဖွေခဲ့သော ငွေကြေးများဖြင့် တရားလို တရားပြိုင်နှစ်ဦးအမည်နှင့် ဝယ်ယူခဲ့သော ပစ္စည်းများဖြစ်၍ တရားပြိုင်သည် အမည်ခံသက်သက်ဖြစ်ကြောင်းနှင့် တရားလိုသာလျှင် တစ်ဦးတည်းပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားခရိုင်တရားရုံးတော် တရားမကြီးမှုအမှတ် (၆၁/၂၀၂၃)ဖြင့် တရားစွဲဆိုခဲ့ရာ ထိုအမှုတွင် တရားလိုနှင့်တရားပြိုင်တို့ တရားရုံးတော်သို့ ပြေငြိမ်းဒီကရီရယူရန်အတွက် (၁၀–၂–၂၀၂၄) ရက်စွဲပါ ညှိနှိုင်းသဘောတူ ဝန်ခံကတိစာချုပ်ပါရှိသော နှစ်ဦးသဘောတူညီချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။ (၁) ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၉)ရပ်ကွက်၊ လမ်း(၄၀)၊ အမှတ် (၁၁၉)၊ (၄)လွှာ၊ (ဝဲ)ဟုခေါ်သော တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားလို ဦးဝင်းအောင်လေး တစ်ဦးတည်းမှ အလုံးစုံခံစားရယူရန်။ (၂) ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၉)ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ် (၁၇၃)၊ (ပ)ထပ်(ညာ)ဟုခေါ်တွင် တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးဝင်းအောင်လေးနှင့် ဒေါ်ခင်သီတာအေးတို့၏ သားသမီးများဖြစ်ကြသည့် (၁) မောင်ခန့်ထွဋ်ကျော်(ခ)မုဟမ္မဒ်ရှမင်း [၁၂/ကတတ(နိုင်)၀၃၂၄၉၃]၊ (၂) မလရောင်ဝင်းလက်(ခ)ဖရ်ဇနားဘီ [၁၂/ကတတ(နိုင်)၀၃၄၃၇၂]၊ (၃) မထက်မဒီအောင်(ခ)ဖေရိဇာဘီ [၁၂/ကတတ(နိုင်)၀၃၅၈၉၃] တို့အတွက် ရည်ရွယ်၍ ဦးဝင်းအောင်လေးမှ အမွေပစ္စည်းအဖြစ် အပြီးအပိုင်ပေးအပ်ရန်။ (၃)TOYOTA NOAH AZR 60 အမျိုးအစား မော်တော်ယာဉ်အမှတ်–1M/7474 မော်တော်ယာဉ်နှင့် အကျိုးခံစားပိုင်ခွင့်အရပ်ရပ်တို့အား ဦးဝင်းအောင်လေး တစ်ဦးတည်းမှ အလုံးစုံခံစားရယူရန်အတွက် ဒေါ်ခင်သီတာအေးမှ အရောင်းအဝယ်စာချုပ်တွင် လက်မှတ်ရေးထိုး စွန့်လွှတ်ပေးရန်။ (၄) ရွှေချိန် (၅၀)သားတို့နှင့် ဦးဝင်းအောင်လေးမှ ဒေါ်ခင်သီတာအေးအပေါ် မည်သည့်တောင်းဆိုမှုတစ်စုံတစ်ရာမျှ တောင်းဆိုခြင်းလုံးဝမပြုလုပ်ရန်။ (၅)ဒေါ်ခင်သီတာအေးထံတွင်ရှိသော ဦးဝင်းအောင်လေးနှင့်ပတ်သက်သည့် မှတ်ပုံတင်၊ ပတ်စ်ပို့၊ အဝတ်အစား၊ ဖိနပ်၊ အင်္ကျီ၊ ခရီးဆောင်အိတ်၊ ခတ်ပုံ၊ ဘဏ်စာအုပ်၊ ဦးဝင်းအောင်လေး ဖခင်မှတ်ပုံတင်အဟောင်း စသည်တို့အား ဦးဝင်းအောင်လေးထံ ပြန်လည်ပေးအပ်ရန်။ ထို့အပြင် ဦးဝင်းအောင်လေးနှင့် ဒေါ်ခင်သီတာအေးတို့ အပြန်အလှန် ဝန်ခံကတိစာချုပ်ပါစည်းကမ်းချက်များအတိုင်း အမှုတွင် ပြေငြိမ်းဒီကရီရယူရေးအတွက် (၁၀–၂–၂၀၂၄) နေ့စွဲပါ ညှိနှိုင်းသဘောတူ ဝန်ခံကတိစာချုပ်အား ချုပ်ဆိုခဲ့ကြသဖြင့် အဆိုပါ (၁၀–၂–၂၀၂၄)နေ့စွဲပါ တရားလို တရားပြိုင်တို့ နှစ်ဦးသဘောတူညီချက်၊ ဝန်ခံကတိပြုချက်များကို လိုက်နာဆောင်ရွက်ကြစေရန် တရားမကျင့်ထုံးဥပဒေအမိန့်–၂၃၊ နည်းဥပဒေ–၃ (ပထမပိုင်း)အရ ပြေငြိမ်းဒီကရီကို တရားရုံးတော်မှ (၂၃–၂–၂၀၂၄)ရက်နေ့တွင် အမိန့်ချမှတ်ပြီးဖြစ်ကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နန်းကြည်မေ (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ [စဉ်–၇၃၂၁(၈–၂–၂၀၀၅)]**
**အမှတ်–၁၁၂(မြေညီ)၊ ပတ္တမြားလမ်း၊ (၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ်**
**ဖုန်း–၀၉–၄၄၀၇၁၉၀၉၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁–ကံဘဲ့၊ မြေကွက်အမှတ်–၇၈/က၊ ၀.၀၂၃ ဧက၊ မြေကွက်တည်နေရာအမှတ်(၂၈)၊ မင်းရဲကျော်စွာလမ်း၊ (၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ် (ဒေါ်တင်လှိုင်)အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက် ဒေါ်တင်လှိုင်(မိခင်/ယောက္ခမ)၊ ဦးစံဖေ(ဖခင်/ယောက္ခထီး)တို့ ကွယ်လွန်သဖြင့် ၎င်းတို့၏သားသမီးများဖြစ်ကြသော ဦးကျော်မြင့်၊ ဦးကျော်မင်း၊ ဒေါ်ရီရီထွေး၊ ဦးတင်အောင်၊ ဦးမင်္ဂလာတို့(၅)ဦးအနက် ဦးကျော်မင်းကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်နီလာစိုး [၁၂/ရကန(နိုင်)၀၄၉၅၆၀]၊ ဦးတင်အောင်ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်သက်မူစိုး[၁၂/ရကန(နိုင်)၀၄၈၉၃၇]တို့မှ ကျန်သားသမီးများဖြစ်ကြသော ဦးကျော်မြင့်[၁၀/ဘလန(နိုင်)၀၄၅၉၉၅]၊ ဒေါ်ရီရီထွေး[၁၂/ရကန(နိုင်)၀၅၀၅၅၆]၊ ဦးမင်္ဂလာ[၁၂/ရကန(နိုင်)၀၅၀၅၃၉]တို့နှင့် ပူးတွဲ၍ မိဘများတွင် သားသမီး(၅)ဦးထွန်းကားခဲ့ပြီး ယင်းသားသမီး(၅)ဦးမှအပ အခြားသားသမီးအရင်းအချာများမရှိသည့်အပြင် ကိတ္တိမမွေးစားသားသမီးများလည်းမရှိသည်မှာ မှန်ကန်ကြောင်းနှင့် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်း ဦးကျော်မြင့်+၄တို့၏ (၄–၁၀–၂၀၂၃)ရက်စွဲပါ တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေဆုံးမှုလက်မှတ်၊ ဦးတင်အောင်သေဆုံးသည်မှာ မှန်ကန်ကြောင်း ရန်ကင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးထောက်ခံချက်၊ (၁၄)ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ဂရန်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန်နှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၂ အိုင်၊ မြေကွက်အမှတ်–၄၃၈ ဂျီ၃/ ဒီ ၁ ဘီ၊ ဧရိယာ(၀.၀၅)ဧက၊ မြေကွက်တည်နေရာအမှတ်(၃၉)၊ ဖိုးစိန်လမ်း၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ဒေါ်စန်း [၁၂/ဗဟန(နိုင်)၀၀၆၈၉၈] အမည်ပေါက်၊ မြေပိုင်မြေအား အမည်ပေါက် (မိခင်) ဒေါ်စန်းသည် (၂၈–၇–၂၀၁၉) ရက်နေ့နှင့် (ဖခင်) ဦးတင်အောင်သည် (၁၀–၈–၁၉၈၀) ရက်နေ့တို့တွင် အသီးသီး ကွယ်လွန်ခဲ့ပြီး ၎င်းတို့တွင် သားသမီးများဖြစ်သော ဒေါ်ခင်မမ၊ ဦးကျော်ကျော်အောင်၊ ဒေါ်ခင်မလေး၊ ဒေါ်ခင်မထွေးတို့ (၄)ဦး ထွန်းကားခဲ့ပြီး သမီးတစ်ဦးဖြစ်သူ ဒေါ်ခင်မထွေးသည် အမည်ပေါက် (မိခင်) ဒေါ်စန်းနှင့် (ဖခင်) ဦးတင်အောင်တို့ထက်စော၍ အပျိုဘဝဖြင့် (၂၂–၄–၁၉၇၄) ရက်နေ့တွင် ကွယ်လွန်ခဲ့ကြောင်း၊ သားတစ်ဦးဖြစ်သူ ဦးကျော်ကျော်အောင်သည် (၂၂–၉–၂၀၂၁) ရက်နေ့တွင် ကွယ်လွန်သဖြင့် ၎င်း၏အမွေဝေစု(အစု)အား ဒေါ်သင်းသင်းမြင့်မှ တရားဝင်ဇနီးဖြစ်၍ ၎င်းမှလွဲ၍ အခြားအမွေဆက်ခံပိုင်ဆိုင်မည့်သူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် မှတ်ပုံတင်အမှတ်–၂၀၉/၂၀၂၃ (၂–၈–၂၀၂၃)ရက်နေ့ ကျမ်းကျိန်လွှာနှင့်အတူ ကျန်သမီး(၂)ဦးဖြစ်သူ ဒေါ်ခင်မမ၊ ဒေါ်ခင်မလေးတို့နှင့်ပူးတွဲ၍ ၎င်းတို့(၃)ဦးမှလွဲ၍ အခြားအမွေဆက်ခံပိုင်ဆိုင်မည့်သူ မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရှိပါကြောင်းနှင့် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာဥပဒေတို့အရ ၎င်းတို့(၃)ဦးသာလျှင် တရားဝင်အမွေဆက်ခံသူများအဖြစ် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်မှတ်ပုံတင်အမှတ်–၂၁၁/၂၀၂၃(၂–၈–၂၀၂၃) ရက်နေ့ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဒေါ်စန်းနှင့် ဦးကျော်ကျော်အောင်တို့ သေဆုံးမှုလက်မှတ်များ၊ ဦးတင်အောင်၏ သေစာရင်းမိတ္တူမှန် ထုတ်ပေးခြင်းမပြုနိုင်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၏ (၇–၉–၂၀၂၃)ရက်နေ့ ပြန်ကြားစာနှင့် ရပ်ကွက်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ထောက်ခံချက်၊ ဒေါ်ခင်မထွေး၏ သေစာရင်းသွင်းမိတ္တူမှန်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ အမည်ပေါက်အပိုင်ပေးစာချုပ်အမှတ်–၁၇၄၀/၂၀၀၀ (၂၁–၇–၂၀၀၀)၊ အမှားပြင်စာချုပ်အမှတ်–၃၂၀၉/၂၀၀၀ (၁၈–၁၂–၂၀၀၀)၊ အမှားပြင်ဆင်ဖြည့်စွက်ခြင်းစာချုပ်အမှတ်–၁၂၆၈/၂၀၀၁ (၇–၆–၂၀၀၁)၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ ဒေါ်ခင်မလေး [၁၂/ကတတ(နိုင်)၀၂၁၇၀၉] ထံမှ အမေရိကန်နိုင်ငံ၊ ဝါရှင်တန်ဒီစီမြို့ မြန်မာကောင်စစ်ဝန်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်–၅၄/၂၀၂၃ (၃၁–၅–၂၀၂၃) ရရှိသူ ဒေါ်ခင်နီမြင့် [၁၂/ကတတ(နိုင်)၀၂၀၄၄] မှ ဒေါ်ခင်မမ [၁၂/ဗဟန(နိုင်)၀၇၂၀၄၈]၊ ဒေါ်သင်းသင်းမြင့် [၁၂/မရက(နိုင်)၀၃၅၄၈၂]တို့နှင့် ပူးတွဲ၍ အထွေထွေကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းခြင်းမရှိသေးကြောင်း ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်မှတ်ပုံတင်အမှတ်–၂၀၅/၂၀၂၃(၂–၈–၂၀၂၃) ရက်နေ့ ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်–၁၃၊ မြေကွက်အမှတ်–၇၉၇/က၊ မြေကွက်တည်နေရာအမှတ်–၇၉၇/က၊ ဝရဇာ(၇)လမ်း၊ ၁၃–ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးသန်းဝင်း (RGN–014469) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးသန်းဝင်းမှ ဂရန်မူရင်းပျောက်ဆုံးကြောင်း ရပ်ကွက်၊ ရဲစခန်းထောက်ခံချက်၊ ဂရန်မူရင်း ခြကိုက်ပျက်စီးသွားသည်မှာ မှန်ကန်ကြောင်း ကျမ်းကျိန်လွှာအမှတ်–၇၃၆/၂၀၂၄ (၅–၁–၂၀၂၄)၊ ကိုယ်တိုင်ဝန်ခံချက်၊ ခြကိုက်ပျက်စီး(ဂရန်)၊ Obj၊ ဝန်ဆောင်ခတို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်–၂၄၊ မြေကွက်အမှတ်–၆၆၇၊ မြေကွက်တည်နေရာအမှတ်–၆၆၇၊ မြရတနာ(၄)လမ်း၊ ၂၄–ရပ်ကွက်၊ ဒဂုံတောင် ဒေါ်ချိုချို [စခန(နိုင်)၀၄၈၁၆၇] အမည်ပေါက် နှစ်(၆၀)မြေငှားဂရန် အမည်ပေါက် ဒေါ်ချိုချို (၎င်း၏ အခွင့်ရကိုယ်စားလှယ်စာရသူ ဦးဌေးအောင်)တို့အား တရားပြိုင်ထားကာ ဒဂုံမြို့သစ်ခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်–၁၈၃/၂၀၂၃ ခုနှစ်တွင် ၁။ ဒေါ်အေးအေး၊ ၂။ ဒေါ်ဖြူဖြူလွင်တို့မှ တရားလိုများပြုလုပ်၍ အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ရာ (၂၉–၁၁–၂၀၂၃)ခုနှစ်တွင် အနိုင်ဒီကရီချမှတ်ခဲ့ပြီး တရားမဇာရီမှုအမှတ်–၇/၂၀၂၄ ၏ နေ့စဉ်မှတ်တမ်း၊ (၁–၂–၂၀၂၄) ခုနှစ်တွင် ဘီလစ်ခန့်အပ်ရန်ချမှတ်သည့် ထုံးပိုကျအပြီးသတ်အမိန့်၊ ဒဂုံမြို့သစ်ခရိုင်တရားရုံး (၁–၂–၂၀၂၄)ရက်စွဲပါ စာအမှတ်–၁၂/၅–၂/၂၀၂၄ ၏ဘီလစ်ခန့်စာ၊ တရားရှုံးကိုယ်စား ဘီလစ်ဒေါ်ခင်ရူပလှိုင်[၇/ရကန(နိုင်)၀၆၂၆၄] မှ နှစ်(၆၀)မြေငှားစာချုပ်မူရင်း၊ တရားရုံးအမိန့်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ (၁)ပျဉ်ထောင် (၁)လုံးနှင့် (၁)ထပ်ပျဉ်ထောင် (၁)လုံးရှိပြီး တရားနိုင်များကိုယ်တိုင်နေထိုင်ပြီး တရားနိုင်ဒေါ်အေးအေးနှင့် ဒေါ်ဖြူဖြူလွင်တို့မှ ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသဖြင့် ဘီလစ်ဒေါ်ခင်ရူပလှိုင်၏ အရောင်းမြေပုံကူးလျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ (ဇ/မြောက်)ရပ်ကွက်၊ ရွာလယ်လမ်း၊ အမှတ်(၁၈)၊ RESIDENCE 18 CONDOMINIUM ခတ်လှေကားပါ ကွန်ဒိုတိုက်ခန်းအမှတ်(၃၁၀)၊ LEVEL–3၊ ဧရိယာ(၁၀၈၂) စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့်တကွ ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ပိုင်ဆိုင်ပြီး I–GREEN DEVELOPMENT & ENGINEERING GROUP Co., Ltd. (ကိုယ်စား) တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒါရိုက်တာဦးကျော်ကျော်နိုင် [၁၂/အလန(နိုင်)၀၀၀၁၃၁] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သော ဦးမင်းမင်းလတ် [၆/သရခ(နိုင်)၀၄၇၀၇၇]နှင့် ဒေါ်ဖြူပြာဆွေ [၆/ပလန(နိုင်)၀၅၉၆၄၂]တို့က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမင်းမင်းလတ်နှင့် ဒေါ်ဖြူပြာဆွေတို့၏ လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးအောင်သိန်း(LL.B)** | **ဒေါ်မေမီလှိုင် (LL.B, LL.M)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်–၃၄၃၂)** | **တရားလွှတ်တော်ရှေ့နေ (စဉ်–၉၇၆၅)** |
| **ဖုန်း–၀၉–၅၄၀၁၉၄၀** | **ဖုန်း–၀၉–၄၂၈၂၇၃၁၃** |

**အမှတ်(၁၆၅)၊ ပထမထပ်၊ (၃၈)လမ်း(အလယ်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–ဇ၊ မြေကွက်အမှတ်–၁၉၀၊ ၂၀၀၀ စ/ပေ၊ မြေကွက်တည်နေရာအမှတ်(၁၉၀)၊ သုခမ္မာလမ်းမ၊ (ဇ)ရပ်ကွက်၊ ဦးအေးဖေ (CE–053049)၊ ဦးတင်စိန် (N/OKA–009052)၊ ဦးမင်းမော် (N/OKA–048871)၊ မမြဝင်း (H/RGN–038230) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား မြေအမည်ပေါက် ဦးအေးဖေ၊ ဦးတင်စိန်၊ ဦးမင်းမော်၊ မမြဝင်းတို့ထံမှ (၁၀–၆–၂၀၀၆) ရက်စွဲပါ အရပ်ကတိစာချုပ်ဖြင့်ဝယ်ယူသူ ဦးစိုးမြင့်မှ မရမ်းကုန်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်–၃၅/၂၀၂၃ ဖြင့် ဦးအေးဖေ+၃ တို့အပေါ် ပဋိညာဉ်အတိုင်း အိမ်ခြံမြေမှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုစွဲဆိုခဲ့ရာ (၃၁–၃–၂၀၂၃) ရက်နေ့က အထက်ဖော်ပြပါမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အပေါ် ပဋိညာဉ်ချုပ်ဆိုထားသည့်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးရန် အမိန့်ရရှိခဲ့ပြီး ယင်းတရားရုံး၏ တရားမဇာရီမှုအမှတ်–၅၅/၂၀၂၃/၈–၆–၂၀၂၃ ရက်စွဲပါအမိန့်အရ တရားရှုံးကိုယ်စား ဘီလစ်ဒေါ်ခင်နှင်းရီ [၁၂/မရက(နိုင်)၁၅၃၈၂၆] မှ ဖော်ပြပါတရားရုံးအမိန့်များ၊ ဘီလစ်ခန့်အပ်စာနှင့် ဂရန်မူရင်း၊ ဂရန်အမည်ပေါက် ဦးအေးဖေ၊ ဦးတင်စိန်၊ ဦးမင်းမော်၊ မမြဝင်း(တရားရှုံးများ)တို့မှ ၁၉၉၈ ခုနှစ်တွင် မြေပုံကူးလျှောက်ထားသည့်မှတ်ချက်ရှိသဖြင့် ရှင်းလင်းရန်အတွက် အကြောင်းကြားခြင်းကိစ္စနှင့်စပ်လျဉ်း၍ တရားနိုင်ဖြစ်သူ မိမိမှ ၎င်းတို့လျှောက်ထားချက်အပေါ်တွင် တစ်စုံတစ်ရာသိရှိခြင်းမရှိသည်မှာ မှန်ကန်ကြောင်းနှင့် ၎င်းတို့လျှောက်ထားသည့်ကိစ္စနှင့်ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာမရှိပါကြောင်းနှင့် ပြဿနာပေါ်ပေါက်လာပါက မိမိမှ တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ပါကြောင်း ဝန်ခံကတိပြုကျမ်းကျိန်လွှာအမှတ်–၃/၂၆၅/၂၀၂၄/၅–၃–၂၀၂၄ ဖြင့် ဝင်စာအမှတ်–၃၁၃၂/၆–၃– ၂၀၂၄ ဖြင့်တင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဗမာအေး၊ မြေကွက်အမှတ်–၃၁၉၊ ဧရိယာ(၀.၀၂၈)ဧက၊ မြေကွက်တည်နေရာအမှတ်–၃၁၉၊ ကန်သာယာလမ်း၊ ဗမာအေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဦးထွန်းတင် (WKA–၀၂၉၉၉၈)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ဦးထွန်းတင်၊ ဦးအောင်အောင်တို့အပေါ် တရားပြိုင်ထားကာ ဒေါ်သန်းသန်းထွေး၊ ဒေါ်တင်အေးတို့မှ တရားလိုပြုလုပ်၍ ဒေါပုံမြို့နယ်တရားရုံး၌ ၂၀၁၉ ခုနှစ်၊ တရားမကြီးမှုအမှတ်–၄၃ ဖြင့် ပဋိညာဉ်အတိုင်း မြေနှင့်အိမ် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခြင်းအပေါ် အနိုင်ဒီကရီချမှတ်သည့် (၂၈–၈–၂၀၂၀) ရက်စွဲပါ စီရင်ချက်နှင့် ဒီကရီအမိန့်၊ တာဝန်ခံမိတ္တူမှန်၊ ဒေါပုံမြို့နယ်တရားရုံး၊ ၂၀၂၂ ခုနှစ်၊ တရားမဇာရီမှုအမှတ်–၁၄/၂၀၂၂ ၏ (၃–၂–၂၀၂၂)ရက်စွဲပါ တရားရုံးနေ့စဉ်မှတ်တမ်း၊ တာဝန်ခံမိတ္တူမှန်၊ ဒေါပုံမြို့နယ်တရားရုံး၏ (၃–၄–၂၀၂၃) ရက်စွဲပါစာအမှတ်–၇၃(က)/၁၃–၁/၂၀၂၃ ဖြင့် ဘီလစ်ခန့်စာတို့အရ တင်ပြ၍ တရားရှုံးများကိုယ်စား ဘီလစ်ဦးဆောင်းလွင်ဦး[၁၂/တမန(နိုင်)၀၂၉၅၃၁]မှ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ ဒေါပုံမြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ရုံး၏ အခွန်ကြွေးကျန်ကင်းရှင်းကြောင်း ထောက်ခံစာ၊ မြေစာရင်းမှတ်ချက်ရှိ ၁၉၉၈ ခုနှစ်တွင် ဒေါ်ကြည်ကြည်ဝင်းမှ မြေကွက်အမှတ်–၃၁၉ နှင့်ပတ်သက်၍ ၎င်းသဘောတူညီချက်တစ်စုံတစ်ရာမရရှိဘဲ မြေပုံမြေရာဇဝင်ကူးယူခြင်းမပြုပါရန် ကြိုတင်ကန့်ကွက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်စာတင်သွင်းထားသူ ဒေါ်ကြည်ကြည်ဝင်းကိုလည်း မသိရှိသကဲ့သို့ ဒေါ်ကြည်ကြည်ဝင်းကို ရှာဖွေစုံစမ်းသော်လည်း မတွေ့ရှိပါကြောင်း၊ ဂရန်မူရင်း၊ မြေကွက်နှင့် နေအိမ်တို့မှာလည်း ကျမ်းကျိန်ဆိုသူများ၏ လက်ဝယ်တွင်ရှိပြီး ယခုတိုင် ပိုင်ဆိုင်နေထိုင်လျက်ရှိသည်မှာ မှန်ကန်ပါကြောင်းနှင့် ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါက တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း တရားရုံးကျမ်းကျိန်လွှာ ပူးတွဲ၍ ဒေါ်တင်အေး၊ ဒေါ်သန်းသန်းထွေးတို့၏ (၃၀–၁–၂၀၂၄) ရက်စွဲပါ တင်ပြစာတို့တင်ပြ၍ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## "ဒဂုံမြို့သစ်မြေကွက်များ ဝယ်လိုပါသည်"

ဒဂုံဆိပ်ကမ်း(၅၉၊ ၆၀၊ ၆၁၊ ၇၇၊ ၇၈၊ ၇၉၊ ၈၀၊ ၈၁၊ ၈၂၊ ၈၃၊ ၈၄၊ ၈၅၊ ၈၆၊ ၈၇၊ ၈၈၊ ၈၉၊ ၉၀၊ ၉၁၊ ၁၆၈)၊ ဒဂုံအရှေ့ပိုင်း(၁၄၊ ၁၅၊ ၁၀၈၊ ၁၁၈၊ ၁၁၉၊ ၁၂၀၊ ၁၂၂၊ ၁၂၃၊ ၁၂၄၊ ၁၂၅၊ ၁၂၆၊ ၁၂၇၊ ၁၂၉၊ ၁၃၀၊ ၁၃၁၊ ၁၃၂၊ ၁၃၄၊ ၁၃၅၊ ၁၃၆၊ ၁၃၇၊ ၁၃၈၊ ၁၃၉၊ ၁၅၇၊ ၁၅၈၊ ၁၅၉၊ ၁၆၀) တောင်ပိုင်း(၁၄၅၊ ၁၄၆၊ ၁၄၇၊ ၁၅၀၊ ၁၅၁၊ ၁၅၂၊ ၁၅၃၊ ၁၅၄)ရပ်ကွက်များရှိ မြေကွက်များအား ပိုင်ရှင်ထံမှ တိုက်ရိုက်ဝယ်ယူလိုပါသည်။

**ဆက်သွယ်ရန် Ph:01-7539922, 09-798891857, 09-5134630**

## "ကန့်ကွက်နိုင်ပါကြောင်း"

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ ရွှေဟသာ်လမ်း၊ အမှတ်(၁၂)နေ ဦးအောင်သန်းဇော် [၈/ဆဖန(နိုင်)၁၅၀၃၇၅] သည် (၂-၉-၂၀၁၉)ရက်နေ့တွင် Farmer Auto Trading Co.,Ltd.မှ ISUZU Light Truck (4G/4848)ယာဉ်အား MCB Bank နှင့် ချိတ်ဆက်၍(HP)အရစ်ကျစနစ်ဖြင့်ဝယ်ယူခဲ့ပြီး လစဉ်ပေးသွင်းရမည့်ငွေများကို ပေးသွင်းရန် ကျန်ရှိနေပါသည်။ ယခုအခါ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ကမ္ဘာအေးဂမုန်းပွင့်ကွန်ဒို၊ အခန်းအမှတ်(5J)နေ ဦးအောင်မင်းထွန်း [၇/ပတန(နိုင်)၀၈၃၅၉၂]သည် ၎င်းလက်ဝယ်တွင် အဆိုပါယာဉ်၊ ဗိုးတက်မူရင်း၊ မော်တော်ယာဉ်နှင့် ဝယ်ယူထားသောစာချုပ်တို့အားတင်ပြ၍ ပေးသွင်းရန်ကျန်ငွေများကို တစ်လုံးတစ်ခဲတည်းပေးသွင်းပြီး ယာဉ်ပိုင်ဆိုင်မှုစာအုပ် (Owner Book)မူရင်းအား ထုတ်ယူရန် Farmer Auto Trading Co.,Ltd.ထံသို့ တောင်းဆိုလာသောကြောင့် ထုတ်ပေးတော့မည်ဖြစ်ရာ ဦးအောင်သန်းဇော်နှင့်တကွ မည်သူမဆို အထောက်အထားမူရင်းများနှင့်တကွ ယခုကြေညာစာပါသည့်နေ့မှစ၍ (၅)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ Farmer Auto Trading Co.,Ltd.ထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**Farmer Auto Trading Co.,Ltd၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သူသူထွန်း ( LL.B, D.B.L,WIPO-Switzerland)**
**တရားလွှတ်တော်ရှေ့နေ ( စဉ်-၁၀၉၆၆)**
**အမှတ်(၄၄၀)၊ ဝေဇယန္တာလမ်း၊ (၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၀၀၅၃၂၇၂**

## ကန့်ကွက်နိုင်ပါသည်

**ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ The Gems Garden Condominiums ၊ အင်းစိန်လမ်း၊ တိုက်အမှတ်(07-01)၊ တိုက်နံပါတ်(၁)၊ ဧရိယာ(1505) sq.ft** အကျယ်အဝန်းရှိသော ကွန်ဒိုတိုက်ခန်း၏ အမည်ပေါက်သူ Capital Development Limited ထံမှ အရပ်ကတိစာချုပ်ဖြင့်ဝယ်ယူထားသူ **ဦးသန်းနိုင်ဝင်း[၉/မကန(နိုင်)၀၈၄၃၈၃]**က တရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောဆိုသဖြင့် အထက်ပါ ကွန်ဒိုတိုက်ခန်းအား အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်၏မိတ်ဆွေဖြစ်သူ **ဦးအောင်သူဟိန်း [၁၂/လမတ(နိုင်)၁၃၅၄၇၆]**က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို **(၂၉-၃-၂၀၂၄)**ရက်နေ့တွင် ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့နှင့် ကွန်ဒိုတိုက်ခန်းပိုင်ရှင်ထံသို့ ပိုင်ဆိုင်မှု အထောက်အထား စာချုပ်စာတမ်းမူရင်းများကိုကိုင်ဆောင်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြုလုပ်သည့် ကွန်ဒိုတိုက်ခန်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သန်းမြင့် (LLB, WIPO, Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၇၇၄ )**
**၄၃၊ သီတာလမ်း၊ ရန်အောင်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၉၆၇၆၈၃၂၀၄၊ ၀၉-၄၅၀၂၇၉၄၆၈**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သာစု(အရှေ့)ရပ်ကွက်၊ နိဗ္ဗာန်လမ်း၊ မြေကွက်အမှတ်(V-၃၂)၊ အိမ်အမှတ်(၂၄)ဟု ခေါ်တွင်သည့် မြေကွက်ပေါ်ရှိ (၂)ခန်းတွဲ၊ (၈)ထပ်၊ (Lift)ပါ မီနီကွန်ဒို အဆောက်အဦ၏(၆)လွှာ၊ (ခေါင်းရင်းခန်း)၊ အခန်းအမှတ်(6-A)၊ (အလျား ၁၈ ½ ပေ x အနံ ၅၈ပေ)၊ အကျယ်အဝန်းရှိ တိုက်ခန်း (၁)ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို မြေရှင်/ကန်ထရိုက်တာဖြစ်သူ ဦးမြင့်ကြည်ထံမှ လက်ရှိဝယ်ယူ ပိုင်ဆိုင်ထားသူ ဒေါ်ရင်မြင့်[၁၂/မရက(နိုင်)၀၃၈၀၅၅]မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟုဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ဝတ်ရည်ပြုံး[၁၂/ကမတ(နိုင်)၀၇၀၃၄၅]မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမောင်မောင်ချစ်(စလင်း) LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၄၇)**
**Ph-09-954280932**
**အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊**
**(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**

**ဒေါ်မိုးယုနွယ်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၂၄)**
**LL.B, D.B.L, D.I.L, D.M.L,**
**WIPO(Switzerland)**
**Ph:09-420080932, 09-983837110**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သာစုအနောက်ရပ်ကွက်၊ သာစုလမ်း၊ အမှတ်-၂၁၊ မြေညီထပ်(ထပ်ခိုးအပါ)၊ ခြေရင်းခန်းဟု ခေါ်တွင်သော တိုက်ခန်းကို လက်ရှိလက်ဝယ်ပိုင်ဆိုင်ထားပြီး အရောင်းအဝယ်ပြုလုပ်ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးမျိုးလွင် [၁၂/ကတတ(နိုင်)၀၂၂၉၈၈]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဒေါ်စန္ဒာခိုင် [၁၁/ပတန(နိုင်)၀၂၆၁၁၉]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ထိုတိုက်ခန်းနှင့်ပတ်သက်ပြီး ကန့်ကွက်ရန်ရှိပါက မည်သူမဆို ကျွန်ုပ်တို့ထံသို့ ဤသတင်းစာပါသည့်နေ့မှ (၅)ရက်အတွင်း အထောက်အထား အပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ (၅)ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ -**
**ဦးသူရိန်မြင့် LL.B (စဉ်-၉၅၂၁/၂၀၁၃ ခုနှစ်)**
**ဒေါ်ဆုမွန်ဆွေ LL.B,D.B.L(စဉ်-၁၂၈၁၈/ ၂၀၁၇ ခုနှစ်)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်-၃၁၊ ဆင်ရေကန်လမ်း၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၅၀၅၉၈၂၂၊ ၀၉-၇၉၅၇၉၀၇၆၇**

## အစုရှယ်ယာလျှော့ချခြင်း

ကျွန်တော်များ **BALA HTUT KHAUNG COMPANY LIMITED** ၏ အစုရှယ်ယာတန်ဖိုးအား ကျပ် ၅၀၀,၀၀၀,၀၀၀/- (ကျပ်သိန်းငါးထောင် မှ ကျပ် ၅၀,၀၀၀,၀၀၀/-(ကျပ်သိန်းငါးရာ)သို့ ပြင်ဆင်လျှော့ချလိုက်ပါကြောင်း။

**BALA HTUT KHAUNG COMPANY LIMITED**
**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဝင်းထိုက်အောင်**
**အထက်တန်းရှေ့နေ (စဉ်-၄၃၈၂၂)**
**အမှတ်-၂၁၊ ကနကမာလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၉၇၇၄၀၀၉၅၉**

## "အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်၊ မြယမုံ(၂)လမ်း၊ အမှတ်(၆၆)၊ မြယမုံကမ်းသာယာအိမ်ရာနေ အဖ(ဦးစောရွှေ)၏ သား ဦးရဲထွဋ်ဦး [၁၂/ဗဟန(နိုင်)၀၁၅၇၅၇]နှင့် အဖ(ဦးကျော်ငွေး)၏ သမီး ဒေါ်မို့မို့ကျော် [၁၂/ဥကမ(နိုင်)၀၂၆၆၁၅] တို့သည် (၂၂-၁၂-၁၉၉၉) ခုနှစ်တွင် တရားဝင်လက်ထပ်ထိမ်းမြားခဲ့ပြီး သမီး သုံးဦး ထွန်းကားခဲ့ပါသည်။ ကျွန်တော်၊ ကျွန်မတို့သည် ယနေ့တိုင် အထက်ပါလိပ်စာတွင် အတူနေထိုင်လျက်ရှိကြပြီး ယခုတိုင်တရားဝင် လင်မယားများ ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ဦးရဲထွဋ်ဦး [၁၂/ဗဟန(နိုင်)၀၁၅၇၅၇]**
**ဒေါ်မို့မို့ကျော် [၁၂/ဥကမ(နိုင်)၀၂၆၆၁၅]**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၂)၊ ကျောင်းလမ်းသွယ်၊ မြေကွက်အမှတ်(၂၂၀)ဟု ခေါ်တွင်သော မြေအကျယ်အဝန်း ( အလျား ၅၀ ပေ x အနံ ၆၀ ပေ)ရှိ မြေကွက်နှင့်စပ်လျဉ်း၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ ဒေါ်နန်းညွန့်မေ[၁၃/တကန(နိုင်)၀၈၅၇၀၀] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်အမည်ပေါက်၍ လက်ရှိထားကာ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်နန်းညွန့်မေ [၁၃/တကန( နိုင် )၀၈၅၇၀၀] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးဇာဇာဝင်း[၉/ဂတန(နိုင်)၁၀၉၀၇၀]နှင့် ဦးသက်မိုးဦး[၁၂/မဘန(နိုင်)၁၂၀၅၅၇]တို့သည် အပြီးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို (၂၉-၃-၂၀၂၄)ရက်နေ့တွင် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်မာသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်မျိုးချစ် (LLB)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၂၇၄)**

**ဒေါ်သက်ဝေအောင် (LLB)**
**အထက်တန်းရှေ့နေ(စဉ်-၅၀၀၁၆ )**

**တိုက်(B-8)၊ အခန်း(၂၀၄)၊ ဗိုလ်မင်းရောင်အိမ်ရာ၊ (၄၂)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**Ph:09-778849700, 09-773562082**

## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂)ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်-၄၂၊ မြေကွက်အမှတ်-၄၃၇၊ အကျယ်အဝန်း-(၄၀ပေ x ၆၀ပေ)ရှိ ဦးမောင်ညို(S/OKA-၀၄၆၃၅၃) အမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါ မြေကွက်နှင့်နေအိမ်အား အရောင်းစာချုပ်အဆက်စပ်ဖြင့်ပိုင်ဆိုင်သူ **ဒေါ်သန်းသန်းအေး [၁၂/ဥကမ(နိုင်)၀၇၆၀၅၁]**မှ ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံ၍ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထား (မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးခင်မောင်ချို LL.B, D.B.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၄၄၄)**

**ဒေါ်သီတာအောင် LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၆၀၀)**

**၀၉-၄၄၃၀၇၁၉၈၅၊ ၀၉-၆၈၅၆၈၇၆၈၀**
**အမှတ်-၆၆၊ သီရိလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့၊ အလယ်ပိုင်းရပ်ကွက်၊ ဒေါ်နလမ်း၊ အမှတ်(၈)နေ (အဖ)ဦးမြစံ၏သမီး ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နန့်အေးဝင်း[၁၄/ပတန(နိုင်)၁၁၁၃၁၁]သည် ပန်းတနော်မြို့၊ မြို့ကွက်သစ်ရပ်ကွက်၊ အကွက်(၂)၊ မာလာမြိုင်(၇)လမ်းရှိ ဦးပိုင်အမှတ်(၃၆၂)၊ မြေဧရိယာ(၀.၀၉၂)၊ (အလျား ၁၀၀ပေxအနံ ၄၀ပေ)ရှိ ဒေါ်နန့်အေးဝင်း အမည်ပေါက်(ပါမစ်)မြေကို ရောင်းချမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အဆိုပါ(ပါမစ်)မြေကို ရောင်းချမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဒေါ်နန့်အေးဝင်း**
**[၁၄/ပတန(နိုင်)၁၁၁၃၁၁]**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးညီညီအောင် (စဉ်-၁၄၃၇၁)**
**LL.B, DL.101 WIPO (Switzerland),**
**Diploma in Software Engineering,**
**Diploma in English**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၃၆)၊ ၃-လွှာ (B)၊ ၈၈-လမ်း၊ ကန်တောင်ရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၃၁၆၀၁၈၆၊ ၀၉-၇၇၈၉၂၀၃၂၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဂ)၊ မြေကွက်အမှတ်(၂၇၃ ½ ) မြေကွက်လိပ်စာအမှတ်(၂၇၃၂ ½ )၊ ခေမာသီလမ်း၊ (ဂ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်ဟု ခေါ်တွင်သော မြေအကျယ်အဝန်း (၂၀x၆၀) ပေရှိ ဦးကိုကိုကြီး(CE-၁၁၀၉၀၃)အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် တကွ ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မိမိကသာလျှင် ပိုင်ဆိုင်ကြောင်း၊ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်တင်တင်ရီ [၁၂/ဥကမ(နိုင်)၀၃၆၃၇၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်အေးဝင်း [၁၂/ဥကမ(နိုင်)၀၈၉၉၇၇] က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သီတာအေး (LL.B, D.B.L, D.M.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၅၀၇)**
**အမှတ်(၁၆၇)၊ ရော(၉)လမ်း၊ (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၅၀၄၀၆၉၄၊ ၀၉-၇၆၅၀၄၀၆၉၄**

## ပြင်ဆင်ဖတ်ရှုပါရန်

(၂၆-၃-၂၀၂၄)ရက်စွဲပါ ကြေးမုံသတင်းစာ၊ စာမျက်နှာ(၂၈)ပါ အထက်တန်းရှေ့နေ ဦးသက်နိုင်ဦး ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း ကြော်ငြာတွင် ဗညားဒလလမ်း၊ အမှတ်(၃၁၃/၃၃၃)၊ မြေညီထပ်(အလယ်ခန်း)၊ အခန်းအမှတ်(၃)ဟု မှားယွင်းဖော်ပြခဲ့မိပါ၍ ဗညားဒလလမ်း၊ အမှတ်(၃၃၁)၊ မြေညီထပ်(အလယ်ခန်း)၊ အခန်းအမှတ်(၃)ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အေးမေတ္တာရပ်ကွက်၊ အောင်ချမ်းသာတိုးချဲ့၊ မြေကွက်အမှတ်(၂၀၀၅)၊ ဧရိယာ(၄၀' x ၆၀')၊(၂၄၀၀)စတုရန်းပေရှိ ပါမစ်မြေအမျိုးအစားနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်တိုးတိုးလွင်[၁၂/သကတ(နိုင်)၀၆၇၆၃၂]မှ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးမြင့်သူ [၈/ပမန(နိုင်)၀၁၀၁၃၃]မှ အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများဖြင့် ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဇော်မြင့်ထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၈၂၉)**

**ဒေါ်ခင်သူဇာအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၁၉၆)**

**အမှတ်-၆၂၊ အခန်း-၁၉၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်းနှင့်**
**ကုန်သည်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၀၀၉၉၁၄၈၊ ၀၉-၄၂၈၀၄၉၁၄၁**

## "ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ တိုးချဲ့(၂)၊ အမှတ်(၅၁၂) ဟုခေါ်တွင်သော၊ မြေကွက်အကျယ်အဝန်း ဧရိယာ(အလျား ၄၀ပေxအနံ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်ခင်သီတာ [၁၂/ဥကတ(နိုင်)၀၈၅၅၃၉]ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးကြည်မိုး[၅/ပလန(နိုင်)၀၉၃၇၅၄]+ဒေါ်ဇာခြည်ဝင်း [၇/ဖမန(နိုင်)၁၇၂၄၂၁] သည် ဖော်ပြပါမြေကွက်အား ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ပိုင်းကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှ (၇)ရက်အတွင်း မူရင်းစာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရောင်းအဝယ်အား ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မင်းမင်းစိုး(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၅၁၄ )**
**ရှေ့နေများရုံးခန်း၊ သန်လျင်ခရိုင်တရားရုံးရှေ့၊ အောင်မင်္ဂလာလမ်း၊ အောင်သိဒ္ဓိရပ်ကွက်၊ သန်လျင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၆၉၂၂၅၉၄၅၇၊ ၀၉-၇၅၀၁၁၁၀၉၅**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၇)၊ လူနေရပ်ကွက်အမှတ်(ဃ/၁၃)၊ ပန်းခြံ(၂)၊ ဆိပ်ကမ်းသာလမ်းပေါ်ရှိ မြေကွက်အမှတ်(၂၅)၊ မြေအမျိုးအစား(ပါမစ်မြေ)၊ မြေအကျယ်အဝန်း(၄၀x၆၀)ပေ အနက်မှ(၂၀x၆၀)ပေ(ခြေရင်းခြမ်း)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မြေအမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ခင်သန်းနွယ် (H/RGN-၀၀၃၄၆၆)ထံမှ ဒေါ်မြမြစံ[၁၂/လမန(နိုင်)၀၂၁၃၀၂] သည် "နှစ်ဦးသဘောတူ အဆင့်ဆင့်အဆက်စပ်အရောင်းအဝယ်စာချုပ်" များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်တို့၏မိတ်ဆွေ ဦးမျိုးဇော်[၁၂/ကမတ(နိုင်)၀၀၀၁၉၈]ထံ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်တို့၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးသူရလွင် (LL.M)**
**အထက်တန်းရှေ့နေ (စဉ်-၃၉၀၈၇)**

**ဒေါ်သက်သက်ဝင်းဝါ(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၄၁၃၉)**

**တိုက်အမှတ်(၄၁)၊ ပထမထပ်(A)၊ ဗဟန်း(၂)လမ်း၊ ဗဟန်းမြို့နယ်။ ဖုန်း-၀၉-၉၇၈၈၀၉၉၃၅၊ ၀၉-၇၈၉၆၅၉၉၄၁**

## အများသိစေရန်ကြေညာခြင်း

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ အေးသာယာမြို့နယ်၊ အကွက်အမှတ်(၃၅)၊ ဦးပိုင်အမှတ်(၁၇၃)၊ ဧရိယာ(၀.၁၂၂)ဧက၊ (၅၃၁၄)စတုရန်းပေရှိ မြေကွက်ကို မြေပေးမိန့်အမှတ်(၃၁၀/၁၉၉၁-၁၉)ဖြင့် (၂၆-၄-၁၉၉၁)ခုနှစ်တွင် သက်ဆိုင်ရာမှ ဗိုလ်ကြီးတင်မောင်ဝင်း(ABN-၁၀၈၁၀၃)၏ အမည်ဖြင့် မြေနေရာချထားပေးခဲ့သော နှစ်(၃၀)ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရှုပ်အရှင်းကင်းရှင်း၍ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးစိုင်းရီတစ်[၁၃/တကန(နိုင်)၀၇၀၈၇၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးသိန်းနိုင်ဦး[၉/မခန(နိုင်)၀၀၅၆၈၅]က (၁၄-၁-၂၀၁၅)ရက်နေ့တွင် အဆိုပါမြေကွက်နှင့်သက်ဆိုင်သည့် ဂရန်မူရင်း၊ စာရွက်စာတမ်းမူရင်းတို့နှင့်တကွ မြေကွက်အား အပြီးအပိုင်ဝယ်ယူခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးသိန်းနိုင်ဦး၏ ခွင့်ပြုချက်မရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်း၊ လွှဲပြောင်းခြင်းများ မပြုလုပ်ပါရန် အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးသိန်းနိုင်ဦး၏ လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်သူဇာအောင် ( LL.B, D.I.L,D.B.L, Dip in HR )**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၉၅၀)**
**အမှတ်-၆၂၊ အခန်းအမှတ်(၉)၊ ပထမထပ်၊ ပန်းဆိုးတန်း(အောက်လမ်း)၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၆၉၂၂၂၀၁၀၀၊ ၀၉-၉၄၆၉၄၆၃၂၆**

## "အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက် (၁၄)၊ မင်းရဲကျော်ထင်လမ်း၊ မြေကွက်အမှတ် (၅၁၆) ဟုခေါ်တွင်သော အကျယ်အဝန်း အလျား (၄၀) ပေ × အနံ (၆၀) ပေ၊ မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မြို့မြေစာရင်းတွင် ဒုအရာခံဗိုလ် စန်းမောင် အမည်ပေါက် ပါမစ်မြေကွက်ဖြစ်ပြီး အဆိုပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်(အဆောက်အဦး) ရေ+မီး အပါအဝင် အိမ်ခြံမြေနှင့် ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင်ထံမှ ဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်နှောင်းဝသုန် (၁/ဗမန(နိုင်)၀၄၆၇၂၃) မှ လက်ရှိပိုင်ဆိုင်ပြီးရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်း ကင်းရှင်းကြောင်းဝန်ခံကတိပြုလျှက် အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းခြင်းကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နုနုအောင် (၁၁/အမန(နိုင်)၀၃၄၀၀၇) မှ အပြီးအပိုင် ဝယ်ယူရန်အတွက် အိမ်ခြံမြေတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရံငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်ရန်ရှိပါက (၁၄. ၄. ၂၀၂၄) ရက်နေ့ နောက်ဆုံးထားပြီး ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်း အပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အထက်ဖော်ပြပါ နှစ်ဦးသဘောတူ အိမ်ခြံမြေအပြီးအပိုင် အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်ဝင့်ဝင့်ထွန်း (LL.B)** တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၈၀၆၉)
အမှတ် (၁၂/၁၈၉)၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း ၀၉-၂၆၁၁၀၁၁၃၄

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **ခေါင်းဆောင်ဆိုသည်မှာ အကျင့်စာရိတ္တကောင်းရမည်၊ သမာသမတ်ရှိရမည်၊ လက်အောက်အပေါ် စိတ်ကောင်းစေတနာကောင်းရှိရမည့်အပြင် ကိုယ်ချင်းစာစိတ်နှင့် ကွပ်ကဲအုပ်ချုပ်သွားကြရမည်ဖြစ် ...**

❖ **အကျင့်စာရိတ္တကောင်းမွန်မှသာ လုပ်ဆောင်ပြုမူပြောဆိုချက်များ အောင်မြင်လာမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့တွင် ပြုလုပ်သော စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၅) သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြ အခမ်းအနား မိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)

# အာရှဖလား ဖူဆယ်ပြိုင်ပွဲ နောက်ဆုံးအဆင့်ယှဉ်ပြိုင်မည့် မြန်မာနှင့် အာဖဂန်နစ္စတန်အသင်း ခြေစမ်း

နေပြည်တော် မတ် ၃၀

၂၀၂၄ အာရှဖလား ဖူဆယ်ပြိုင်ပွဲ နောက်ဆုံးအဆင့်အတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ့လက်ရွေးစင်အသင်းနှင့် အာဖဂန်နစ္စတန်လက်ရွေးစင်အသင်းသည် မတ် ၃၀ ရက် ညနေပိုင်းက ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ-၁ သုဝဏ္ဏ၌ ကျင်းပသည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် အာရှဖလား ဖူဆယ်ပြိုင်ပွဲအတွက် အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိပြီး အာဖဂန်နစ္စတန်အသင်းနှင့် ခြေစမ်းခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ငြိမ်းမင်းစိုး၏ဂိုးဖြင့် ဦးဆောင်နိုင်သော်လည်း ပထမပိုင်းမှာပင် ချေပဂိုးပြန်ပေးခဲ့ရပြီး ပထမပိုင်းတွင် တစ်ဂိုးစီသရေကျနေသည်။ ဒုတိယပိုင်းတွင် မြန်မာအသင်းက ကစားသမားများ စမ်းသပ်ခဲ့ရာ အာဖဂန်နစ္စတန်အသင်းကို **စာမျက်နှာ ၁၆ ကော်လံ ၅ သို့** ❖






# နယူးကာဆယ်အသင်းက ဝက်စ်ဟမ်းအသင်းကို လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိ

ပရီမီယာလိဂ်ပွဲစဉ်(၂၉)ရဲ့ မတ် ၃၀ ရက်ညပိုင်းအစောဆုံးပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားခဲ့တဲ့ နယူးကာဆယ်အသင်းနဲ့ ဝက်စ်ဟမ်းအသင်းတို့ပွဲစဉ်မှာ အိမ်ရှင်အဖြစ် ညှော်ခံကစားခဲ့ရတဲ့ နယူးကာဆယ်အသင်းက ဧည့်သည်အဖြစ်လာရောက်ကစားခဲ့ရတဲ့ ဝက်စ်ဟမ်းအသင်းကို လေးဂိုး-သုံးဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။

နယူးကာဆယ်အသင်းနဲ့ ဝက်စ်ဟမ်းအသင်းတို့ပွဲစဉ်မှာ နယူးကာဆယ်အသင်းက ပထမပိုင်းပွဲကစားချိန် ခြောက်မိနစ်မှာ **စာမျက်နှာ ၁၆ ကော်လံ ၅ သို့** ❂

**ယနေ့ ဖတ်စရာ**

**နှမ်းသီးနှံစိုက်ပျိုးရာတွင် တောင်သူများ အကျိုးဖြစ်ထွန်းစေမည့် ဘောင်ကြီးတင်စိုက်ပျိုးနည်းနှင့် ပိုးမွှားရောဂါနှိမ်နင်းနည်းများအကြောင်း ဆွေးနွေး**

စာမျက်နှာ » ၁၂

**အာဖဂန်နစ္စတန်နိုင်ငံမြို့တော် ကဘူးလ်၌ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စီမံကိန်း ၁၆၅ ခု အကောင်အထည်ဖော်ဆောင်မည်**



စာမျက်နှာ » ၁၃

**ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိအသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ရင်းနှီးငွေလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် သက်သာသော အတိုးနှုန်းဖြင့် ချေးငွေထုတ်ချေးပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိ**

စာမျက်နှာ » ၁၈

# မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ရွေးကောက်ပွဲကျင်းပ

နေပြည်တော် မတ် ၃၀

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်(MFF) ရွေးကောက်ပွဲညီလာခံ (MFF Elective Congress 2024) ကို ယနေ့နံနက်ပိုင်းက နိုဗိုတယ် ရန်ကုန်မက်စ်၌ ကျင်းပသည်။

ရွေးကောက်ပွဲတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က အဖွင့်အမှာစကားပြောကြားပြီး MFF ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အောင် (ဂိုး)က ရွေးကောက်ပွဲဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ၂၀၂၄-၂၀၂၈ သက်တမ်း အလုပ်အမှုဆောင်သစ်များ ရွေးချယ်ကြသည်။

**စာမျက်နှာ ၁၈ ကော်လံ ၃ သို့** ❍

